ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 27 September 2017 (၉၀၆၀)

ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

စစ်တွေမြို့ ကယ်ဆယ်ရေးစခန်းများမှ ပြည်သူများ မိမိနေရပ်သို့ပြန်လည်ထွက်ခွာ ငွေကျပ်နှစ်သောင်းစီနှင့် မိသားစုအသုံးအဆောင်ပစ္စည်းများ ကူညီထောက်ပံ့

စာမျက်နှာ - ၅

မြန်မာနိုင်ငံတွင် ပထမဆုံး ရွှေပဟိုဈေးကွက်ကြီး ထူထောင်မည်

စာမျက်နှာ - ၁၁

လေကြောင်းခရီးသည် သွားလာမှုအများဆုံး လေကြောင်းလမ်း ၂၀ မှာ အာရှတွင် တည်ရှိ

စာမျက်နှာ - ၄

မြန်မာ-တရုတ်ဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲရေး ကြိုးပမ်းဆောင်ရွက်သွားမည်

ဒုတိယသမ္မတ ဦးမြင့်ဆွေအား မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန် ကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် စက်တင်ဘာ ၂၆

(၆၈)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့်ဇနီး၊ သံအမတ်ကြီးများ၊ သံတမန်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားအတွင်း ပြသထားသည့်(၆၈)နှစ်မြောက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ရခိုင်ပြည်နယ်အခြေအနေနှင့်ပတ်သက်၍ စွပ်စွဲပြောကြားချက်များအပေါ်

ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း တုံ့ပြန်ပြောကြား

နယူးယောက် စက်တင်ဘာ ၂၆

နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပခဲ့သည့် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပြောကြားမှုအတွင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် နိုင်ဂျီးရီးယား၊ ပြင်သစ်၊ တူရကီ၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ ယူအေအီး၊ မလေးရှား၊ မော်လ်ဒိုက်၊ ချဒ်နိုင်ငံတို့က မြန်မာနိုင်ငံနှင့်ပတ်သက်၍ "ရက်စက်ကြမ်းကြုတ်ခြင်း(atrocities)" "မျိုးနွယ်စုအား သုတ်သင်ရှင်းလင်းခြင်း (ethnic cleasing)" စသည်ဖြင့် မှန်ကန်မှုမရှိသည့် စွပ်စွဲပြောကြားမှုများ ပြုလုပ်ခဲ့သည်။

အထွေထွေမူဝါဒရေးရာ ဆွေးနွေးပြောကြားမှု၏ နောက်ဆုံးနေ့ဖြစ်သည့် စက်တင်ဘာ ၂၅ ရက်တွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောကြားချက်များအား ပြန်လည်တုံ့ပြန်ချေပသည့် မိန့်ခွန်း(Right of Reply)တစ်ရပ် ပြောကြားခဲ့သည်။

အမြဲတမ်းကိုယ်စားလှယ်က ပြောကြားရာတွင် ရခိုင်ပြည်နယ်အခြေအနေကို မျိုးနွယ်စုအား သုတ်သင်ရှင်းလင်းခြင်း "ethnic cleansing" အဖြစ်အခြေအမြစ်မရှိဘဲ ထပ်တလဲလဲ စွပ်စွဲပြောကြားနေကြသည်မှာ အလွန်စိတ်မကောင်းဖွယ်ဖြစ်ကြောင်း၊ "ရက်စက်ကြမ်းကြုတ်ခြင်း(atrocities)" "မျိုးနွယ်စုအား သုတ်သင်ရှင်းလင်းခြင်း (ethnic cleansing)"၊ "လူမျိုးသုဉ်းသတ်ဖြတ်ခြင်း (genocide)" စသည့် အသုံးအနှုန်းများကို ပေါ့ပေါ့တန်တန် အသုံးမပြုသင့်ကြောင်း၊ ခိုင်မာသည့် သက်သေအထောက်အထားရှိမှသာ ယင်းစကားလုံးများကို သုံးနှုန်းရန်စဉ်းစားသင့်ပါကြောင်း၊ အချို့သော ကိုယ်စားလှယ်အဖွဲ့များက မြန်မာနိုင်ငံ၏ အခြေအနေနှင့်ပတ်သက်၍ "ရက်စက်ကြမ်းကြုတ်ခြင်း"၊ "မျိုးနွယ်စုအား သုတ်သင်ရှင်းလင်းခြင်း" စသည့် စကားလုံးများကို သုံးနှုန်း၍ ကိုးကားဖော်ပြနေခြင်းကို

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ကြေးမုံ

ယထာဘူတကျကျ ဆင်ခြင်ပြောဆိုသင့်

ကုလသမဂ္ဂအဖွဲ့အစည်းများသည် ကမ္ဘာပေါ်ရှိ နိုင်ငံများနှင့်လူသားများ ကြုံတွေ့ရင်ဆိုင်နေရသည့် ပဋိပက္ခများ၊ ပြဿနာများ၊ ဒုက္ခအခက်အခဲများအား ယထာဘူတကျကျ ဆင်ခြင်လေ့လာပြီး တရားမျှတစွာဖြင့် ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးသော အဖွဲ့အစည်းများဖြစ်သည်ဟု အကြမ်းဖျင်းအားဖြင့် ဆိုချင်ပါသည်။ မျက်မှောက်ကာလတွင် အချို့အဖွဲ့အစည်းများသည် မျက်မှန်စိမ်းတပ်ပြီး တစ်ဖက်ပိတ်အသိဖြင့် ရှုမြင်ပြောဆိုနေကြသည်ကို ကြားသိနေရသည်မှာ စိတ်မချမ်းမြေ့စရာဖြစ်သည်။

များသောအားဖြင့် လူ့အခွင့်အရေးအဖွဲ့အစည်း၊ ဒုက္ခသည်အဖွဲ့အစည်းတို့က ပြောဆိုတတ်ပြီး ဒုက္ခသည်အရေး၊ လူ့အခွင့်အရေးတို့ကို အမြင်တစ်မျိုးတည်း၊ ရှုထောင့်တစ်ခုတည်းမှ ရှုမြင်သုံးသပ်ခံစားတင်ပြနေကြသည်မှာ ကမ္ဘာ့လူသားအားလုံးတို့အပေါ်တွင် ကိုယ်စားမပြုခြင်း၊ မျှတစွာမမြင်ခြင်းသဘောဖြစ်သည်ဟု သုံးသပ်မိပါသည်။ အမှန်တကယ်တွင် ကမ္ဘာ့အဖွဲ့အစည်းများဖြစ်၍ လူသားအားလုံးတို့အပေါ်တွင် ယထာဘူတကျစွာဖြင့် ရှုမြင်ပြောဆိုသင့်သည်ဟု ဆိုချင်ပါသည်။

ယခင်ရက်က ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ဒုက္ခသည်စခန်းများသို့ ကိုယ်တိုင်သွားရောက်ပြီး ဒုက္ခသည်များအား တွေ့ဆုံမေးမြန်းကာ ပြည်ပအခြေစိုက်သတင်းဌာနများကို ထုတ်ဖော်ပြောကြားခဲ့သည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး၏ ပြောဆိုချက်များသည် တစ်ဖက်သတ်ဘက်လိုက်ပြောဆိုချက်များသာဖြစ်သည်ဟု သုံးသပ်မိပါသည်။

ဘင်္ဂလားဒေ့ရှ်ဘက်သို့ အစုအပြုံလိုက် ထွက်ပြေးလာသည့်အခြေအနေသည် ကမ္ဘာတွင် အရေးအကြီးဆုံး အရေးပေါ်အခြေအနေအဆင့်ရောက်နေကြောင်း၊ ကြားသိခဲ့ရသည့် အကြမ်းဖက်မှုအဖြစ်အပျက်များမှာ ကြောက်စရာကောင်းပြီး ဝမ်းနည်းကြေကွဲစရာကောင်းကြောင်း၊ နိုင်ငံတကာ၏ အကာအကွယ်ပေးမှုကို ခံစားထိုက်ကြောင်း၊ ဒုက္ခသည်များထွက်ပြေးရသည့်အကြောင်းအရင်းမှာ အကြမ်းဖက်မှုများကြောင့်ဖြစ်ပြီး အကြမ်းဖက်မှုများအား ချက်ချင်းရပ်ဆိုင်းဖို့ မြန်မာအစိုးရကို ၎င်းက တိုက်တွန်းကြောင်း ကြားသိလိုက်ရသည်။

အနီးပုဂ္ဂိုလ်ကြီး၏ ပြောဆိုမှုသည် တစ်ဖက်သတ်အသိ၊ ရှုထောင့်တစ်မျိုးတည်းအမြင်ဖြင့် ပြောဆိုလိုက်ခြင်းဖြစ်သည့်အပြင် ပကတိအရှိထက်ပို၍ အလွန်အကျွံခံစားတင်ပြခဲ့ခြင်းဖြစ်ကာ ထိုအရေးကို ကမ္ဘာပေါ်တွင် အရေးအကြီးဆုံးအရေးအဖြစ် ပုံဖော်ပြီး နိုင်ငံအများ အာရုံစိုက်ပါဝင်လာအောင် လှုံ့ဆော်ထားသည်ဟု ဆိုရမည်ဖြစ်သည်။ ထို့အပြင် ဖြစ်စဉ်ကို ပြောင်းပြန်ရှုမြင်ကာ အကြမ်းဖက်သူက အပြစ်မဲ့သူ၊ အကြမ်းဖက်ခံရသူက အပြစ်ကျူးလွန်သူအဖြစ် မုသာဝါဒပြောဆိုလိုက်သည်မှာ အံ့ဩစရာဖြစ်သည်။

ကမ္ဘာပေါ်တွင် ဒုက္ခသည်အစစ်အမှန်များ၊ ဒုက္ခသည်အမည်ခံများ အမြောက်အမြားရှိနေရာ မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ်များတွင်လည်း ဒုက္ခသည်များရှိနေသည်။ သို့ရာတွင် ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ဒုက္ခသည်များသာ ကမ္ဘာပေါ်တွင်အရေးအကြီးဆုံး၊ အကြမ်းဖက်ခံရသည့် ဝမ်းနည်းစရာအကောင်းဆုံး အဖြစ်မျိုးပြောဆိုခဲ့သည်မှာ တရားမျှတ၊ မှန်ကန်မှုမရှိသည့် အခြေအမြစ်မရှိသော တစ်ဖက်သတ် ဘက်လိုက်ပြောဆိုမှုများသာဖြစ်သည်ဟု ဆိုချင်ပါသည်။

ယခုအရေးတွင် ဒုက္ခရောက်ကြရသူများမှာ မည်သူတို့၏ လက်ချက်ကြောင့်ဖြစ်သည်ကို မှန်မှန်ကန်ကန် ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ တစ်ဖက်သတ် ဘက်လိုက်ပြောဆိုခဲ့ခြင်းသာဖြစ်သည်။ လက်ရှိအချိန်တွင် ၎င်းဒုက္ခသည်များ တစ်ဖက်သို့ထွက်မပြေးမီ အစွန်းရောက်အကြမ်းဖက်သမားများက လူမဆန်စွာရက်ရက်စက်စက် သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ပြီဟု သတ်မှတ်နိုင်သော ဟိန္ဒူဘာသာဝင်များနှင့် ဒေသခံတိုင်းရင်းသားများ၊ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ပြည်တွင်းဒုက္ခသည်စခန်းများတွင် ခိုလှုံနေသော ဒေသခံတိုင်းရင်းသားပေါင်းစုံတို့ကို မျက်ကွယ်ပြုထားသည်။ ထိုသို့ ရက်စက်ခဲ့ကြသူများမှာ မည်သူတို့ဖြစ်သည်၊ ရက်စက်ခံရသည့် အပြစ်မဲ့သူများမှာ မည်သူတို့ဖြစ်သည်ကို ခွဲခြားခြင်းမရှိသော ပြောဆိုမှုများအား ကန့်ကွက်ပါသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံများနှင့် ကမ္ဘာ့လူသားများအားလုံးကို ကိုယ်စားပြုသော ပုဂ္ဂိုလ်များအနေဖြင့် လူသားအားလုံးအပေါ်တွင် ဘက်လိုက်ခြင်းကင်းစွာဖြင့် တရားမျှတမှုရှိသင့်သည်ဟု ရှုမြင်ပါသည်။ ဒုက္ခအခက်အခဲကျရောက်နေသော လူသားအားလုံးအပေါ်တွင် မှန်မှန်ကန်ကန်ရှုမြင်ကာ သမာသမတ်ကျကျ ပြောဆိုကူညီသင့်သည်ဟု သုံးသပ်မိပါသည်။ ။

ဆဋ္ဌမအကြိမ်မြောက် ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၆

ဆဋ္ဌမအကြိမ်မြောက် ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် အမှတ် (၁၀) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက နိုင်ငံတကာတွင်ရှိသည့် ကျောင်းတွင်းအာဟာရ နို့တိုက်ကျွေးရေးအစီအစဉ်များကို ကြည့်မည်ဆိုပါက အိမ်နီးချင်း ထိုင်းနိုင်ငံတွင် အစိုးရဦးဆောင်လျက် အင်တိုက်အားတိုက် ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ဂျပန်နိုင်ငံတွင်လည်း နို့တိုက်ကျွေးရေးအစီအစဉ်ကို ၁၉၆၄ ခုနှစ်ကစ၍ ရေရှည်ဆောင်ရွက်ခဲ့သည့်အတွက် ကလေးငယ်များ ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးပြီး ကိုယ်ခန္ဓာ ထွားကြိုင်းလာသည်ကို တွေ့ရပြီး အာဖရိကနိုင်ငံဖြစ်သည့် ကင်ညာတွင်လည်း အဆိုပါအစီအစဉ်၏ ကုန်ကျစရိတ်ကို မိဘများက ကျခံပြီး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် အခြေခံပညာကျောင်းများ နို့တိုက်ကျွေးရေး ဆောင်ရွက်နိုင်ရန်အတွက် အစိုးရ၊ ပြည်သူများ၊ အလှူရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများ လက်တွဲဆောင်ရွက်ကြရန် ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ အထိမ်းအမှတ် အခမ်းအနားအစီအစဉ်မှတစ်ဆင့် တိုက်တွန်းပြောကြားလိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် အခြေခံပညာကျောင်းများ နို့တိုက်ကျွေးရေး အစီအစဉ်ကို အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်တိုက်ကျွေးခဲ့ပြီး ယခုအချိန်တွင် ခြောက်နှစ်တာ ကာလအတွင်း ရောက်ရှိခဲ့ပြီဖြစ်သည်။ အခြေခံပညာကျောင်းများ နို့တိုက်ကျွေးရေး ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးလွယ်ကူသည့် ဒေသများတွင် ပေါင်းတင်ပိုးသတ် သန့်စင်ပြီး နို့များကို ဦးစားပေးတိုက်ကျွေးကာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသများတွင် UHT (Ultra Heat Temperature) နို့ဘူးများ တိုက်ကျွေးလျက်ရှိသည်။ တိုက်ကျွေးမည့် နို့များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကျန်းမာကြောင်း စစ်ဆေးပြီး ထောက်ခံချက်နှင့် တိုက်ကျွေးခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ စတုတ္ထတန်းကျောင်းသူ မသံသာဖြိုးနှင့် ပုဗ္ဗသီရိမြို့နယ် အခြေခံပညာ မူလတန်းကျောင်း (ကြံဖိုစု)မှ စတုတ္ထတန်းကျောင်းသား မောင်မြတ်မင်းခန့်တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်းမှ စတုတ္ထတန်းကျောင်းသူ မယုဝတီခိုင်နှင့် ပျဉ်းမနားမြို့နယ် အခြေခံပညာ မူလတန်းလွန်ကျောင်း (ပေါင်းလောင်း)မှ တတိယတန်းကျောင်းသား မောင်စစ်ပိုင်လင်းတို့အား အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်က လည်းကောင်း၊ တတိယဆုရရှိသည့် တပ်ကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ စတုတ္ထတန်းကျောင်းသူ မဇေကရီမြင့်မိုရ်နှင့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၃) အခြေခံပညာ မူလတန်းလွန်ကျောင်းမှ စတုတ္ထတန်းကျောင်းသူ မသန့်ပြန့်ဖြူစင်တို့အား နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က လည်းကောင်း၊ နှစ်သိမ့်ဆုရရှိသည့် ကျောင်းသား ကျောင်းသူလေးဦးတို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဒေါက်တာ ခင်ဇော်တို့က လည်းကောင်း ဆုများချီးမြှင့်ကြသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်(ရွှေဈေး) ၉၄၄၅၀၀ - ၉၄၄၅၀၀၊ မန္တလေး(ရွှေဈေး) ၉၄၄၅၀၀ - ၉၄၄၅၀၀

စက်သုံးဆီဈေးနှုန်း		**ရန်ကုန်**	**မန္တလေး**
(က) ဒီဇယ်	တစ်လီတာ	၇၁၀/၇၃၀ ကျပ်၊	၇၅၀/၇၆၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၇၆၀/၇၇၅ ကျပ်၊	၈၀၀/၈၈၀ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၇၂၀/၇၄၀ ကျပ်၊	၇၈၀/၇၉၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၇၂၅/၇၅၀ ကျပ်၊	၇၇၀/၇၈၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၆၉၀/၆၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၅/၇၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၁၀ ကျပ်

၁၉-၉-၂၀၁၇ ရက်နေ့မှ ၂၅-၉-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၇၀ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၀၀ ကျပ်၊ ဒီဇယ် တစ်လီတာ ၆၈၃ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၁ ကျပ် ဖြစ်ပါသည်။ *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၃၆၀. ၀	(စ) အိန္ဒိယ	တစ်ရူပီး	=	၂၀. ၈၈၂
(ခ) ဥရောပ	တစ်ယူရို	=	၁၆၀၂. ၄	(ဆ) ဂျပန်	တစ်ရာယန်း	=	၁၂၁၈. ၆
(ဂ) တရုတ်	တစ်ယွမ်	=	၂၀၅. ၄၀	(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၉. ၆၆
(ဃ) ထိုင်း	တစ်ဘတ်	=	၄၁. ၀၆၃	(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၀၇၉. ၅
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၂၃. ၂၃	(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၀၆. ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

မိုးမောက်မြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

မိုးမောက် စက်တင်ဘာ ၂၆

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးမောက်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဖြူဝင်း ဦးစီးသည့် အရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက စက်တင်ဘာ ၂၃ ရက်က လောကမာန်ဇိန်ဘုရားဝင်းအတွင်း ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် အမှိုက်များ သိမ်းဆည်းခြင်းလုပ်ငန်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လွန်းနန်းထွေး(ပြန်/ဆက်)

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်တွင်းရေးရာ

☆ မြန်မာ-တရုတ်မှ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ် မြန်မာ-တရုတ် ချစ်ကြည်ရေးဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နိုင်ငံတော်သီချင်းများဖြင့် ဂုဏ်ပြုတီးမှုတ်ပြီးအခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် ဆယ်စုနှစ် ခြောက်ခုကျော်ကာလအတွင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူများနှင့်ခေါင်းဆောင်များ၏ မဆုတ်မနစ်သည့် ကြိုးပမ်းအားထုတ်မှုများကြောင့် ယနေ့တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ပြည့်စုံသာယာဝပြောခြင်းအစရှိသည့် အောင်မြင်မှုများကို ရရှိခဲ့ပါကြောင်း၊ ယနေ့တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာ့ဦးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလျင်မြန်ဆုံး နိုင်ငံတစ်နိုင်ငံအဖြစ်လည်းကောင်း၊ ကမ္ဘာ့ဒုတိယ စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ်လည်းကောင်း၊ ကမ္ဘာ့အရေးကိစ္စများနှင့် ကမ္ဘာ့စီးပွားရေးတွင် အရေးပါသည့်နိုင်ငံ တစ်နိုင်ငံအဖြစ်လည်းကောင်း ရပ်တည်လျက်ရှိပါကြောင်း၊ ပြီးခဲ့သည့်မေလအတွင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ရပ်ဝန်းနှင့်လမ်းကြောင်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းသည် တရုတ်နိုင်ငံ၏ခေတ်သစ်သမိုင်းတွင် ထူးခြားအောင်မြင်သည့် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါဖိုရမ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များ အတူတကွ စုဝေးတက်ရောက်ခဲ့ကြပြီး ရပ်ဝန်းနှင့်လမ်းကြောင်း မဟာဗျူဟာစီမံကိန်းတွင် အတူတကွ ပူးပေါင်း ဆောင်ရွက်သွားကြရေး ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့သည့်အပြင် တူညီသည့်အမြင်များကိုလည်း ဆွေးနွေးဖလှယ်နိုင်ခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်လာခဲ့ကြသည်မှာ ယခုနှစ်ဆိုလျှင် နှစ်ပေါင်း (၆၇)နှစ် ရှိပြီဖြစ်သော်လည်း နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်း ပီသသည့် ချစ်ကြည်ရင်းနှီးမှုသည် သမိုင်းတစ်လျှောက်တွင် နှစ်ပေါင်းရှည်ကြာစွာ ဖြစ်ထွန်းခဲ့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်ချိန်မှစတင်၍ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုနှင့် မြန်မာ-တရုတ်-အိန္ဒိယ သုံးနိုင်ငံတို့ အတူတကွရေးဆွဲ၊ ချမှတ်ကျင့်သုံးခဲ့ကြသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး ငါးရပ်နှင့်အညီ ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးကို ပိုမိုတောင့်တင်းခိုင်မာလာစေသကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ကျယ်ပြန့်နက်ရှိုင်းစွာ ဆောင်ရွက်ခဲ့ပါကြောင်း။

ပြီးခဲ့သည့် ဧပြီလနှင့်မေလအတွင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်များသည် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို တည်ဆောက်မြှင့်တင်နိုင်ခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးသည်လည်း ယခင်ကာလများထက် ပိုမိုနီးကပ်သည့် ဆက်ဆံရေးကို ရောက်ရှိခဲ့ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင် အကြီးမားဆုံးသော စီးပွားရေး မိတ်ဖက်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းထားရှိခဲ့ကြပါကြောင်း၊ ယခုကဲ့သို့ ကောင်းမွန်သည့်ဆက်ဆံရေးသည် အနာဂတ်ကာလတွင်လည်း ဆက်လက်တိုးတက်ဖြစ်ပေါ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနှင့်တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများသာမက ကုလသမဂ္ဂအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင်လည်း နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကို အစဉ်အမြဲထိန်းသိမ်းထားရှိခဲ့ကြပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အပြုသဘောဆောင်သည့် အကူအညီများနှင့် မြန်မာပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး ပံ့ပိုးကူညီလျက်ရှိသည့်အတွက် ပြည်သူများနှင့် အစိုးရကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ခိုင်မာသော ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်မြင့်မားစေရေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံပြည်သူများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သာယာဝပြောစေရေးအတွက် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က (၆၈)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုကိတ်မုန့်လှီးကြပြီး အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးနှင့် တက်ရောက်လာကြသူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့်ဇနီးတို့က (၆၈)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ တည်ထောင်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ဥပဒေပြုလွှတ်တော်မှ ပြဋ္ဌာန်းသော ဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ဖက်ဒရယ်စနစ်ရှိ ဥပဒေရေးရာ ပြန်လှန်သုံးသပ်ခြင်း ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၆

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၏ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိအမြင်ဗဟုသုတများ ကျယ်ပြန့်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးနှင့် International Institute For Democracy and Electoral Assistance (IDEA) တို့ပူးပေါင်း၍ "Interpretation of a Constitution and Statutes: Judicial Review in Federal Systems" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်တွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားပြီး International IDEA မှ Programme Manager, Ms. Annamari Salonen က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက်ဆွေးနွေးပွဲ ပထမနေ့ အစီအစဉ်များကို ဆက်လက်ပြုလုပ်ခဲ့ရာ ပါမောက္ခ Cheryl Saunders က "Potential Issues for Judicial Review in Federal Systems" ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ခုံရုံးသုတေသနအဖွဲ့မှ အရာထမ်းများ၊ IDEA မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐

✻ ရခိုင်ပြည်နယ်မှ

မြန်မာနိုင်ငံအနေဖြင့် အပြင်းအထန် ကန့်ကွက်ကြောင်း၊ အဆိုပါကိုယ်စားလှယ်အဖွဲ့များနှင့် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းအခြေအနေကို ဓမ္မဓိဋ္ဌာန်ကျကျနှင့်ဘက်လိုက်မှုမရှိဘဲ ရှုမြင်ကြရန် တိုက်တွန်းကြောင်း။

မြန်မာနိုင်ငံ၌ "မျိုးနွယ်စုအား သုတ်သင်ရှင်းလင်းခြင်း" မရှိကြောင်းကို ရှင်းလင်းစွာအသိပေးပြောကြားလိုပါကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်မှုလည်း မရှိပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အစီရင်ခံစာထုတ်ပြန်ပြီး နာရီပိုင်းအတွင်း ဩဂုတ် ၂၅ ရက်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရဲကင်းစခန်းပေါင်း ၃၀ ကျော်မှာ တစ်ပြိုင်တည်းအကွက်ကျကျ တိုက်ခိုက်မှုခံခဲ့ရပါကြောင်း၊ ယင်းတိုက်ခိုက်မှုများအား ARSA အဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ARSA ကို အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုများကြောင့် လူများအသက်အိုးအိမ်ဆုံးရှုံးခဲ့ရပြီး နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရပါကြောင်း၊ ထိုသို့ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသူ အမြောက်အမြားရှိပါကြောင်း။

မူဆလင်နှင့် ရခိုင်လူမျိုးများသာမက ဒိုင်းနက်၊ မြို၊ သက်၊ မရမာကြီးကဲ့သို့သော တိုင်းရင်းသားလူနည်းစုများနှင့် ဟိန္ဒူဘာသာဝင်များလည်း ပါဝင်ပါကြောင်း၊ ယင်းတိုင်းရင်းသားလူနည်းစုများတည်ရှိမှုနှင့် ၎င်းတို့၏ဒုက္ခကို ကမ္ဘာ့နိုင်ငံ အတော်များများက မသိရှိပါကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အထိခိုက်ခံနယ်မြေမှ မူဆလင်အသိုက်အဝန်းသည် သတင်းများတွင် အကျယ်တဝင့်ဖော်ပြနေကြသကဲ့သို့ လူနည်းစုမဟုတ်ပါကြောင်း၊ စင်စစ်အားဖြင့် လူဦးရေတိုးပွားလာမှုကြောင့် ၎င်းတို့မှာ လူများစုဖြစ်ပြီး ယင်းဒေသရှိ လူဦးရေစုစုပေါင်း၏ ၉၅ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် အခြေအနေပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိရန် ဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိအချိန်တွင် လူသားချင်းစာနာမှု အကူအညီပေးအပ်ရေးမှာ မိမိတို့၏ အဓိကဦးစားပေးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ခွဲခြားမှုမရှိဘဲ လိုအပ်နေသူများအားလုံး အကူအညီရရှိစေရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ထွက်ပြေးခဲ့ကြသည့် ဒုက္ခသည်များအား ၁၉၉၃ ခုနှစ် အတွေ့အကြုံအပေါ်အခြေခံ၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စိစစ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် စိစစ်ရေးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို အလျင်အမြန်ဖွဲ့စည်းသွားမည်ဟု ထည့်သွင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❂ ကျောဖုံးမှ

ယခုနှစ် မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်ဝင်ရောက်ခဲ့မှုတွင် လေကြောင်းဖြင့် လာရောက်သူများအနေဖြင့် ရန်ကုန်လေဆိပ်မှ ဝင်ရောက်မှုခရီးသည် ၇၂၂၇၈၂ ဦး၊ မန္တလေးလေဆိပ်မှ ဝင်ရောက်မှုခရီးသည် ၉၆၉၂၁ ဦး၊ နေပြည်တော်လေဆိပ်မှ ဝင်ရောက်မှုခရီးသည် ၁၁၀၂၄ ဦး စုစုပေါင်း လေကြောင်းခရီးစဉ်ဖြင့် ဝင်ရောက်သူစုစုပေါင်း ၈၃၀၇၂၇ ဦးရှိခဲ့ပြီး ရေကြောင်းခရီးစဉ်ဖြင့် လာရောက်လည်ပတ်ခဲ့သူမှာ ၅၂၂၈ ဦး ရှိခဲ့ကြောင်း သိရသည်။

ယင်းအပြင် နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ပြည်တွင်းအထိ ဝင်ရောက်ခဲ့သူတွင် တာချီလိတ်ဝင်ပေါက်မှ ၅၉၇၉ ဦး၊ မြဝတီဝင်ပေါက်မှ ၁၂၀၁၆ ဦး၊ ထီးခီးဝင်ပေါက်မှ ၁၀၀၆ ဦး၊ ကော့သောင်းဝင်ပေါက်မှ ၆၃၅၁ ဦး၊ တမူးဝင်ပေါက်မှ ၇၆ ဦး၊ မူဆယ်ဝင်ပေါက်မှတစ်ဦး စုစုပေါင်းနယ်စပ်ဝင်ပေါက်မှ ဝင်ရောက်ခဲ့သူစုစုပေါင်း ၂၅၄၂၉ ဦးရှိခဲ့ပြီး ပြည်တွင်းသို့ ပြည်ပဧည့်သည်များ ဗီဇာဖြင့် လာရောက်သူ စုစုပေါင်း ၈၆၁၃၈၄ ဦးရှိခဲ့ပြီး ယခင်နှစ် ကာလတူထက် ၁၀ ရာခိုင်နှုန်းခန့်တိုးတက်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

အလားတူ နယ်စပ်မြို့များသို့ ပြည်ပဧည့်သည်ဝင်ရောက်ခဲ့မှုတွင်လည်း တာချီလိတ်မြို့သို့ ၅၂၀၉၇၉ ဦး၊ ကော့သောင်းမြို့သို့ ၂၃၁၇၀၇ ဦး၊ မြဝတီမြို့သို့ ၈၁၀၃၀၊ ထီးခီးသို့ ၅၃၅၄ ဦး၊ မူဆယ် မြို့သို့ ၄၃၈၅၈၆ ဦး၊ လောက်ကိုင်မြို့သို့ ၃၇၉၇၈ ဦး၊ ချင်းရွှေဟော်သို့ ၄၁၃၄၃ ဦး၊ လွယ်ဂျယ်မြို့သို့ ၈၅၆၆ ဦး၊ ကန်ပိုက်တီမြို့သို့ ၂၃၇၁၄ ဦး၊ တမူးမြို့သို့ ၂၈၅၉၇ ဦး စုစုပေါင်း ၁၄၁၇၈၅၄ ဦး ရှိခဲ့ပြီး ယခင်နှစ်ထက် ၃၂ ရာခိုင်နှုန်း တိုးတက်များပြားလာကြောင်း သိရသည်။

ယခင်နှစ် နှစ်စမှ ဩဂုတ်လကုန်အထိ ပြည်ပဧည့်သည်ဝင်ရောက်မှုမှာ လေကြောင်းဖြင့် လာရောက်သူစုစုပေါင်း ၇၅၁၉၃၅ ဦးရှိခဲ့ပြီး နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်ခဲ့သူစုစုပေါင်းမှာ ၃၂၄၄၀ စုစုပေါင်း ပြည်ပဧည့်သည်များ ဗီဇာဖြင့် လာရောက်ခဲ့သူ ၇၉၂၇၅၄ ဦး ရှိခဲ့ကြောင်း စာရင်းများအရ သိရသည်။

ယင်းသို့ နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု တိုးတက်များပြားလာသော်လည်း အာဆီယံဒေသတွင်းနိုင်ငံများသို့ ဧည့်သည်ဝင်ရောက်မှုနှင့် နှိုင်းယှဉ်ပါက အဆမတန်နည်းပါးနေသေးကြောင်း ခရီးသွားလုပ်ငန်းရှင်များက သုံးသပ်သည်။ ဒေသတွင်းနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံကို သိရှိမှုနည်းပါးနေသေးပြီး ယင်းအတွက် နိုင်ငံ့ခရီးသွားကဏ္ဍမြှင့်တင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း သုံးသပ်ကြသည်။

ပြည်ပဧည့်သည်များလာရောက်မှု တဖြည်းဖြည်း တိုးတက်များပြားလာပြီး ပြည်တွင်းခရီးသွားမှုနှုန်းများလည်း တိုးတက်များပြားလာကြောင်း၊ အထူးသဖြင့် ယခုနှစ် ပွင့်လင်းရာသီ သီတင်းကျွတ်ပိတ်ရက်များအတွက် ခရီးစဉ်ကြိုတင်စီစဉ်မှု အထူးများပြားသည့်အပြင် မိုးရာသီကာလအတွင်းတွင်လည်း ခရီးသွားအထူးများပြားခဲ့ကြောင်း ပြည်တွင်းခရီးသွားဝန်ဆောင်မှုကုမ္ပဏီများထံမှ သိရသည်။

(ဝဝ၁)

အခြေခံစက်ချုပ်သင်တန်းဖွင့်

ပေါင် စက်တင်ဘာ ၂၆

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် သထုံခရိုင် ပေါင်မြို့နယ်၌ သင်တန်းသူ ၂၀ ဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းသည် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ သင်တန်းသူများ သင်တန်းတက်ရောက်စဉ်အတွင်း အခက်အခဲများရှိပါက တင်ပြရန်နှင့် ကျွမ်းကျင်အဆင့်သို့ရောက်ရှိအောင် ကြိုးစားသင်ယူလေ့လာကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

❐

အိန္ဒိယ၏ အင်္ဂါဂြိုဟ်ပတ်ယာဉ် ဂြိုဟ်ပတ်လမ်းအတွင်း

လှည့်ပတ်ကာ သတင်းအချက်အလက်များ ပေးပို့မှု သုံးနှစ်ပြည့်မြောက်

နယူးဒေလီ စက်တင်ဘာ ၂၆
အိန္ဒိယနိုင်ငံ၏ အင်္ဂါဂြိုဟ်ပတ်ယာဉ်သည် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း လှည့်ပတ်နေမှုမှာ စက်တင်ဘာ ၂၄ ရက်တွင် သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ အဆိုပါ ဂြိုဟ်ပတ်ယာဉ်သည် မိမိတို့ မျှော်လင့်ထားသည့်အတိုင်းပင် ပုံမှန်လှည့်ပတ်ကာ သတင်းအချက်အလက်များကို ပေးပို့လျက်ရှိကြောင်း အိန္ဒိယအာကာသသုတေသနအဖွဲ့ (အိုင်အက်စ်အာရ်အို)က စက်တင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။



အိန္ဒိယ အာကာသသုတေသနအဖွဲ့၏ နည်းပညာအောင်မြင်မှု ပြယုဂ်အဖြစ် ဂြိုဟ်နီကြီးဟု သိရှိကြသော အင်္ဂါဂြိုဟ်အနီးတစ်ဝိုက်ရှိ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်မှစ၍ လှည့်ပတ်နေစေရန် စီမံဆောင်ရွက်နိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် ပထမဆုံးအကြိမ် အင်္ဂါဂြိုဟ်ပတ်ယာဉ်ခရီးစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းဖြင့် အာကာသနည်းပညာမြင့်မားသော လက်ရွေးစင်အုပ်စုတွင် ပါဝင်လာနိုင်ပြီဖြစ်သည်။

-- တိုးတက် --

အင်္ဂါဂြိုဟ်ပတ်ယာဉ်က ပေးပို့သော သတင်းအချက်အလက်များကို သိပ္ပံနည်းကျသုတေသနပြု ဆန်းစစ်သောလုပ်ငန်းမှာ တိုးတက်လျက်ရှိကြောင်း အိုင်အက်စ်အာရ်အို ပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး ဒေဝီပရာဆတ်ကာနစ်က ပီတီအိုင် သတင်းဌာနသို့ ပြောကြားသည်။

အိုင်အက်စ်အာရ်အိုသည် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် အင်ဒရာပရာဒေ့ရှ်ပြည်နယ် ဆရီဟာရီကိုတာမြို့ရှိ အာကာသစခန်းမှနေ၍ ပြည်တွင်းဖြစ် ပီအက်စ်အယ်လ်ဗွီဒုံးပျံယာဉ်ကို အသုံးပြု၍ အင်္ဂါဂြိုဟ်ဆင်းယာဉ်ကို လွှတ်တင်ခဲ့သည်။ အဆိုပါယာဉ်သည် အင်္ဂါဂြိုဟ်၏ဂြိုဟ်ပတ်လမ်းကြောင်းသို့ ရောက်ရှိရန် အာကာသအတွင်း ကိုးလကြာမျှ ခရီးနှင်ခဲ့ရသည်။ အင်္ဂါဂြိုဟ်ပတ်ယာဉ်သည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ကမ္ဘာဂြိုဟ်၏ မြေဆွဲအားစက်ကွင်းမှ လွတ်မြောက်ခဲ့သည်ဆို၏။

ပီတီအိုင်။

လက်ယာစွန်းရောက်တို့၏ ဖိအားပေးမှုမှ ကြံ့ကြံ့ခံမည့် အာဏာရ ညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းရန် မာကယ်လ်ပြင်ဆင်

ဘာလင် စက်တင်ဘာ ၂၆
ဂျာမနီနိုင်ငံ၌ ဆယ်စုနှစ်ငါးစုကျော်ကာလတွင် ပထမဆုံးအကြိမ် လက်ယာစွန်းရောက် နိုင်ငံရေးသမားများ ပါလီမန်အတွင်းသို့ ဝင်ရောက်လာနိုင်ခဲ့ပြီးနောက် လက်ယာစွန်းရောက်တို့၏ဖိအားပေးမှုမှ ကြံ့ကြံ့ခံရပ်တည်နိုင်မည့် အာဏာရ ညွန့်ပေါင်းအဖွဲ့တစ်ရပ်ကို ဖွဲ့စည်းနိုင်ရန် လာမည့်ရက်သတ္တပတ်များအတွင်း ဝန်ကြီးချုပ် အိန်ဂျလာ မာကယ်လ်က ခက်ခက်ခဲခဲ ညှိနှိုင်း ဆွေးနွေးမှုများ ပြုလုပ်ရလိမ့်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျာမနီနိုင်ငံ၌ ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲရလဒ်အရ လက်ရှိဝန်ကြီးချုပ်မာကယ်လ်သည် စတုတ္ထမြောက်ရာထူးသက်တမ်း၌ ဆက်လက်ထမ်းဆောင်ခွင့်ရရှိရန် သေချာသွားပြီဖြစ်သည်။ သို့ရာတွင် ဝန်ကြီးချုပ်မာကယ်လ်၏ အာဏာရခရစ်ယာန်ဒီမိုကရက်ပါတီသည် ကြိုတင်ခန့်မှန်းခဲ့သလောက် မဲရရှိမှု ပိုမို လျော့နည်းသွားခဲ့ပြီး လက်ယာစွန်းရောက် ပါတီဖြစ်သော အော်လ်တာနေးတစ်ဖော် ဂျာမနီ(အေအက်ဖ်ဂျီ)ပါတီက ခန့်မှန်းခဲ့သည်ထက် မဲအရေအတွက် ပိုမိုရရှိခဲ့သည်။

စက်တင်ဘာ ၂၄ ရက်က ကျင်းပသော အထွေထွေ ရွေးကောက်ပွဲ၌ ဝန်ကြီးချုပ် မာကယ်လ်၏ ခရစ်ယာန်ဒီမိုကရက် ဦးဆောင်သော မဟာမိတ်အဖွဲ့က မဲအရေအတွက်၏ ၃၃ ရာခိုင်နှုန်းကို ရရှိခဲ့သည်။ ရွေးကောက်ပွဲရလဒ်မှာ အာဏာရပါတီအတွက် ၁၉၄၉ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးရလဒ်ဖြစ်ကြောင်း၊ သို့ရာတွင် ပါလီမန်၌ အကြီးဆုံးသော အင်အားစုအဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

၂၀၁၃ ခုနှစ် နောက်ပိုင်း မာကယ်လ်အစိုးရအဖွဲ့၏ မဟာမိတ်ဖြစ်သော ဆိုရှယ်ဒီမိုကရက်ပါတီမှာလည်း ဒုတိယကမ္ဘာစစ်ကာလနောက်ပိုင်း အဆိုးရွားဆုံးသော ရွေးကောက်ပွဲရလဒ်ကို ရရှိခြင်းဖြစ်သည်။

လက်ယာစွန်းရောက် အေအက်ဖ်ဂျီပါတီမှာမူ မဲအရေအတွက်၏ ၁၃ ရာခိုင်နှုန်းကို ရရှိခဲ့သည်။ အဆိုပါ ပါတီသည် ဆယ်စုနှစ် ခြောက်စုနီးပါးကြာကာလအတွင်း ပထမဆုံးအကြိမ် ပါလီမန်အတွင်းသို့ ဝင်ရောက်ခွင့်ရရှိသော အမျိုးသားရေးဝါဒီပါတီဖြစ်သည်။ **ရိုက်တာ။**

လေကြောင်းခရီးသည် သွားလာမှု အများဆုံး လေကြောင်းလမ်း ၂၀မှာ အာရှတွင် တည်ရှိ

ဟောင်ကောင် စက်တင်ဘာ ၂၆
ကမ္ဘာပေါ်ရှိ လေကြောင်းခရီးသည် သွားလာမှုအများဆုံး လေကြောင်းလမ်း ၂၀ စာရင်းတွင် ပါဝင်သော လေကြောင်းလမ်းအများစုမှာ အာရှဒေသမှ ဖြစ်ကြကြောင်း လေ့လာချက် စစ်တမ်းတစ်ရပ်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

လေကြောင်းခရီးသည် သွားလာမှု အများဆုံး ကမ္ဘာ့လေကြောင်းလမ်း ၂၀ အနက် အများစုမှာ အရှေ့အာရှဒေသမှဖြစ်ကြပြီး ဗြိတိန်နှင့် အမေရိကန်တို့ မပါဝင်ကြောင်း Routesonline ကမ္ဘာ့မြို့ပြလေကြောင်း ဖွံ့ဖြိုးရေးကွန်ရက်က ပြုလုပ်သော လေ့လာချက်စစ်တမ်းတွင် ဖော်ပြထားသည်။

ယခုနှစ် ဇူလိုင်လ အခြေပြု စာရင်းဇယားများအပေါ် အခြေခံ၍ စစ်တမ်းကောက်ယူရာတွင် လေကြောင်းခရီးသည်သွားလာမှုအများဆုံး လေကြောင်းလမ်းများတွင် ဟောင်ကောင်-တရုတ်တိုင်ပေ(ခရီးသည် ၄၅၁၈၀၁)၊ ဂျကာတာ-စင်ကာပူ(၃၂၂၄၈၈)၊ ကွာလာလမ်ပူ-စင်ကာပူ(၂၆၉၃၉၅)၊ ဆိုးလ်(အင်ချွန်း)-အိုဆာကာ(ကန်ဆိုင်း)(၂၃၃၉၂၀)၊ ဟောင်ကောင်-ရှန်ဟိုင်း(ဖူတုန်း)(၂၂၅၈၈၈) တို့ပါဝင်သည်။

-- ဝန်ဆောင်ပေး --

လေကြောင်းခရီးသည် သွားလာမှုအများဆုံး လေကြောင်းလမ်းများအနက် ခရီးအစပြုရာ သို့မဟုတ် ခရီးဆုံးပန်းတိုင်မှာ ဟောင်ကောင်ဖြစ်ပြီး ဟောင်ကောင် ချက်လက်ကော့လေဆိပ်သည် ဇူလိုင်လ တစ်လတည်းမှာပင် ဟောင်ကောင်-တရုတ်တိုင်ပေ လေကြောင်းလမ်းအတွက် ခရီးသည် ၄၅၀၀၀၀ ကျော်အတွက် ဝန်ဆောင်ပေးခဲ့သည်။

ရိုက်တာ။

ပါလက်စတိုင်းသေနတ်သမားပစ်ခတ်၍ အစ္စရေး လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဟာအဒါ (အနောက်ဘက်ကမ်း) စက်တင်ဘာ ၂၆
အသိမ်းပိုက်ခံ အနောက်ဘက်ကမ်းဒေသရှိ ရဟူဒီ အခြေစိုက် နေထိုင်ရာရပ်ကွက်အတွင်း အလုပ်လုပ်ကိုင်ရန် လုံခြုံရေးအရ ခွင့်ပြုချက်ရရှိထားသော ပါလက်စတိုင်းလူမျိုးတစ်ဦးက အစ္စရေး လုံခြုံရေး စစ်ဆေးရေးဂိတ်ကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးနှင့် စစ်ရဲတပ်သားတစ်ဦးတို့ သေဆုံးခဲ့ကြရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါလက်စတိုင်းလူမျိုး သေနတ်သမားက ပစ္စတို သေနတ်တစ်လက်ကို ကိုင်ဆောင်ပစ်ခတ်ခဲ့ရာ စတုတ္ထမြောက် အစ္စရေးလူမျိုးတစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြီး ပါလက်စတိုင်း သေနတ်သမားမှာလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုအတွင်း သေဆုံးသွားကြောင်း အစ္စရေးရဲတပ်ဖွဲ့က ပြောကြားသည်။

လုံခြုံရေးအရ စုံစမ်းစစ်ဆေးသည့် လုပ်ထုံးလုပ်နည်းများအရ ကိုက်ညီမှုရှိပြီး အလုပ်လုပ်ကိုင်ခွင့်ရထားသည့် အသက် (၃၇) နှစ်အရွယ် ပါလက်စတိုင်း တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုသည် တစ်မူထူးခြားသော ဖြစ်စဉ်ဖြစ်ကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်က လမ်းမများပေါ်၌ အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များကို ပါလက်စတိုင်းတို့က တိုက်ခိုက်သည့် ဖြစ်ရပ်များနှင့် မတူကြောင်း သတင်းတွင် ဖော်ပြသည်။

အနောက်ဘက်ကမ်းရှိ ရဟူဒီ အခြေစိုက်နေထိုင်ရာရပ်ကွက်သို့ လာရောက် အလုပ်လုပ်ကိုင်မည့် ပါလက်စတိုင်းလူတစ်စုနှင့်အတူ သေနတ်သမား ရောနှောလိုက်ပါလာခဲ့ပြီး ဟာအဒါရပ်ကွက်သို့ ထိုးဖောက်လာခဲ့ကြောင်း၊ စစ်ဆေးရေးဂိတ်ရှိ အစောင့်တပ်ဖွဲ့ဝင်များက သံသယဖြစ်ဖွယ်ရာ လူတစ်ဦးကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ပါလက်စတိုင်း အမျိုးသားက ၎င်းဝတ်ဆင်ထားသည့် ရှပ်အင်္ကျီအောက်မှ ပစ္စတိုသေနတ်ကို ဆွဲထုတ်ပြီး အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးနှင့် စစ်ရဲတပ်ဖွဲ့ဝင်တစ်ဦးတို့အား အနီးကပ်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးရဲအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။ **ဆင်ဟွာ။**

ကင်ညာတောင်ပေါ်တက်သည့် တရုတ်ခရီးသည်တစ်ဦး လိမ့်ကျ သေဆုံး

နိုင်ရိုဘီ စက်တင်ဘာ ၂၆
တရုတ်နိုင်ငံသား ခရီးသွားတစ်ဦးသည် ကင်ညာနိုင်ငံ၏အမြင့်ဆုံးတောင်ဖြစ်သည့် မောင့်ကင်ညာတောင်ထိပ်သို့ တက်ရောက်စဉ် စက်တင်ဘာ ၂၄ ရက် ညနေပိုင်းတွင် လိမ့်ကျသေဆုံးခဲ့ကြောင်း ကင်ညာသဘာဝတောရိုင်းဌာနမှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂၆ ရက်တွင် အတည်ပြုပြောကြားသည်။

ဟောင်ကောင်မှ လာရောက်သည့် အသက် (၃၃) နှစ်အရွယ်ရှိ တရုတ်ခရီးသွားတစ်ဦးသည် အဆိုပါတောင်ထိပ်သို့ တက်ရောက်ပြီး ပြန်အဆင်းတွင် လိမ့်ကျသေဆုံးခဲ့ကြောင်း ကင်ညာသဘာဝတောရိုင်းလုပ်ငန်းဌာန (ကေဒဗလျူအက်စ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဆိုင်မန်ဂီတုက ပြောကြားသည်။ လိမ့်ကျသေဆုံးသည့် တရုတ်နိုင်ငံသားမှာ ကျွမ်းကျင်မှုရှိသည့် တောင်တက်သမားဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မောင့်ကင်ညာတောင်သည် ကင်ညာနိုင်ငံတွင် အမြင့်မားဆုံးတောင်ဖြစ်ပြီး အာဖရိကတိုက်တွင် ကီလီမန်ဂျရိုတောင်ထွတ်ပြီးလျှင် ဒုတိယအမြင့်မားဆုံးဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

စစ်တွေမြို့ ကယ်ဆယ်ရေးစခန်းများမှပြည်သူများ မိမိနေရပ်သို့ပြန်လည်ထွက်ခွာ ငွေကျပ်နှစ်သောင်းစီနှင့် မိသားစုအသုံးအဆောင်ပစ္စည်းများ ကူညီထောက်ပံ့

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

စစ်တွေ စက်တင်ဘာ ၂၆

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း၌ ဩဂုတ်လကုန်ပိုင်းတွင် ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် မိမိနေရပ်အသီးသီးမှ စွန့်ခွာကာ စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိခိုလှုံလျက်ရှိသော ပြည်သူများသည် ယခုအခါ နယ်မြေအေးချမ်းလာပြီဖြစ်၍ မိမိသဘောဆန္ဒအလျောက် နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာလျက်ရှိသည်။

ဦးကျော်မင်း

ဦးမောင်စိုး

ဦးစံလှဖြူ

ဒေါ်ပုလဲညို

မမြမြသိန်း

မိမိနေရပ်သို့ ဆန္ဒအလျောက် ပြန်လည်ထွက်ခွာကြသော ပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် နှစ်သောင်းစီ၊ ရေယာဉ်လက်မှတ်တစ်စောင်စီနှင့် မိသားစုအသုံးအဆောင်ပစ္စည်းများကို ကူညီထောက်ပံ့ပေးသည်။

ယနေ့စစ်တွေမြို့ပေါ်မှ မိမိနေရပ်ဆီသို့ ပြန်လည်ထွက်ခွာမှုမှာ မိသားစုလိုက်အနေဖြင့် အများဆုံးဖြစ်ပြီး ယခင်ရက်အနည်းငယ်အတွင်းကလည်း ကြိုးကြား ကြိုးကြား ပြန်လည်ထွက်ခွာမှုများရှိခဲ့ကြောင်း ပြည်နယ်အစိုးရမှ သိရသည်။

ယခုကဲ့သို့ စစ်တွေမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများမှ ပြည်သူများ မိမိနေရပ်သို့ ပြန်လည်ထွက်ခွာမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် မောင်တောဒေသသို့ မိမိဆန္ဒအလျောက် ပြန်လည်ထွက်ခွာကြမည့် ပြည်သူများအား သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့မှုများကို ပြန်လည်ရေးသားဖော်ပြလိုက်ပါသည်။

ဦးကျော်မင်း (ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန)

ဒီနေ့ စစ်တွေမြို့ ကယ်ဆယ်ရေးစခန်းတွေကိုရောက်ရှိနေတဲ့ မောင်တော၊ ဘူးသီးတောင်ဒေသဘက်က အိမ်ထောင်စု ၄၀၊ လူဦးရေ ၁၁၄ ဦးဟာ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုတာကြောင့် လတ်တလော အထောက်အပံ့အနေနဲ့ မိသားစုသုံးပစ္စည်းစုံပုံးကို မိသားစုအလိုက် ထောက်ပံ့ပေးပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ကလည်း တစ်ဦးချင်းစီကို ငွေကျပ်နှစ်သောင်းနှုန်းအပြင် ရေယာဉ်လက်မှတ်ကိုလည်း မိမိသွားလိုတဲ့နေရပ်အတွက် ကူညီထောက်ပံ့ပါတယ်။ အစုလိုက်အဖွဲ့လိုက်၊ မိသားစုလိုက်ပြန်တာ ဒီကနေ့ဟာ အများဆုံးပါပဲ။ အရင်နေ့တွေကတော့ တစ်ဦးစ၊ နှစ်ဦးစအနည်းငယ်စီ ပြန်သွားတာရှိတယ်။ နယ်မြေကလည်း အေးချမ်းလာပြီဖြစ်တဲ့အတွက် ဒီကနေ့တော့ ပြန်ကြတာပိုများပါတယ်။ ဒီနေ့ဆို ကယ်ဆယ်ရေးစခန်းစုရပ်လေးငါးခုလောက်က မိမိဆန္ဒအလျောက် ပြန်လိုတဲ့ မိသားစုတွေအတွက် ပြည်နယ်အစိုးရက အခုလိုအဆင်ပြေအောင် စီစဉ်ပေးတာ ဖြစ်ပါတယ်။ နောက်နေ့တွေမှာလည်း စခန်းတာဝန်ခံတွေက နေရပ်ပြန်လိုတဲ့ မိသားစုဝင် စာရင်းဇယားတွေကောက်လို့ ရရှိတဲ့အပေါ် မူတည်ပြီး ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ လူဦးရေများရင် ရေယာဉ်အစင်းလိုက် ငှားရမ်းပြီးပို့ဆောင်ပေးဖို့ စီစဉ်ထားပါတယ်။ ပုံမှန်ထောက်ပံ့ပေးမှုတွေကိုလည်း ဆက်ပြီးထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။

ဦးမောင်စိုး (ရွှေဇဟိုလ်စံပြကျေးရွာ၊ မောင်တောတောင်ပိုင်း)

ကျွန်တော်တို့ မိသားစုအနေနဲ့ ဒီစစ်တွေမြို့ပေါ်ရောက်တာ ရက်ပေါင်း ၂၀ ကျော်ပါပြီ။ လမ်းမတော် မြောက်ကျောင်းစုရပ် စခန်းမှာ နေခဲ့ပါတယ်။ မိသားစုဝင်ငါးဦးစလုံး ပြန်မှာပါ။ ရွာမှာက တောင်ယာနဲ့ လယ်လုပ်ပါတယ်။ ရံဖန်ရံခါ အသက်မွေးဝမ်းကျောင်းအတွက် ရရာအလုပ် လုပ်ရပါတယ်။ ခုတော့ နယ်မြေအေးချမ်းပြီဆိုတဲ့သတင်းကြားလို့ မိသားစုလိုက်ပြန်မယ်ဆိုပြီး စာရင်းပေးခဲ့တာပါ။ အခုလိုပြန်တဲ့အခါ တစ်ဦးကို ငွေကျပ်နှစ်သောင်းစီနဲ့ ရေယာဉ်လက်မှတ်လည်း တစ်စောင်စီပေးပါတယ်။ အဲဒီအတွက်လည်း အလွန်ပဲကျေးဇူးတင်ပါတယ်။ ခုဆိုရင် အသုံးစရိတ်က မကျန်တော့ပါဘူး။ ရွာပြန်ရောက်ရင် ဒီထောက်ပံ့ပေးလိုက်တဲ့ငွေနဲ့ အရင်သုံးစွဲရဦးမှာပါ။ လယ်ယာလုပ်ငန်းတွေကလည်း ဘယ်အခြေအနေဖြစ်နေတယ်ဆိုတာ ရောက်မှသိရမှာပါ။

ဦးစံလှဖြူ(ငွေတောင်ကျေးရွာ၊ မောင်တောမြောက်ပိုင်း)

ကျွန်တော်တို့က မိသားစုလိုက်ပြန်ကြမှာပါ။ မိသားစုဝင်ရှစ်ဦးရှိပါတယ်။ စစ်တွေမြို့ စိတ္တသုခကျောင်းစုရပ်စခန်းမှာ လဝက်လောက်ခိုလှုံခဲ့ရပါတယ်။ အားလုံးအဆင်ပြေပါတယ်။ ရွာမှာတော့ ရေလုပ်ငန်းလုပ်တာပါ။ ရံဖန်ရံခါ တောင်ပေါ် မျှစ်တက်ချိုးပါတယ်။ အခုရွာကလူတွေနဲ့ အဆက်အသွယ်ရတော့ အေးချမ်းသွားပြီလို့ပြောလို့ မိသားစုလိုက်ပြန်ကြမှာပါ။ တာဝန်ရှိသူတွေက လမ်းစရိတ်လည်း ကူညီထောက်ပံ့ပေးသလို၊ အသုံးစရိတ်လည်း ကူညီထောက်ပံ့ပေးပါတယ်။ မိသားစုဝင်ရှစ်ဦးဆိုတော့ ငွေကျပ်တစ်သိန်းကျော်ရပါတယ်။ ပြီးတော့ မိသားစုသုံးပစ္စည်းမျိုးစုံပါတဲ့ပုံးတစ်ပုံးလည်းပေးပါသေးတယ်။ အခုလို ကူညီထောက်ပံ့ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒေါ်ပုလဲညို(မောရဝတီ၊ မောင်တောတောင်ပိုင်း)

စစ်တွေမြို့ ကမ္ဘဌာန်းကျောင်းမှာ ရက် ၂၀ ကျော် မိသားစုလိုက် ခိုလှုံခဲ့ရပါတယ်။ ရွာမှာက နေအိမ်မီးလောင်မှုမရှိဘဲ ပျက်စီးမှုလည်းမရှိပါဘူး။ ဒါပေမယ့် စီးပွားရေးကတော့ အဆင်မပြေဖြစ်ကြတာပေါ့။ ရွာလုံခြုံရေးအခြေအနေကလည်း ရဲကင်းနဲ့ သိပ်မဝေးပါဘူး။ ပြီးတော့ အမျိုးတွေက အေးချမ်းပြီး အလုပ်တွေ လုပ်လို့ရနေပြီပြောလို့ ဒီနေ့ရွာကို မိသားစုလိုက်ပြန်ကြမှာပါ။ ဒီမှာလာရောက်ခိုလှုံနေတဲ့အချိန်မှာ ကျန်းမာရေးကအစ စောင့်ရှောက်ပေးကြပါတယ်။ စားနပ်ရိက္ခာအတွက်လည်း မပူပန်ရပါဘူး။ အခုလို ပြန်တဲ့အခါမှာလည်း လမ်းစရိတ်၊ အသုံးစရိတ်နဲ့ မိသားစုအသုံးအဆောင်ပစ္စည်းကအစ ကူညီထောက်ပံ့ပေးကြလို့ ဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။

မမြမြသိန်း(လေးမိုင်၊ မကျည်းကုန်းကျေးရွာ)

အခင်းဖြစ်ပွားတဲ့ နောက်နေ့မှာပဲ ဒီစစ်တွေမြို့ကို မိသားစုလိုက် ပြောင်းလာကြတာပါ။ မိသားစုရှစ်ဦး ပါပါတယ်။ စိတ္တသုခကမ္မဌာန်းရိပ်သာကျောင်းမှာ ခိုလှုံခဲ့တာပါ။ ရွာမှာတော့ တောင်ယာလုပ်ကိုင်စားသောက်ပါတယ်။ ခုတော့တောင်ယာလုပ်ငန်းတွေက ပျက်စီးကုန်ပါပြီ။ မွေးထားတဲ့ တိရစ္ဆာန်လေးတွေလည်း ပျောက်ကုန်လောက်ပါပြီ။ ဒီကကူညီထောက်ပံ့ပေးလိုက်တဲ့ ငွေနဲ့ ရွာမှာစားသောက်ရမှာပါ။ လောလောဆယ်တော့ အလုပ်ကမရှိသေးပါဘူး။ တောင်ပေါ်အလုပ်တွေကိုလည်း မသွားရဲသေးပါဘူး။ နယ်မြေမြန်မြန် အေးချမ်းပါစေလို့ပဲ ဆုတောင်းပါတယ်။ အဲဒါမှ အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်လို့ရမှာပါ။ အခုလို လမ်းစရိတ်၊ အသုံးစရိတ်နဲ့ မိသားစုအသုံးအဆောင်ပစ္စည်းတွေ ကူညီထောက်ပံ့ပေးတဲ့ သက်ဆိုင်ရာဌာနတွေကို အလွန်ပဲကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

မောင်တောဒေသအတွင်း ဗျူဗ အစွန်းရောက် အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် စစ်တွေမြို့ပေါ်သို့ နေရပ်စွန့်ခွာတိမ်းရှောင်လာပြီး ယာယီကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိ ခိုလှုံနေကြသူများအနက် ယနေ့တွင် အိမ်ထောင်စု ၄၀မှ လူဦးရေ ၁၀၀ ကျော်သည် မိမိသဘောဆန္ဒအလျောက်နေရပ်များသို့ ပြန်လည်ထွက်ခွာကြပြီဖြစ်သည်။

အဆိုပါ မိသားစုများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဦးလျှင် ငွေကျပ်နှစ်သောင်း၊ ရေယာဉ်လက်မှတ်တစ်စောင်စီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကယ်ဆယ်ရေးအသုံးအဆောင်ပစ္စည်းများဖြစ်သော စောင်၊ ခြင်ထောင်၊ ပုဆိုး၊ မိန်းမဝတ်လုံချည်၊ ဒန်အိုး၊ ဒန်ခွက်စသည့် အသုံးအဆောင်ပစ္စည်း ၁၀ မျိုးပါဝင်သော မိသားစုသုံးပစ္စည်းစုံ ပုံးတစ်ပုံးစီတို့ကို ကူညီထောက်ပံ့ပေးသည်။

လက်ချောင်းထိခိုက်ပြတ်ရှလူနာ ၆၃ ဦးအား ခြေချောင်းအစားထိုးကုသနိုင်ခဲ့

ရန်ကုန် စက်တင် ဘာ ၂၆

ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသပေးသည့်ဌာနအနေဖြင့် မတော်တဆထိခိုက်မှုနှင့် ခိုက်ရန်ဖြစ်ပွားခြင်းတို့ကြောင့် လက်ချောင်းများ ပြတ်ရှသည့်လူနာများကို ခြေချောင်းများအစားထိုးခွဲစိတ်ကုသပေးခဲ့ရာ ၁၉၉၉ ခုနှစ်မှ ယနေ့အချိန်အထိ လူနာ ၆၃ ဦးအား အောင်မြင်စွာ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

“လက်မောင်းကနေ စပြတ်တာတို့၊ တံတောင်ဆစ်ကနေစပြတ်တာတို့၊ လက်ကောက်ဝတ်ကနေ စပြတ်တာတို့ကို ကုတာရာနဲ့ချီနေပြီ။ လက်ချောင်းလေးတွေပြတ်လို့ အဲဒီပြတ်တဲ့ လက်ချောင်းလေးတွေအစား ခြေချောင်းလေးတွေ အစားထိုးတာ ၆၃ ဦးရှိပြီ အားလုံးအောင်မြင်တယ်။ အဓိကကတော့ ပြတ်သွားတဲ့လက်ကို ခြောက်သွေ့တဲ့ပလတ်စတစ်သန့်သန့်နဲ့ထုပ်ပြီး ရေခဲထဲနှစ်ထားရမယ်။ အဲဒီလိုစနစ်တကျ ထုပ်ပိုးပြီး အချိန်မီ ရန်ကုန်ဆေးရုံကြီးကိုလာဖို့ပဲလိုတယ်။ ကျွန်တော်တို့ဘက်က အားလုံးအဆင်သင့်ပဲ”ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး ထိခိုက်ဒဏ်ရာနှင့် လက်ပိုင်းဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ/ဌာနမှူး ဒေါက်တာခင်မောင်မြင့်က ပြောသည်။

ထိုကဲ့သို့ ခွဲစိတ်ကုသမှုများကို တောင်ကြီး၊ မကွေး၊ မုံရွာ၊ ပုသိမ်တို့တွင် ဝန်ဆောင်မှုပေးနိုင်ရန်စီစဉ်လျက်ရှိပြီး လက်ပိုင်းဆိုင်ရာဆရာဝန်များထားရှိသွားမည်ဖြစ်ကြောင်း လက်ရှိတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၊ မန္တလေးအရိုးဆေးရုံကြီး၊ ရန်ကုန်အရိုးအထူးကု ဆေးရုံကြီး၊ ဆေးတက္ကသိုလ်(၁)နှင့် (၂)တို့အပြင် မြောက်ဥက္ကလာပဆေးရုံအစရှိသည့်ဆေးရုံများတွင် လက်ပိုင်းဆိုင်ရာ ခွဲစိတ်ဆရာဝန်များထားရှိထားကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသရေးဌာနသည် ကမ္ဘာ့အဆင့်မီခွဲစိတ်မှုများပြုလုပ်နိုင်ပြီး လာမည့် ၂၀၁၈ ခုနှစ်တွင် စင်ကာပူနိုင်ငံမှ ပညာတော်သင်များ ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

(ဇာနည်မောင်)

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေကြောင်းရဲတပ်ဖွဲ့ (စစ်တွေ)မှ ယာယီရဲမှူးအောင်မြင့် ဦးစီးသောတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၅ ရက် နံနက် ၇ နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း တိုက်ဝင်းအတွင်း၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်စဉ်။ (ကိုကိုလတ်)

နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်

"ယေဘုယျသဘောခြုံပြောရရင် အရှေ့တောင်အာရှဒေသမှာရှိတဲ့ အကြမ်းဖက် အဖွဲ့တွေဟာ ကိုယ်ပိုင်ဘဏ္ဍာငွေကြေးရင်းမြစ်အပေါ် မှီခိုရပ်တည်နေကြတာပါ။ ငွေကြေးစုစည်းရယူတဲ့အခါမှာလည်း လက်စလက်နမပေါ်တဲ့ နည်းလမ်းမျိုးကိုပဲ ကျင့်သုံးကြတာပါ။ နယ်စပ်ကိုဖြတ်ပြီး ငွေအထုပ်လိုက်သယ်တဲ့ သမားရိုးကျ နည်းလမ်းမျိုးကို ကျင့်သုံးကြတာပါ . . ."

အစ္စလာမ္မစ်နိုင်ငံတော်(IS)ဆိုတဲ့ အစ္စလာမ္မစ် အစွန်းရောက် အကြမ်းဖက်အဖွဲ့က အရှေ့တောင် အာရှဒေသကို သူတို့ရဲ့ ရှေ့လာမယ့် စစ်မြေပြင်အသစ်အဖြစ် ရှုပ်လုံးဖော်ကြိုးပမ်းနေတာကို နိုင်ငံရေးသုံးသပ်သူအားလုံး လိုလိုက လက်ခံထားကြပါတယ်။ အရှေ့တောင် အာရှဒေသမှာရှိတဲ့ အစိုးရအဖွဲ့တွေ အနေနဲ့ အစ္စလာမ္မစ်အစွန်းရောက် အကြမ်းဖက်အဖွဲ့တွေလက်ထဲ ငွေကြေးပံ့ပိုးမှုတွေ ရောက်ရှိစေမယ့် တရားမဝင်ငွေကြေး စီးဆင်းမှုတွေကို ဘယ်လိုဟန့်တားကာကွယ်ရမလဲ ဆိုတာနဲ့ပတ်သက်ပြီး နပန်းလုံးကြိုးပမ်း အကောင်အထည်ဖော်နေကြရတာပါ။

ကွာလာလမ်ပူမှာ နိုဝင်ဘာလက ကျင်းပခဲ့တဲ့ ထိပ်သီးအစည်းအဝေးမှာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကျွမ်းကျင်သူတွေက အစ္စလာမ္မစ်နိုင်ငံတော်(IS)အစွန်းရောက် အကြမ်းဖက်အဖွဲ့ရဲ့ ဘဏ္ဍာရေးထောက်ပံ့မှု လမ်းကြောင်းတွေကို ဖြတ်တောက်ဖို့ ဘဏ္ဍာရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်ဟာ အစ္စလာမ္မစ်နိုင်ငံတော် (IS)ရဲ့ ဘဏ္ဍာရေးရင်းမြစ်တွေ စတင်ခန်းခြောက်စပြုလာပြီ ဆိုတဲ့သတင်းတွေနဲ့ တိုက်ဆိုင်နေပါတယ်။ "Codeathon" ဆိုတဲ့အမည်နဲ့ အင်ဒိုနီးရှား၊ မလေးရှားနဲ့ ဩစတြေးလျနိုင်ငံတွေက ဘဏ္ဍာငွေကြေးဆိုင်ရာ ထောက်လှမ်းရေး အေဂျင်စီတွေ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ အစိုးရ-ပုဂ္ဂလိက လက်တွဲဆောင်ရွက်မှုနဲ့ အစ္စလာမ္မစ်နိုင်ငံတော် (IS)ရဲ့ ဩဇာဖြန့်ကြက်မှုကို ဟန့်တားကာကွယ်ဖို့ပါ။ မေ ၂၃ ရက်မှာ အစွန်းရောက်အကြမ်းဖက်အဖွဲ့တွေက ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းက မာရာဝီ(Marawi)မြို့ကို အလစ်အငိုက် သိမ်းပိုက်ပြီးနောက်ပိုင်းမှာ အခုလို အစိုးရ-ပုဂ္ဂလိကလက်တွဲဆောင်ရွက်ကြဖို့ ကြိုးပမ်းလာကြတာပါ။ ဘဏ်တွေ၊ ဘဏ္ဍာရေးဆိုင်ရာနည်းပညာကုမ္ပဏီတွေနဲ့ လုပ်ငန်းသုံး ပရိုဂရမ်ဖန်တီးသူတွေအပါအဝင် တခြားကျွမ်းကျင်မှုဆိုင်ရာ ပုဂ္ဂိုလ်အဖွဲ့အစည်းတွေဟာ အကြမ်းဖက်သမားတွေလို့ သံသယရှိတဲ့ ပုဂ္ဂိုလ်အဖွဲ့အစည်းတွေလက်ထဲ ဘဏ္ဍာငွေကြေး မစီးဆင်းစေဖို့ ကြိုးပမ်းအကောင်အထည်ဖော်လာကြတာပါ။

ဒီမဟာဗျူဟာကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါ ပြဿနာက အရှေ့တောင်အာရှ အစိုးရအများစုဟာ ပြည်တွင်းမှာကိုပဲ တရားမဝင်ငွေကြေးလွှဲပြောင်းပေးပို့မှုတွေကို ဟန့်တားနိုင်ဖို့ ခက်ခက်ခဲခဲ ကြိုးပမ်းနေရတာပါ။ ဘာလို့လဲဆိုတော့ ဒီအစိုးရတွေဆီမှာ ခိုင်မာတဲ့ ဥပဒေတွေ ပြည့်ပြည့်ဝဝမရှိသေးသလို ရှိပြီးသားဥပဒေတွေကို လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးတဲ့နေရာမှာလည်း စွမ်းဆောင်နိုင်မှု အပိုင်းက အကန့်အသတ်၊ အဟန့်အတားတွေရှိနေလို့ပါ။ တရားမဝင်ငွေကြေးတွေကို လွှဲပြောင်းရာမှာ ဘဏ်တွေလို တရားဝင်ဘဏ္ဍာရေးအဖွဲ့အစည်းတွေကို အသုံးမပြုတာကလည်း ပြဿနာကို ပိုမိုခက်ခဲကြီးထွားစေတာပါ။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ၂၀၁၇ ခုနှစ် အစီရင်ခံစာအရ တရားမဝင်ငွေကြေးလွှဲပြောင်းပေးပို့မှုတွေ ကင်းရှင်းတဲ့ နိုင်ငံဆိုလို့ အာဆီယံနိုင်ငံတွေထဲမှာ စင်ကာပူနိုင်ငံနဲ့ ဘရူနိုင်းနိုင်ငံတို့ပဲရှိပါတယ်။ ကျန်တဲ့ အာဆီယံရှစ်နိုင်ငံစလုံးမှာ တရားမဝင် ငွေကြေးလွှဲပြောင်းပေးပို့မှုတွေကို ရင်ဆိုင်ကြုံတွေ့နေရတာပါ။ အစ္စလာမ္မစ်နိုင်ငံတော်(IS)ရဲ့ ဘဏ္ဍာငွေကြေးအများစုကို အီရန်နိုင်ငံနဲ့ အီရတ်နိုင်ငံတွေဆီကနေ ရရှိနေတာပါ။ ဒါပေမယ့် ဒီအစီရင်ခံစာအရ အစ္စလာမ္မစ်နိုင်ငံတော် (IS)အကြမ်းဖက်အဖွဲ့ဆီ တရားမဝင်ငွေကြေး စီးဆင်းနေတဲ့လမ်းကြောင်းမှာ နိုင်ငံအတော်များများ ပါဝင်ပတ်သက်နေတာပါ။ ဒီနိုင်ငံတွေထဲမှာ ဟောင်ကောင်အပါအဝင် တရုတ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ၊ တာ့ခ်မင်နစ္စတန်နိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံ၊ ကာဂျစ်စတန်နိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ မြောက်ကိုရီးယားနိုင်ငံ၊ ကာဇက်စတန်နိုင်ငံနဲ့ တီမောနိုင်ငံတွေ ပါဝင်ပါတယ်။

စုံစမ်းစစ်ဆေးရေးမှူးတွေရဲ့ တွေ့ရှိချက်အရ လွှဲပြောင်းပေးပို့နေတဲ့ ငွေကြေးအများစုဟာ အစွန်းရောက် အရှေ့တောင်အာရှဒေသသားတွေဆီ လွှဲပြောင်းပေးတဲ့ မဆိုစလောက်ငွေကြေးတွေသာဖြစ်ပါတယ်။ ဒီတရားမဝင်ငွေကြေးအများစုဟာ အင်ဒိုနီးရှားနိုင်ငံကနေ စီးဆင်းလာတာပါ။ အင်ဒိုနီးရှားနိုင်ငံသားအတော်များများက ဆီးရီးယားနိုင်ငံမှာရှိတဲ့ အစ္စလာမ္မစ်နိုင်ငံတော်(IS)အကြမ်းဖက်အဖွဲ့တွေမှာ ဝင်ပြီးတိုက်ခိုက်ပေးနေကြတာပါ။ အီရတ်နိုင်ငံနဲ့ ဆီးရီးယားနိုင်ငံတွေက စီးဆင်းလာတဲ့ တရားမဝင်ငွေကြေးတွေလည်း ရှိပါတယ်။ ရှေ့လာမယ့်ကာလတွေမှာ ဒီလို ငွေကြေးစီးဆင်းမှုတွေက သိပ်တော့အရေးပါမှာ မဟုတ်ပါဘူး။ လန်ဒန်မှာရှိတဲ့ ဘုရင့်ကောလိပ် (King's Collage)ရဲ့ သုတေသနဌာန (International Center for the Study of Redicalization and Political Violence)ရဲ့ လေ့လာချက်အရ ၂၀၁၄-၂၀၁၆ ကာလအတွင်း အကြမ်းဖက်သမားတွေရဲ့ နှစ်စဉ်ဝင်ငွေဟာ တစ်ဝက်ကျော်ကျော်ကို ကျဆင်းသွားတာပါ။ နဂိုမူလက အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံရှိရာကနေ ဒေါ်လာသန်း ၈၇၀ လောက်အထိကို ကျဆင်းလာတာပါ။ ပြောရရင် ချုပ်ကိုင်ထားတဲ့နယ်မြေတွေ ဆုံးရှုံးလာတာကြောင့် အကြမ်းဖက်သမားတွေရဲ့ ဝင်ငွေလည်း ထိခိုက်ကျဆင်းလာတာပါ။ ဘာလို့လဲဆိုတော့ အစ္စလာမ္မစ်နိုင်ငံတော်(IS) အကြမ်းဖက်အဖွဲ့ဟာ သူတို့ရဲ့ဘဏ္ဍာငွေကြေးကို သူတို့ ထိန်းချုပ်ထားတဲ့ နယ်မြေတွေက လူထုဆီကနေ အခွန်အကောက် ကောက်ခံရာကနေရရှိသလို ထိန်းချုပ်ထားတဲ့ နယ်မြေတွေက ရေနံအပါအဝင် သဘာဝသယံဇာတတွေ ရောင်းချရာကလည်း ရရှိပါတယ်။ အစ္စလာမ္မစ်နိုင်ငံတော်(IS) အကြမ်းဖက်အဖွဲ့ဟာ ပြန်ပေးဆွဲ ငွေညှစ်တဲ့လုပ်ငန်းကနေလည်း ဝင်ငွေဖန်တီးရယူလေ့ ရှိပါတယ်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အစီရင်ခံစာမှာ "အစ္စလာမ္မစ်နိုင်ငံတော်(IS) အစွန်းရောက်အကြမ်းဖက်အဖွဲ့ဟာ သူတို့ ဆုံးရှုံးသွားတဲ့ ဘဏ္ဍာငွေကြေးရင်းမြစ်တွေ နေရာမှာ အစားထိုးပေးနိုင်မယ့် အရေးပါတဲ့ ဘဏ္ဍာ ငွေကြေးရင်းမြစ်အသစ်တွေကို အစားထိုး ဖန်တီးရယူထားတဲ့ လက္ခဏာမတွေ့ရပါဘူး"ဆိုပြီး တင်ပြထားတာကို တွေ့ရပါတယ်။ လက်ရှိ အခြေအနေအတိုင်းသာ ဘဏ္ဍာငွေကြေးရင်းမြစ်တွေ ဆုံးရှုံးနေခဲ့ရင် မကြာခင်မှာပဲ အစ္စလာမ္မစ်နိုင်ငံတော်(IS) အကြမ်းဖက်အဖွဲ့ရဲ့ ဘဏ္ဍာရေးအရ ရပ်တည်နိုင်စွမ်းဟာ ပြိုလဲသွားတော့မှာပါ။ ဒီအစီရင်ခံစာမှာ အစ္စလာမ္မစ်နိုင်ငံတော်(IS)အကြမ်းဖက်အဖွဲ့ဟာ သူတို့ အီရတ်နိုင်ငံမှာ ၂၀၁၄ ခုနှစ် နှစ်လယ်ပိုင်းကတည်းက ချုပ်ကိုင်ထားတဲ့ နယ်မြေတွေရဲ့ ၆၀ ရာခိုင်နှုန်းကျော်ကို ၂၀၁၆ ခုနှစ် နှောင်းပိုင်းမှာ လက်လွှတ်အဆုံးရှုံးခံခဲ့ရတယ်လို့ တင်ပြထားပါတယ်။ အလားတူကာလမှာပဲ အစ္စလာမ္မစ်နိုင်ငံတော်(IS)အကြမ်းဖက်အဖွဲ့ဟာ ဆီးရီးယားနိုင်ငံမှာ သူတို့ချုပ်ကိုင်ထားတဲ့ နယ်မြေတွေရဲ့ ၃၀ ရာခိုင်နှုန်း လက်လွှတ်အဆုံးရှုံးခံခဲ့ရတာပါ။

အင်ဒိုနီးရှားနိုင်ငံရဲ့ သတင်းထုတ်ပြန်ချက်တွေအရ သူ့နိုင်ငံအတွင်းမှာရှိနေတဲ့ အကြမ်းဖက်အဖွဲ့တွေဆီကို ၂၀၁၄-၂၀၁၅ ကာလအတွင်း ပြည်ပကနေ စီးဝင်လာတဲ့ ဘဏ္ဍာငွေကြေးဟာ အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ ဝန်းကျင်ရှိပါတယ်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ဂျကာတာမြို့မှာ ဆောင်ရွက်ခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကို ဆီးရီးယားနိုင်ငံနဲ့ အီရတ်နိုင်ငံမှာ အခြေစိုက်တဲ့ အစ္စလာမ္မစ်နိုင်ငံတော်(IS) ပြည်ပအကြမ်းဖက်သမားတွေက ဘဏ္ဍာငွေကြေးပံ့ပိုးပေးခဲ့တာပါ။ ဒါပေမယ့် ယေဘုယျသဘောခြုံပြောရရင် အရှေ့တောင်အာရှဒေသမှာရှိတဲ့ အကြမ်းဖက်အဖွဲ့တွေဟာ ကိုယ်ပိုင်ဘဏ္ဍာငွေကြေးရင်းမြစ်အပေါ် မှီခိုရပ်တည်နေကြတာပါ။ ငွေကြေးစုစည်းရယူတဲ့ အခါမှာလည်း လက်စလက်နမပေါ်တဲ့ နည်းလမ်းမျိုးကိုပဲ ကျင့်သုံးကြတာပါ။ နယ်စပ်ကိုဖြတ်ပြီး ငွေအထုပ်လိုက်သယ်တဲ့ သမားရိုးကျ နည်းလမ်းမျိုးကို ကျင့်သုံးကြတာပါ။ ၂၀၁၆ ခုနှစ်မှာ ဩစတြေးလျနိုင်ငံနဲ့ အာဆီယံနိုင်ငံတွေပူးပေါင်းပြီး အန္တရာယ်ရှိ အလားအလာ သုံးသပ်ချက်တစ်ရပ်ကို ပြုလုပ်ခဲ့ပါတယ်။ အဲဒီသုံးသပ်ချက်အရ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ ဩစတြေးလျနိုင်ငံတွေမှာရှိတဲ့ အကြမ်းဖက်အဖွဲ့တွေရဲ့ အဓိကဘဏ္ဍာရင်းမြစ်ဟာ ဘဏ်လို တရားဝင်ငွေကြေးအဖွဲ့အစည်းတွေကတစ်ဆင့် စီးဆင်းလာနေတယ်ဆိုတာကိုပါ။

စိတ်ဝင်စားစရာ ကောင်းတာကတော့ အစွန်းရောက် အကြမ်းဖက်အဖွဲ့တွေရဲ့ ဘဏ္ဍာငွေကြေးရရှိရာ ဒုတိယရင်းမြစ်ဟာ အစိုးရမဟုတ်တဲ့ အရပ်ဘက်အဖွဲ့အစည်းတွေပါ။ ဒီလိုအဖွဲ့အစည်းတွေဟာ အင်တာနက်လူမှုမီဒီယာတွေကို အသုံးပြုပြီး အများပြည်သူဆီက ငွေကြေးကောက်ခံစုစည်းရယူတာပါ။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အစီရင်ခံစာမှာ ဒီလိုကိုယ်ပိုင် ဘဏ္ဍာငွေကြေး စုစည်းရယူမှုဟာ ခြေရာခံအစရှာဖို့ အလွန့်အလွန်ကို ခက်ပါတယ်လို့ အသိအမှတ်ပြုဝန်ခံထားပါတယ်။ ဒီလို ငွေကြေးလွှဲပြောင်းမှုတွေဟာ တရားဝင် ဆောင်ရွက်တာဖြစ်သလို ပမာဏကလည်း မဆိုစလောက်သာရှိလို့ သာမန်ပြည်သူတွေရဲ့ ပုံမှန်ငွေကြေးလွှဲပြောင်းမှုတွေနဲ့ ကွဲကွဲပြားပြား ခွဲခြားသိနိုင်ဖို့ဆိုတာ မလွယ်ကူပါဘူး။ အကြမ်းဖက်အဖွဲ့တွေနဲ့ ပတ်သက်နေတယ်လို့ သံသယရှိနေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေဟာ မများလှပေမယ့် အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံနဲ့ ဩစတြေးလျနိုင်ငံတွေမှာ အရပ်ဘက်အဖွဲ့ အစည်းတွေကို အန္တရာယ် အလားအလာ အလယ်အလတ်အဆင့်နဲ့ အဆင့်မြင့်အဆင့်တွေ သတ်မှတ်ထားတာပါ။ ပုံမှန်ဖြစ်လေ့ရှိတာက အကြမ်းဖက်မှုတွေ အခြေစိုက်လှုပ်ရှားရာ ဒေသဝန်းကျင်တွေမှာ အစ္စလာမ်ဘာသာရေး အခြေခံအဖွဲ့အစည်းတွေ ရှိတတ်ပါတယ်။ အကြမ်းဖက်အဖွဲ့တွေက ဒီအဖွဲ့အစည်းတွေကို သူတို့ရဲ့ အိုးအိမ်၊ ပညာရေးနဲ့ တခြား လူမှုရေးအစီအစဉ်တွေကနေ ငွေကြေးတွေကို ဖွဲ့ထုတ်လွှဲပြောင်းပေးအောင် ဖိအားပေးလေ့ရှိပါတယ်။

အကြမ်းဖက်သမားတွေဟာ အင်ဒိုနီးရှားနိုင်ငံနဲ့ မလေးရှားနိုင်ငံတွေမှာ အင်တာနက်ကတစ်ဆင့် လူထုဆီက ငွေကြေးရယူတာမျိုး ရှိပေမယ့် သိပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်တာမျိုးတော့ မရှိပါဘူး။ ဘာလို့လဲဆိုတော့ ဒီလိုငွေကြေးလွှဲပြောင်းမှုတွေကို အလိုအလျောက် မှတ်တမ်းတင်ထားလို့ပါ။ အလိုအလျောက် မှတ်တမ်းတင်ထားလို့ ခြေရာလက်ရာ မဖျောက်နိုင်ဘူးဆိုပေမယ့် စုံစမ်းစစ်ဆေးရေးမှူးတွေအနေနဲ့ ဒီလို ငွေကြေးလွှဲပြောင်းမှုတွေဟာ အကြမ်းဖက် လှုပ်ရှားမှုအတွက်ဆိုတာမျိုးကို သက်သေပြဖို့ကတော့ မလွယ်ပါဘူး။ ဩစတြေးလျနိုင်ငံနဲ့ အာဆီယံနိုင်ငံတွေ ပူးပေါင်းထုတ်ပြန်တဲ့ ၂၀၁၆ ခုနှစ် အန္တရာယ်ရှိတဲ့အလားအလာ သုံးသပ်ချက်မှာ "ပြည်ပအကြမ်းဖက်သမားတွေက နယ်စပ်ကတစ်ဆင့် တရားမဝင် ငွေကြေးလွှဲပြောင်းပေးပို့မှုတွေကို ဘယ်လိုစစ်ဆေးဖော်ထုတ်မလဲဆိုတာက အဓိက စိန်ခေါ်ချက်ပါ" ဆိုပြီး တင်ပြထားပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ဘင်္ဂလားဒေ့ရှ်ရောက် သတင်းသမားနှစ်ယောက်

သားကြီးမောင်ဇေယျ

"အခြေအနေမကောင်းတော့ဘူး ကျွန်တော် online မှာ မရှိရင် ဖုန်းဆက်ပါ။ ၀၉၄၅၀၂၁၉၈၀၀"

မနက်စောစောအိပ်ရာ ထထချင်း DVB သတင်းထောက်တွေသာ သီးသန့်သုံးတဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ မောင်တောသတင်းထောက် ကိုအောင်ရဲ့ စာကို တွေ့လိုက်ရတော့ ရင်ထဲထိတ်သွားပါတယ်။

သတင်းထောက်တွေဟာ သူတို့အန္တရာယ်တစ်ခုခုကို ကြုံတွေ့တော့မယ်၊ အသက်အန္တရာယ်နီးနေပြီဆိုတာကို အနံ့ရရင် အယုံကြည်ရဆုံးမိတ်ဆွေ သတင်းထောက်တစ်ယောက်ယောက်ကိုဖြစ်ဖြစ်၊ သက်ဆိုင်ရာသတင်းဌာနကိုဖြစ်ဖြစ် အရေးပေါ်အကြောင်းကြားလေ့ရှိပါတယ်။ ဒါဟာသတင်းသမားတွေရဲ့လုံခြုံရေးအတွက် လိုက်နာရမယ့် စည်းကမ်းဖြစ်သလို မဖြစ်မနေလုပ်ရမယ့် အလုပ်တစ်ခုလည်း ဖြစ်ပါတယ်။ သတင်းသမားလုံခြုံရေးသင်တန်းတွေမှာလည်း ဒါကိုထပ်ခါထပ်ခါ သင်ယူလေ့ကျင့်ပေးလေ့ရှိပါတယ်။

သူသတင်းယူရတဲ့နေရာက လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခတွေ ပြင်းထန်တဲ့နေရာဖြစ်သလို ကမ္ဘာကစောင့်ကြည့်ခံနေရတဲ့ သတင်းတွေဖြစ်ပေါ်တတ်တဲ့ နေရာမို့ အသုံးအနှုန်းကအစ အတော်ကလေးသတိထားရတဲ့ အနေအထားမှာရှိပါတယ်။

အဲဒီလို ပြည်တွင်းသတင်းထောက်တွေက သတင်းမှန်တွေတင်ဆက်ဖို့ ကြိုးစားနေချိန်မှာပဲ နိုင်ငံတကာမှာ သတင်းကျင့်ဝတ်နဲ့မညီတဲ့ သတင်းတွေ ပျံ့နှံ့နေတာကို မြန်မာပြည်က သတင်းသမားတွေ သတိပြုမိကြပါတယ်။

သတင်းသမားတွေ အချင်းချင်း ဆုံတွေ့နေကြစကားဝိုင်းလိုလိုမှာ ငါတို့ရခိုင်က သတင်းမှန်တွေကို ဘယ်လိုရအောင် ကြိုးပမ်းကြမလဲ၊ ကမ္ဘာကို သတင်းမှန်တွေ ပြန့်အောင်ဘယ်လိုလုပ်ကြမလဲဆိုတဲ့ မေးခွန်းတွေကို မေးလေ့၊ ဆွေးနွေးလေ့ရှိပါတယ်။

အစိုးရသတင်းဌာနတွေက ဘယ်လောက်ပဲ သတင်းမှန်ကိုဖော်ပြပါစေ နိုင်ငံတကာ သတင်းအသိုင်းအဝိုင်းက အစိုးရကဖြန့်တဲ့သတင်းဆိုရင် ဝါဒဖြန့်မှုတွေများမယ်၊ အစိုးရကိုကာကွယ်ရေးသားတာတွေ လွှမ်းနေမယ်လို့ အခြေခံအားဖြင့် ယုံကြည်ထားကြပါတယ်။ တစ်နည်းပြောရရင် အစိုးရသတင်းဌာနလို့ ဆိုလိုက်ကတည်းက လွတ်လပ်မှု၊ မှန်ကန်မှုတွေ လျော့ပါးနေမယ်လို့ နိုင်ငံတကာသတင်းအသိုင်းအဝိုင်းက သတ်မှတ်ပြီးသားပါ။ သတင်း မှန်တွေကို ကိုယ်တိုင်ယူ၊ ကိုယ်တိုင်ကမ္ဘာကိုဖြန့်ဖို့ စိတ်အားထက်သန်ကြပါတယ်။

ဒါပေမဲ့ ပြည်တွင်း သတင်းသမားတွေအနေနဲ့က အခင်းဖြစ်ပွားတဲ့နေရာကို သွားရောက်သတင်းရယူဖို့ အခက်အခဲ အကန့်အသတ်တွေ ရှိနေပါတယ်။ သူတို့က အစိုးရကို သတင်းဖြစ်တဲ့ရပ်ဝန်းထဲ ဝင်ရောက်ပြီး ကိုယ်တိုင်သတင်းယူဖို့ အခါခွင့်သင့်တိုင်း တောင်းဆိုကြပါတယ်။ ဒါပေမဲ့ ပြည်ပြည့်ဝဝအောင်မြင်မှုမရခဲ့ပါဘူး။ အဲဒါကြောင့် ပြည်တွင်းသတင်းထောက်တွေဟာ ပြည်ပသတင်းဌာနတွေရဲ့ သတင်းမှားတွေကို ကြည့်နေမြင်နေရတဲ့အခါ အံတကြိတ်ကြိတ်ဖြစ်နေကြပါတယ်။ ငါတို့ကိုယ်တိုင် ဖြစ်တဲ့နည်းနဲ့ သတင်းမှန်တွေ ရအောင်ယူမယ်။ အမှန်တွေကို ကမ္ဘာသိအောင် အမြန်ဆုံးရေးကြမယ်၊ ပြောကြမယ်လို့ စိတ်ကူးပြီး အကြံအမျိုးမျိုးထုတ်နေကြပါတယ်။

အဲဒီကာလအတွင်းမှာပဲ မြန်မာနိုင်ငံက ခေတ်ပုံသတင်းထောက် ကိုဇေယျာမင်းနဲ့ ကိုခွန်လတ်တို့ နှစ်ယောက်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက သူလျှိုမှုနဲ့ ဖမ်းဆီးထိန်းသိမ်းထားတယ်ဆိုတဲ့သတင်း တက်လာပါတယ်။ မှတ်မှတ်ရရ စက်တင်ဘာ ၁၅ ရက် သောကြာနေ့မှာ သိလိုက်ရတာပါ။ ဖမ်းထားတာက စက်တင်ဘာ ၇ ရက်နေ့ကတည်းကတဲ့။ အဖမ်းခံရပြီး တစ်ပတ်လောက်အကြာမှ အဖမ်းခံထားတာ သိလိုက်ရတာဆိုတော့ တော်တော်စိတ်ပူသွားပါတယ်။ ဖမ်းဆီးနှိပ်စက် စစ်ဆေးမှုတွေများ ခံထားရသလား။ စိတ်ဒဏ်ရာတွေ၊ ကိုယ်ဒဏ်ရာတွေ ဘယ်လောက်များ ရထားပြီလဲ။

ဒီရက်ပိုင်းအတွင်း ဘင်္ဂလားဒေ့ရှ်ဘက်ကို အစ္စလာမ် ဘာသာကိုးကွယ်သူတွေ သိန်းနဲ့ချီထွက်ပြေးနေပုံတွေ၊ ဗုဒ္ဓဘာသာကိုးကွယ်သူ မြန်မာတိုင်းရင်းသားတွေ စစ်တွေဘက်ကို ထွက်ပြေးလာနေတာတွေ၊ လမ်းမှာအသတ်ခံရတဲ့သတင်းတွေ ဆက်တိုက်တက်နေပါတယ်။

နိုင်ငံတကာ သံတမန်မျက်နှာစာမှာလည်း မြန်မာနိုင်ငံရဲ့ပုံရိပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်ပုံရိပ်တွေ ကျဆင်းအောင်လုပ်လာတာကို သတိပြုမိပါတယ်။ ဘာသာရေး၊ လူမျိုးရေးမှိုင်းတိုက်သူတွေက တိုက်၊ တို့မီး ရှို့မီးလုပ်သူတွေကလုပ်၊ မိမိတို့အုပ်စုအနေချောင်ရေး၊ ဩဇာအာဏာထူထောင်နိုင်ရေးကိုသာ ရှေ့တန်းတင်ဝေဖန်ပြောဆိုနေကြတာတွေ နေ့စဉ်မြင်တွေ့နေရတော့ စိတ်ပျက်အားငယ်နေမိပါတယ်။

စက်တင်ဘာ ၁၆ ရက်နေ့မှာတော့ သတင်းထောက်နှစ်ယောက် ဘင်္ဂလားဒေ့ရှ်မှာ အဖမ်းခံရတဲ့ ပြဿနာကို သံတမန်နည်းနဲ့ဖြေရှင်းမယ်ဆိုတဲ့ ထုတ်ပြန်ချက်ကိုပြန်ကြားရေးဌာနက မဆိုင်းမတွ ထုတ်ပြန်လိုက်တာ တွေ့ရတော့ ရင်ထဲနည်းနည်းဖြေသာသလိုဖြစ်သွားပါတယ်။ မြန်မာသတင်းမီဒီယာကောင်စီ၊ ပဲန်မြန်မာ၊ MJN စတဲ့ သတင်းအဖွဲ့အစည်းတွေကလည်း သတင်းထောက်နှစ်ယောက် အမြန်ဆုံးပြန်လွှတ်ပေးနိုင်ရေး နိုင်ငံတော်အစိုးရကဆောင်ရွက်ပေးဖို့အတွက် မေတ္တာရပ်ခံလိုက်တဲ့စာကို လက်သွက်ခြေသွက်ထုတ်ပြန်လိုက်ပါတယ်။ သတင်းသမားတွေရဲ့ စုစည်းညီညွတ်မှုကို တွေ့ရတော့ အားတက်ရပြန်ပါတယ်။

ဒါပေမဲ့ တစ်နိုင်ငံကတစ်နိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေးအပေါ်မှာ စွက်ဖက်တာမျိုးလုပ်လို့ မရပါဘူး။ အဲဒါ နိုင်ငံတိုင်းလိုက်နာရမယ့်စည်းကမ်းဖြစ်တော့ သတင်းထောက်နှစ်ယောက် ပြန်လွတ်ရေးဟာ ထင်သလောက်မလွယ်ဘူးဆိုတာ သတိထားမိပါတယ်။

စက်တင်ဘာလ ၁၈ ရက်နေ့မှာတော့ ထိန်းသိမ်းခံ မြန်မာခေတ်ပုံ သတင်းထောက်နှစ်ဦးကိစ္စနဲ့ပတ်သက်ပြီး လိုအပ်တာတွေ ဆောင်ရွက်ပေးဖို့ ဒါကာမြို့မှာရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးကို ညွှန်ကြားထားတယ်လို့ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်ပါတယ်။ မြန်မာအစိုးရရဲ့ သွက်လက်ထက်မြက်တဲ့ လှုပ်ရှားမှုတွေကြောင့် အားတက်ရပြန်ပါတယ်။

မြန်မာအစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို နိုင်ငံတကာအသိုင်းအဝိုင်းက မခိုင်မာတဲ့သတင်းတွေနဲ့ ဝိုင်းဝန်းတိုက်ခိုက်နေချိန်မှာပဲ ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁၉ ရက်နေ့မှာ မိန့်ခွန်းပြောမယ်ဆိုတဲ့ သတင်းတွေတက်လာပါတယ်။ သူဘာပြောမလဲ။ ဘာသာရေးအစွန်းရောက်တွေ၊ လူမျိုးရေးအစွန်းရောက်တွေနဲ့ အာဏာငတ်မွတ်နေသူတွေကတော့ ဒေါ်အောင်ဆန်းစုကြည် ဘာပြောပြော ကန့်ကွက်ဖို့ ဖျာလိပ်လေးတကိုင်ကိုင်နဲ့ ပွဲလှန့်ဖို့ကြိုးစားနေတာတွေကို တွေ့ရပါတယ်။

ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောတာကို နားထောင်ခွင့်ရတော့ ကျွန်တော်တို့ထင်ထားတာထက် အများကြီးကျေနပ်မိပါတယ်။ မြန်မာနိုင်ငံတွင်းက အခြေအနေမှန်တွေကို လာကြည့်လှည့်ပါလို့ ဖိတ်ခေါ်လိုက်တာဟာ အများကိုအမှန်နဲ့ ဆန့်ကျင်ချေဖျက်ပြလိုက်တာပါ။ လူထုရဲ့ တစ်ခဲနက်ထောက်ခံမှုနဲ့ နိုင်ငံတကာသံတမန်တွေ ထောက်ခံမှုကို ပြန်လည်ရရှိလာပါတယ်။

စက်တင်ဘာလ ၂၂ ရက်နေ့မှာတော့ ရခိုင်ပြည်နယ်မြောက်ပိုင်းပဋိပက္ခနဲ့ပတ်သက်တဲ့ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာဖိအားတွေကို ထိပ်တိုက်ရင်ဆိုင်တာထက် ထိတွေ့ဆက်ဆံညှိနှိုင်းဖြေရှင်းသွားမှာဖြစ်တယ်လို့ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဦးကျော်တင်က ပြောပါတယ်။

စက်တင်ဘာလ ၂၃ ရက် စနေနေ့မှာတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ မြန်မာသတင်းထောက်နှစ်ဦး အာမခံရရှိသွားပြီဆိုတဲ့ သတင်းကို ကျွန်တော်တို့သတင်းခန်းမှာ သတင်းထောက်တွေ အားရဝမ်းသာပြောနေကြပါတယ်။

မြန်မာသတင်းလောကသားတွေက မြန်မာသတင်းထောက်တွေ ရင်ဆိုင်နေရတဲ့ အမှုနဲ့ပတ်သက်ပြီး တရားရင်ဆိုင်မှုတွေမှာ ရလဒ်ကောင်းတွေ ရလာဖို့ကိုလည်း မျှော်လင့်ချက်တွေ မြင့်တက်လာပါတယ်။

သတင်းသမားဆိုတာ သတင်းမှန်ရရေး၊ ပြည်သူတွေထံ သတင်းမှန်တင်ဆက်နိုင်ရေးကိုသာ ဦးထိပ်ထားကြိုးပမ်းနေသူတွေမို့ သတင်းထောက်ဗီဇာနဲ့သွားဖို့ အခက်အခဲရှိတဲ့အခါ ခရီးသွားဗီဇာနဲ့သွားရောက်သတင်းယူတာကို နားလည်ပေးမယ်လို့ သူတို့မျှော်လင့်ကြပါတယ်။

တစ်ပြိုင်တည်းမှာပဲ ကျွန်တော်တို့နိုင်ငံထဲကို နိုင်ငံခြားသတင်းထောက်တွေလာတဲ့အခါ သတင်းထောက်ဗီဇာရယူဖို့ အချိန်အခက်အခဲရှိရင် ခရီးသွားဗီဇာနဲ့ သတင်းလာယူတဲ့အခါ အပြန်အလှန် နားလည်ပေးမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ်မှန်တွေကို နိုင်ငံတကာမှာ တင်ပြလာဖို့ အခွင့်အလမ်းတွေ ပိုများလာမှာပါ။ တကယ်လို့ ကျင့်ဝတ်နဲ့မညီဘဲ သတင်းရေးသားခဲ့ရင်တော့ ပြင်းထန်တဲ့ ကန့်ကွက်မှုတွေကို နိုင်ငံတကာသတင်းအသိုင်းအဝိုင်းနဲ့အတူ လက်တွဲချေဖျက်နိုင်ဖို့ ကျွန်တော်တို့ ကြိုးစားရပါမယ်။

ဆက်သွယ်ရေး ပြတ်တောက်နေတာကြောင့် တစ်ယောက်အကြောင်းတစ်ယောက် သေသေချာချာ သိခွင့်မရလို့ တစ်ဖက်နဲ့တစ်ဖက် သံသယတွေ တိုးသည်ထက်တိုးကာ အမုန်းတရားတွေ ပွားများလာမှာကိုလည်း ကာကွယ်နိုင်မှာပါ။

ဘင်္ဂလားဒေ့ရှ်မှာ အဖမ်းခံထားရတဲ့ သတင်းထောက်နှစ်ယောက်ကို အခြေပြုပြီး တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပိုမိုနားလည်ပေးနိုင်အောင် ကြိုးပမ်းနိုင်မယ်ဆိုရင် အိမ်နီးချင်းနိုင်ငံနှစ် နိုင်ငံအရေးသာမက နိုင်ငံတကာအကြမ်းဖက်နှိမ်နင်းရေးကိုပါ အထူးအထောက်အကူပြုသွားမှာ သေချာပါတယ်။

မနက်လင်းလို့ ဖေ့ဘုတ်နဲ့ မျက်နှာသစ်မိတဲ့အခါ စိုးထိတ်မှုတွေ ကွယ်ပျောက်လို့ မင်္ဂလာနံနက်ခင်းတွေ ရောက်ရှိလာပါစေ။ ။

သတင်းထောက်တွေဟာ သူတို့အန္တရာယ်တစ်ခုခုကို ကြုံတွေ့တော့မယ်၊ အသက်အန္တရာယ်နီးနေပြီဆိုတာကို အနံ့ရရင် အယုံကြည်ရဆုံးမိတ်ဆွေ သတင်းထောက်တစ်ယောက်ယောက်ကိုဖြစ်ဖြစ်၊ သက်ဆိုင်ရာ သတင်းဌာနကိုဖြစ်ဖြစ် အရေးပေါ်အကြောင်းကြားလေ့ရှိပါတယ်။ ဒါဟာ သတင်းသမားတွေရဲ့လုံခြုံရေးအတွက် လိုက်နာရမယ့် စည်းကမ်းဖြစ်သလို မဖြစ်မနေလုပ်ရမယ့် အလုပ်တစ်ခုလည်း ဖြစ်ပါတယ်။ သတင်းသမားလုံခြုံရေး သင်တန်းတွေမှာလည်း ဒါကို ထပ်ခါထပ်ခါ သင်ယူလေ့ကျင့်ပေးလေ့ရှိပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမများကို နေ့စားလပေး ဆရာ ဆရာမများအဖြစ် ခန့်ထားမည်

နေပြည်တော် စက်တင်ဘာ ၂၆

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းညှိနှိုင်းချက်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိအခြေခံပညာကျောင်းများတွင် လက်ရှိတိုင်းရင်းသားစာပေ ဘာသာစကားသင်ကြားပေးနေသော တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမများ (ထောက်ပံ့ကြေး တစ်လကျပ် ၃၀၀၀၀ ရရှိနေသူ)ကို နေ့စားလပေး ဆရာ ဆရာမ (Teaching Assistant)များအဖြစ် ခန့်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

လက်ရှိ တာဝန်ထမ်းဆောင်နေသည့် တိုင်းရင်းသားစာပေဘာသာစကား သင်ကြားပေးနေသော ဆရာ ဆရာမများသည် ကျန်းမာရေးကောင်းမွန်၍ သတ်မှတ်ထားသော ကျောင်းစာသင်ချိန် စည်းကမ်းများအတိုင်း လိုက်နာသင်ကြားနိုင်သူဖြစ်ပြီး ဆက်လက်တာဝန် ထမ်းဆောင်လိုပါက ဆန္ဒပြုလွှာနှင့် ထောက်ခံချက်များကို ပညာရေးမှူးရုံးများမှ တစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ အဆိုပြုတင်ပြလျှောက်ထားရမည်ဖြစ်သည်။

အဆိုပြုလွှာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရုံးများနှင့် ဝန်ကြီးဌာန Facebook စာမျက်နှာ Ministry of Ethnic Affairs Myanmar တွင် ကြည့်ရှုရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဖုန်း-၀၆၇ ၃၄၀၉၃၁၁၊ ၀၆၇ ၃၄၀၉၃၁၅၊ ၀၆၇-၃၄၀၉၃၁၆၊ ၀၆၇-၃၄၀၉၃၁၇ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■

ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများကို ထိရောက်စွာ အရေးယူသွားမည်

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များအတွင်းတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အသိပေးနှိုးဆော်ထားသည်။ **(ကြေးမုံ)**

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၆။ ။ ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးလက်မခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်လေးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဝေန်မြစ်ရှိ ငါးသိုင်းချောင်းမြို့အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**

အသတ်ခံရလို့ သမီးလေးအလောင်း အရိုးကျနေရင်တောင် ကျွန်တော့်သမီးကို မှတ်မိပါတယ် သမီးလေး နောင်ဘဝ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မကြုံရပါစေနဲ့လို့ ဆုတောင်းပါတယ်

အာရှီးကူးမား

မောင်တောမြို့နယ် ရဲဘော်ကျကျေးရွာအနီး၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ ရက်စက်စွာသတ်ဖြတ်မြှုပ်နှံခဲ့သည့် ဟိန္ဒူဘာသာဝင်များ၏ ရုပ်အလောင်းများကို ဟိန္ဒူဘာသာဝင်များ၏ သတင်းပေးချက်အရ တာဝန်ရှိသူများက ပြန်လည်တူးဖော်ခဲ့ရာ စက်တင်ဘာ ၂၄ ရက်တွင် ရုပ်အလောင်း ၂၈ လောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ရုပ်အလောင်း ၁၇ လောင်းတို့ကို တူးဖော်တွေ့ရှိခဲ့သည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ ရက်စက်စွာသတ်ဖြတ်မြှုပ်နှံခဲ့သည့် ဟိန္ဒူဘာသာဝင်များ၏ ရုပ်အလောင်းများကို ပြန်လည်တူးဖော်ရာနေရာသို့ ရောက်ရှိနေသည့် သေဆုံးသွားသူများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့် တွေ့ဆုံကာ သေဆုံးခဲ့ရမှုနှင့်စပ်လျဉ်းပြီး တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်-

ရွှန်နီ

အာရှီးကူးမား

ဆလ်မွန်ဘာလာ

မာဒူးရီ

အော်နိုဗာလာ

မီနူ

ရွှန်နီ (မောင်တောမြို့နယ်၊ သစ်တုံးနားခွဆုံအုပ်စု၊ အိုးထိန်းကျေးရွာ)

ပထမတူးဖော်လို့ရတဲ့ အလောင်း ၂၈ လောင်းထဲမှာ ကျွန်တော့်အစ်ကိုရဲ့ အလောင်းပါတယ်။ အစ်ကို့နာမည်က ဟန်နူးပါ။ အစ်ကိုက သစ်တုံးနားခွဆုံကျေးရွာမှာ မိသားစုနဲ့ နေတာပါ။ သေတဲ့အလောင်းတွေကို စစ်ကြည့်တော့ အစ်ကိုဝတ်နေကျ အကျီကိုတွေ့ပြီး ကျွန်တော့်အစ်ကို ဆိုတာသိရတာပါ။ ခမောင်းဆိပ်မှာရှိတဲ့ သူ့သမီးဆီကို ညအိပ်အလည်သွားတယ်။ ပြဿနာဖြစ်တဲ့နေ့မှာ ခမောင်းဆိပ်မှာရှိတဲ့ ကျွန်တော်တို့ ဟိန္ဒူဘာသာဝင်တွေကို အကြမ်းဖက်တွေ ဖမ်းဆီးခေါ်ဆောင်သွားတဲ့အထဲ အစ်ကို ပါသွားပြီး လမ်းမှာ သတ်ပစ်လိုက်တာပါ။ ဟိန္ဒူဘာသာဝင် မိန်းကလေး ရှစ်ယောက်နဲ့ ကလေးတွေကို ဘင်္ဂလားဒေ့ရှ်ဘက် ဖမ်းခေါ်သွားပြီး မိန်းမတွေကို မုဒိမ်းကျင့်ပါတယ်။ အဲဒီ မိန်းမတွေနဲ့ ကျွန်တော်တို့ အဆက်အသွယ်ရခဲ့တယ်။ အစ်ကို့ရဲ့ မိန်းမနဲ့ ကလေးတွေလည်း သေလား ရှင်လား မသိရသေးဘူး။ တော်တော်များများကို အကြမ်းဖက်တွေက သတ်ပစ်လိုက်တယ်လို့သိရတယ်။ ကျွန်တော်တို့ ဟိန္ဒူဘာသာဝင်တွေနေတဲ့ ခမောင်းဆိပ်ကျေးရွာပတ်ပတ်လည်မှာက ဘင်္ဂါလီရွာတွေပါ။

အာရှီးကူးမား (မောင်တော ၄ ရပ်ကွက်)

ကျွန်တော်က မောင်တောမြို့မှာ မိသားစုနဲ့နေတာပါ။ အသတ်ခံရတဲ့အထဲမှာ ကျွန်တော့်မိန်းမရဲ့ မိဘတွေပါသွားတယ်။ သူတို့က ခမောင်းဆိပ်တောင်ရွာမှာ နေတာပါ။ ကျွန်တော့်သမီးလေးက မိန်းမရဲ့ မိဘတွေဆီမှာ နေပါတယ်။ အသတ်ခံရတဲ့အထဲမှာ ကျွန်တော့် သမီးရယ်၊ မိန်းမရဲ့ အဖေ၊ အမေနဲ့ ယောက်ဖပါသွားတယ်။ အခု တူးဖော်လို့ရတဲ့ အလောင်းတွေထဲမှာ မိန်းမရဲ့ အမေ အလောင်းရယ်၊ ယောက်ဖ အလောင်းရယ်ပါတယ်။ ကျွန်တော့်သမီးနဲ့ မိန်းမရဲ့ အဖေက ရှာလို့ မတွေ့သေးဘူး။ သမီးလေးက ခြောက်နှစ်ပဲရှိသေးတယ်။ မိန်းမက သူ့သမီးနဲ့ သူ့မိဘတွေ အသတ်ခံရလို့ စိတ်ကစဉ့်ကလျားဖြစ်နေပါတယ်။ အသတ်ခံရတဲ့သူတွေအကုန်လုံးက လည်ပင်းလှီးပြီး ရက်ရက်စက်စက် သတ်ဖြတ်ခံထားရတာပါ။ တချို့ ခြေတွေ၊ လက်တွေ ခုတ်ဖြတ်ထားတာ တွေ့ရတယ်။ သမီးလေးကို မြန်မြန်ရှာတွေ့ချင်ပါတယ်။ အသတ်ခံရလို့ သမီးလေးအလောင်း အရိုးကျနေရင်တောင် ကျွန်တော့်သမီးကို မှတ်မိပါတယ်။ သမီးလေး နောင်ဘဝ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မကြုံရပါစေနဲ့လို့ ဆုတောင်းပါတယ်။ အကြမ်းဖက်သမားတွက ဟိန္ဒူဘာသာဝင်တွေကို ရက်ရက်စက်စက် သတ်ဖြတ်ရုံမက အမျိုးသမီးတွေကိုပါ မုဒိမ်းကျင့်တယ်။ ကလေးတွေကိုလည်း ရက်ရက်စက်စက် သတ်ဖြတ်ထားပါတယ်။

ဆလ်မွန်ဘာလာ (ကြိမ်ချောင်းကျေးရွာ)

တူးဖော်လို့ရတဲ့ အလောင်းတွေထဲမှာ ကျွန်မ ယောကျ်ားရဲ့ ညီနှစ်ယောက်ပါတယ်။ ဘစ်စနီးယားနဲ့ ဟန်မွန်တီပါ။ နှစ်ဦးစလုံးက ကျွန်မနဲ့ မတ်တော်ပါတယ်။ သူတို့ရဲ့ အမျိုးသမီးတွေနဲ့ ကလေးတွေလည်း အသတ်ခံလိုက်ရပါတယ်။ မိသားစုတစ်စုက သားသမီးနှစ်ဦး၊ ကျန်တစ်စုက ကလေး သုံးဦးရှိပါတယ်။ အဲဒီကလေးတွေနဲ့ သူတို့မိန်းမတွေလည်း ရှာလို့မတွေ့သေးပါဘူး။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ကလေးတစ်ယောက် ပါသွားတယ်လို့ သိရတယ်။ အဲဒီသတင်းတွေက သူများဆီက တစ်ဆင့်ကြားရတာပါ။ ကျွန်မက အခုကြိမ်ချောင်းရွာမှာ နေပါတယ်။ ကျွန်မယောကျ်ားရဲ့ ညီနှစ်ယောက်က ခမောင်းဆိပ်မှာ ပန်းပဲဖို လုပ်တာပါ။

မာဒူးရီ (ခမောင်းဆိပ်တောင်ရွာ)

အသတ်ခံရတဲ့ထဲမှာ ကျွန်မညီမရယ်၊ သူ့ယောကျ်ားနဲ့ သားနှစ်ယောက်ပါသွားတယ်။ ဒီဖြစ်စဉ်မဖြစ်ခင်မှာ ကျွန်မက တမန်းသားရွာရောက်နေလို့ အသက်ရှင်ခဲ့ပါတယ်။ အခု တူးဖော်လို့ရတဲ့ အလောင်းတွေထဲမှာ ညီမ အလောင်းပါတယ်။ ကျွန်မ ညီမလက်မှာ လက်ကောက်ဝတ်ထားတယ်။ သူဝတ်နေကျလက်ကောက်ကိုကြည့်ပြီး ညီမ အလောင်းပါလို့ ပြောလို့ရတာပါ။ ကျွန်မညီမရဲ့ ယောကျ်ားနဲ့ သူ့သားနှစ်ယောက်အလောင်းကတော့ အခုအချိန်အထိ ရှာလို့မတွေ့သေးဘူး။

အော်နိုဗာလာ (ခမောင်းဆိပ်ကျေးရွာ)

တူးဖော်လို့ရတဲ့ အလောင်းတွေထဲမှာ ကျွန်မ ယောကျ်ားနဲ့ သားနှစ်ယောက်ပါတယ်။ အဲဒီနေ့က ကျွန်မ ယောကျ်ားဝတ်သွားတဲ့ အဝတ်အစားတွေ၊ သားတွေ ဝတ်ထားတဲ့ အဝတ်အစားတွေကို မှတ်မိနေတဲ့အတွက် ကျွန်မယောကျ်ားနဲ့ ကျွန်မသားတွေဆိုတာ ခွဲခြားနိုင်ခဲ့တယ်။ အလောင်းတွေမှာ လည်ပင်းလှီးပြီး ခြေတွေ၊ လက်တွေကို ဓားနဲ့ခုတ်ထားတဲ့ ဒဏ်ရာတွေ တွေ့ရတယ်။ တချို့ ခြေထောက်တွေဆို ပြတ်လုနီးပါးဖြစ်နေတယ်။ အဲဒီ အခင်းဖြစ်တဲ့အချိန်မှာ ကျွန်မက မောင်တော ရောက်နေလို့ အသက်ရှင်ခဲ့ပါတယ်။ ကျွန်မဆွေမျိုး ၁၅ ယောက်လောက်လည်း ပျောက်နေတယ်။ အခုအချိန်အထိ ရှာလို့မတွေ့သေးဘူး။ ကျွန်မတို့ ခမောင်းဆိပ်ရွာက ဟိန္ဒူဘာသာဝင်တွေကို အကြမ်းဖက်သမားတွေက သတ်ဖြတ်ခဲ့တာပါ။

မီနူ(မောင်တော ၄ ရပ်ကွက်)

ကျွန်မက မောင်တောမှာနေပါတယ်။ ခမောင်းဆိပ်တောင်ရွာမှာ သားနှစ်ယောက်ရယ် သမီးရယ်နေပါတယ်။ သားအကြီးနဲ့ သမီးက အိမ်ထောင်နဲ့ပါ။ သားတစ်ယောက်က လူပျိုပါ။ သားတွေက ခမောင်းဆိပ်မှာ ပန်းထိမ်လုပ်ငန်း လုပ်ပါတယ်။ မနေ့က နောက်ထပ် အလောင်းဖော်တဲ့ အထဲမှာ သားနှစ်ယောက် အလောင်းတွေ ပါလာပါတယ်။ သားအကြီးရဲ့ မိန်းမနဲ့ ကလေးရယ်၊ ကျွန်မသမီးနဲ့မြေးကို အကြမ်းဖက်သမားတွေက ဘင်္ဂလားဒေ့ရှ်ဘက်ကို ဖမ်းခေါ်သွားတယ်။ ဟိုဘက်မှာရှိတဲ့ ကျွန်မတို့ ဟိန္ဒူဘာသာဝင်တွေနဲ့ တွေ့လို့ ခေါ်ထားတယ်လို့ သိရတယ်။ သမီးနဲ့ ချွေးမတို့နဲ့လည်း ဖုန်းအဆက်အသွယ်ရပါတယ်။ သားတွေ ဖွင့်ထားတဲ့ ပန်းထိမ်လုပ်ငန်းက ရွှေတွေကို အကြမ်းဖက်သမားတွေ ယူသွားတယ်လို့ သိရပါတယ်။

တွေ့ဆုံမေးမြန်း - မင်းသစ်(MNA)
ဓာတ်ပုံ - နေလင်း

ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲ အသံစစ်ဆေးခြင်း ဘားအံမြို့တွင် ပြုလုပ်မည်

နေပြည်တော် စက်တင်ဘာ ၂၆

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်း ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးရည်ရွယ်ချက်များဖြင့် ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်း ပြုလုပ်ပေးလျက်ရှိသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲနှင့်ပတ်သက်၍ Level -1 ပဏာမအသံစစ်ဆေးခြင်းကို တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ မော်လမြိုင်မြို့၊ လားရှိုးမြို့၊ ပုသိမ်မြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ စစ်တွေမြို့၊ နေပြည်တော်၊ မန္တလေးမြို့နှင့် ဘားအံမြို့များ၌ ကျင်းပပေးလျက်ရှိရာ စက်တင်ဘာ ၂၈ ရက်တွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ အသံစစ်ဆေးခြင်း၊ စက်တင်ဘာ ၃၀ ရက်တွင် Stage Rehearsal ပြုလုပ်ခြင်း၊ အောက်တိုဘာ ၁ ရက်တွင် Level-1 Live ယှဉ်ပြိုင်ခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့်အညီ အကောင်အထည်ဖော် ဖြေရှင်းဆောင်ရွက်သွားမည်

စစ်တွေ စက်တင်ဘာ ၂၆
မောင်တောဒေသအတွင်း ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့်အညီ အကောင်အထည်ဖော် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့မွန်းလွဲ ၁၂ နာရီခွဲက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက "ပြီးခဲ့တဲ့ အကြမ်းဖက်ဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို စီမံခန့်ခွဲတဲ့နေရာမှာ လိုက်နာကျင့်သုံးရမယ့် ဥပဒေလိုအပ်တယ်။ တချို့နေရာတွေ မီးလောင်ပြင်ဖြစ်သွားတယ်။ မီးလောင်ပြင်တွေဟာ အစိုးရအနေနဲ့ စီမံခန့်ခွဲတဲ့မြေအဖြစ် ပြောင်းလဲသွားတယ်လို့ ဥပဒေအရ ဆိုကြတယ်။ မီးလောင်ပြင်ဖြစ်တဲ့ မြေတွေကို လုပ်ပိုင်ခွင့်ရှိတဲ့မြေအဖြစ် ပြောင်းလဲတဲ့အခါမှာ ခိုင်မာတဲ့ဥပဒေဟာ အမျိုးသားသဘာဝဘေးအန္တရာယ်ဥပဒေပဲဖြစ်ပါတယ်။ ခေါင်းစဉ်က သဘာဝဘေးစီမံခန့်ခွဲမှု ဥပဒေလို့ဆိုပေမယ့် အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ဘေးတစ်ခုလုံးနဲ့ သက်ဆိုင်တာဖြစ်လို့ ဒီဥပဒေအတိုင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ အကြမ်းဖက်မှုကြောင့် ဘေးအန္တရာယ်ကျရောက်တဲ့ နယ်မြေအဖြစ် သတ်မှတ်မယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ပြဋ္ဌာန်းထားတဲ့ နည်းဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရင် အမှန်တကယ် ထိရောက်အောင်မြင်ဆုံးဖြစ်မှာပါ။ ဒါကြောင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနဲ့ နည်းဥပဒေထဲကအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေကို ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေကို ၂၀၁၅ ခုနှစ်တွင် အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ ယင်းဥပဒေပေါ်အခြေခံ၍ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းခဲ့ရာ ကော်မတီဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဆောင်ရွက်ပြီး ဒုတိယဥက္ကဋ္ဌအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တာဝန်ယူဆောင်ရွက်လျက်ရှိကာ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနမှ ဝန်ကြီးများကို ကော်မတီအဖွဲ့ဝင်များအဖြစ် ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

ယနေ့အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
ဓာတ်ပုံ-မင်းထက်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အင်ဒိုနီးရှားနိုင်ငံမှ လှူဒါန်းသော စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်

စစ်တွေ စက်တင်ဘာ ၂၆
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရဟတ်ယာဉ်ဖြင့် စစ်တွေမြို့မှ ရသေ့တောင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်ပြီး အင်ဒိုနီးရှားနိုင်ငံမှ လှူဒါန်းသော စားနပ်ရိက္ခာများကို ကူညီထောက်ပံ့ပေးအပ်သည်။

ယနေ့ ကူညီထောက်ပံ့ပေးခဲ့သော ကျေးရွာများမှာ စေတီပြင်ကျေးရွာ၊ သာယာကုန်းကျေးရွာနှင့် အနောက်ပြင်ကျေးရွာတို့ဖြစ်သည်။ အဆိုပါကျေးရွာများအား အင်ဒိုနီးရှားနိုင်ငံမှ ကူညီထောက်ပံ့ပေးသော ငါးသေတ္တာ၊ ဘီစကစ်နှင့် အခြားစားနပ်ရိက္ခာများ၊ အိမ်ထောင်စုအလိုက် အသုံးစရိတ်ငွေများကိုလည်း ကူညီထောက်ပံ့ပေးခဲ့ပြီး အားပေးနှစ်သိမ့်စကားများ ပြောကြားခဲ့သည်။

အဆိုပါခရီးစဉ်တွင် အနောက်ပြင်ကျေးရွာ ပြည်သူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် အကြမ်းဖက်မှုကို လုံးဝမလိုလားကြောင်း၊ အားလုံးကလည်း အကြမ်းဖက်မှုလိုလားမည်မဟုတ်ကြောင်း၊ အကြမ်းဖက်မှုသည် ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ခံစားရမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဒေသနေပြည်သူတွေအားလုံးတွင် တာဝန်ရှိကြောင်း၊ ထို့ကြောင့် ဒေသတည်ငြိမ်အောင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်တွင် မပါသော၊ ရိုးသားစွာနေထိုင်သော ကျေးရွာပြည်သူများကို နိုင်ငံတော်အနေဖြင့် စောင့်ရှောက်ရမည့် ဝတ္တရားရှိကြောင်း၊ ထို့ကြောင့် လိုအပ်သောရိက္ခာများကိုလိုက်လံဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ယခုကူညီထောက်ပံ့မှုမှာ လတ်တလော အင်ဒိုနီးရှားနိုင်ငံက ခွဲခြားမှုမရှိဘဲ အေးချမ်းစွာနေထိုင်သော ပြည်သူများအားလုံးအတွက် ထောက်ပံ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အနောက်ပြင်ကျေးရွာမှ ပြည်သူများကလည်း မိမိတို့ကျေးရွာအနေဖြင့် အကြမ်းဖက်မှုတွင် ပါဝင်သူမရှိကြောင်း၊ အကြမ်းဖက်မှုကိုလည်း မလိုလားပါကြောင်း၊ အေးချမ်းစွာနေထိုင်လျက်ရှိကြောင်း ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရသေ့တောင်မြို့နယ် ဒေသခံတိုင်းရင်းသားအများစုနေထိုင်သော စေတီပြင်ကျေးရွာသို့ ရောက်ရှိပြီး စေတီပြင်နှင့် သာယာကုန်းကျေးရွာအတွင်းရှိ ပြည်သူများနှင့်တွေ့ဆုံပြီး နှစ်သိမ့်အားပေးစကားပြောကြားကာ အဆိုပါကျေးရွာရှိ ကလေးငယ်များအား မုန့်နှင့် ကလေးကစားစရာအရုပ်များ ပေးဝေခဲ့သည်။ ထို့အပြင် အဆိုပါ ကျေးရွာများရှိ အိမ်ထောင်စု ၇၀၇ စုအတွက် ငွေကျပ် ၁၄၁၁၀၀၀၀ သိန်းကို မိသားစု အသုံးစရိတ်အဖြစ် ကူညီထောက်ပံ့ပေးသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ယနေ့သွားရောက်ကူညီထောက်ပံ့သော အနောက်ပြင်ကျေးရွာ၌ အိမ်ထောင်စု ၆၁၅ စုတွင် လူဦးရေ ၂၇၇၀ ရှိပြီး ဒေသခံတိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များနေထိုင်ရာ စေတီပြင်ကျေးရွာနှင့် သာယာကုန်းကျေးရွာတို့၌ အိမ်ထောင်စု ၇၀၇ စုတွင် လူဦးရေ ၃၇၂၀ ဦးရှိကြောင်း သိရသည်။

(သတင်းအဖွဲ့)

လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရာတွင် Red Cross Movement ၏ အကောင်အထည်ဖော်မှုများ စနစ်တကျဆောင်ရွက်နိုင်ရေး ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၆
ARSA အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လူသားချင်းစာနာထောက်ထားမှုအကူအညီလိုအပ်သူအားလုံးကို Red Cross Movement ဖြင့် ကူညီထောက်ပံ့မှုများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို စစ်တွေမြို့ ပြည်နယ်အစိုးရဧည့်ရိပ်သာခန်းမ၌ စက်တင်ဘာ ၂၅ ရက် ည ၇ နာရီက ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ Red Cross Movement တွင် ပါဝင်သော မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS)၊ ICRC နှင့် IFRC တို့မှ တာဝန်ရှိသူများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် Red Cross Movement ၏ လိုက်နာဆောင်ရွက်ရမည့် အသေးစိတ်လုပ်ငန်းအဆင့်ဆင့်တွင် ပါဝင်သော Standard Operation Procedure (SOP) မူကြမ်းကို ဆွေးနွေးညှိနှိုင်းကြသည်။

ARSA အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရခိုင်ပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စနစ်ကျသော စီမံခန့်ခွဲမှုဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရဧည့်ရိပ်သာခန်းမ၌ ကျင်းပခဲ့သည်။**(ယာပုံ)**

ARSA အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်သည် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ(၂၀၁၃) အခန်း(၁) အပိုဒ် ၂(ခ)အရ ဘေးအန္တရာယ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ပါဝင်သဖြင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို အဆိုပါ ဥပဒေနှင့် စီမံခန့်ခွဲမှုနည်းဥပဒေ(၂၀၁၅)အရ ဆောင်ရွက်သွားရန် ညှိနှိုင်းဆွေးနွေးကြသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု နည်းဥပဒေ (၂၀၁၅) အခန်း(၉)အရ ဘေးအန္တရာယ်ကျရောက်ပြီးအဆင့်တွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

မြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ အသိပညာပေးသင်တန်းဖွင့်

ဇလွန် စက်တင်ဘာ ၂၆
ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးတွင် လပွတ္တာခရိုင် သင်တန်းတာဝန်ခံ ဦးကျော်ဝင်း(ဒုတိယညွှန်ကြားရေးမှူး)၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်စန်းနှင့် တာဝန်ရှိသူများက ၂၀၁၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြသည်။ အဆိုပါသင်တန်းကို နှစ်ရက်ကြာ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ငွေသန်း(ပြန်/ဆက်)

“ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ”
INTERNATIONAL DAY OF OLDER PERSONS
“သက်ကြီးသူတို့စွမ်းဆောင်အား၊ ရပ်ရွာအတွင်းအလေးထား၊ အနာဂတ်အတွက်ခြေလှမ်းများ”
“Stepping into the Future: Tapping the Talents, Contributions and Participation of Older Persons in Society”
HelpAge International
နေပြည်တော် ၁.၁၀.၂၀၁၇

မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာကိုးရွာအား အရင်းမပျောက်မတည်ငွေများ ပေးအပ်

ရေတာရှည် စက်တင်ဘာ ၂၆
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွေးချယ်ထားသော မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာကိုးရွာအား တစ်ရွာလျှင် အရင်းမပျောက်မတည်ငွေကျပ် သိန်း ၃၀၀ စုစုပေါင်း ကျပ်သိန်း ၂၇၀၀ ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်ပွဲတွင် တာဝန်ရှိသူများက ကျေးလက်ဒေသများတွင် ဆင်းရဲမှုပပျောက်စေရေးနှင့် လူမှုအကျိုး စီးပွား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာအသီးသီး၌ ရွေးချယ်ဖွဲ့စည်းထားသော ဆပ်ကော်မတီအသီးသီးသည် လုပ်ငန်းများ ဆောင်ရွက်ရာ၌ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်ရန်ပြောကြားခဲ့သည်။

ယနေ့ကျင်းပသော အခမ်းအနားတွင် စီမံကိန်းဝင်ကျေးရွာများမှ ကော်မတီဝင်များအား တာဝန်ရှိသူများက တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်း

မိုးမိတ် စက်တင်ဘာ ၂၆
(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့ နံနက်ပိုင်းက မိုးမိတ်ခရိုင်၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီး ညီညီလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းအောင်၊ မိုးမိတ်မြို့မရဲစခန်းမှူး ဒု-ရဲမှူး သန်းထိုက်ဦးနှင့် တပ်ဖွဲ့ဝင် ၁၈ ဦးတို့သည် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ သွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ကိုယ်ဝန်ဆောင်များအား ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး

ကန်ကြီးထောင့် စက်တင်ဘာ ၂၆
ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သုံးလအထက် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ရာသီတုပ်ကွေး(H1N1) ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်သူနာပြုဆရာမကြီး ဒေါ်စိုးစိုးကြည်၊ အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်ခင်စန်းလတ်နှင့် ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များမှ သုံးလအထက် ကိုယ်ဝန်ဆောင်အမျိုးသမီး စုစုပေါင်း ၇၈ ဦးတို့အား ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့သည်။

နန်းထိုက်(ပြန်/ဆက်)

လယ်ယာမြေနှင့် လူ့အခွင့်အရေးဆိုင်ရာ အမြင်ဖွင့်သင်တန်းဖွင့်

ကျိုက်မရော စက်တင်ဘာ ၂၆
မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း စပါးစိုက်ပျိုးနေသောတောင်သူများအား လယ်ယာမြေနှင့် လူ့အခွင့်အရေးဆိုင်ရာ အမြင်ဖွင့်သင်တန်းကို စက်တင်ဘာ ၂၆ ရက်က ရန်မျိုးအောင်ရပ်ကွက် ကြက်ခြေနီခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းတွင် တောင်သူများအား လယ်ယာမြေ၏ အဓိပ္ပာယ်၊ လယ်ယာမြေဥပဒေ၊ လယ်ယာမြေခွင့်ပြုလက်မှတ်ပုံစံ(၇) အကြောင်းအရာများ၊ လူ့အခွင့်အရေး အခြေခံအချက်အလက်များ စသည့် အကြောင်းအရာများကို တရားလွှတ်တော်ရှေ့နေ ဒေါ်မိုးမိုးသူ၊ အထက်တန်းရှေ့နေ ဒေါ်ချိုနွယ်ဦးနှင့် တရားလွှတ်တော်ရှေ့နေ ဒေါ်အေးသူဇာလှိုင်တို့က သင်ကြားပို့ချပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ တောင်သူ ၄၂ ဦးတက်ရောက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျောင်းကျန်းမာရေးဟောပြောပွဲနှင့် နွားနို့အာဟာရတိုက်ကျွေးပွဲ ကျင်းပ

မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၆
မော်လမြိုင်ကျွန်းမြို့နယ် နေရှင်နယ်အမကကျောင်း၌ စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးအသိပညာပေး ဟောပြောပွဲနှင့် နွားနို့အာဟာရတိုက်ကျွေးပွဲ ကျင်းပသည်။

တာဝန်ရှိသူများက နွားနို့အာဟာရများအကြောင်းနှင့် ခွေးရူးပြန်ရောဂါအကြောင်း ကျန်းမာရေးပညာပေး ဟောပြောဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများအား နွားနို့အာဟာရများ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပေါင်းပင်များနှင့်အမှိုက်များ စုပေါင်းရှင်းလင်း

မင်းတပ် စက်တင်ဘာ ၂၆
(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက်က မင်းတပ်မြို့ အထက(၁)ကျောင်းဝင်းနှင့် မင်းတပ်-မတူပီကားလမ်းဘေးရှိ ချုံနွယ်ပေါင်းပင်များနှင့် အမှိုက်များကို မင်းတပ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဌေးလွင်နှင့် ခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက စုပေါင်းရှင်းလင်းခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော စက်တင်ဘာ ၁၃ ရက်မှ စက်တင်ဘာ ၂၀ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

(ယမန်နေ့မှအဆက်)

စဉ်	စာအုပ်အမည်	စာရေးသူ	ဈေးနှုန်း	ထုတ်ဝေသည့်တိုက်
၃၃	သဲကြီးမဲကြီး	မောင်စိုးသူ	၄၀၀၀	ဘဝတက္ကသိုလ်
၃၄	အနုပညာမပါတဲ့ အနုပညာ	ဇော်ဇော်အောင်	၁၅၀၀	စိတ်ကူးချိုချို
၃၅	လူ့ဂုဏ်သိက္ခာနှင့် လူ့တန်ဖိုး	မောင်ငြိမ်းအေး	၁၂၀၀	ရွှေပေ
၃၆	အာဏာနှင့် သာသနာ	မောင်ငြိမ်းအေး	၂၀၀၀	ရွှေပေ
၃၇	(၂၁)ရာစု၏ မြန်မာ့ပညာရေး ကမ္ဘာ့ပညာရေး	မောင်ငြိမ်းအေး	၂၀၀၀	ရွှေပေ
၃၈	စာပေရေးသားခြင်းအနုပညာ	ကလောင်စုံ	၁၅၀၀	ရွှေပေ
၃၉	မြန်မာ့ဒီမိုကရေစီခရီးနှင့် သူရဦးတင်ဦး (ဒုတိယတွဲ)	တက္ကသိုလ်စိန်တင်	၅၀၀၀	ခူဝံ
၄၀	တက်တူး	ရိုးမြေ	၂၀၀၀	နှစ်ကာလများ
၄၁	သူငယ်ချင်းတင်မိုး-မိုးမခဆောင်းပါးများ	မောင်စွမ်းရည်	၄၀၀၀	ငါတို့စာပေ
၄၂	မလေးကောက်ကြောင်း Malay Sketches	မိုးသက်ဟန်	၃၀၀၀	ငါတို့စာပေ
၄၃	ခြေလေးချောင်းတော်လှန်ရေး (စတုတ္ထအကြိမ်)	သခင်ဘသောင်း	၂၀၀၀	တိုးမြစ်
၄၄	ပေါင်းနှင့်ပေါင်းသတ်ဆေး	ကောင်းမှန်-ကံမြင့်	၅၀၀၀	မျိုးဆက်သစ်
၄၅	ပထမံဆရာအောင်	ဒဂုန်ခင်ခင်လေး	၂၀၀၀	စိတ်ကူးချိုချို
၄၆	အကဲဆတ်သော ရခိုင်ပြည်နှင့် ပဋိပက္ခများကို ဆန်းစစ်ခြင်း	နေစိုးထက်	၂၅၀၀	စိတ်ကူးသစ်
၄၇	အသစ်မြင် မြန်မာပြည်ငြိမ်းချမ်းရေး	မောင်မောင်စိုး	၂၀၀၀	ခူဝံ
၄၈	အနာဂါရိကဓမ္မပါလ သူတော်စင်	ဆုပြည့်စုံထွန်းအယ်ဒီတာ	၂၀၀၀	ဆုပြည့်စုံထွန်းစာပေ
၄၉	လုံးဝလက်မလျှော့လိုက်ပါနဲ့	အောင်စည်သာ	၃၀၀၀	စိတ်ကူးချိုချို
၅၀	အသက်သည်သွေးသွေးသည်လည်းအသက်	မောင်စိုးထိုက်(သုံးဆယ်)	၄၅၀၀	အမေ့သားထိုက်စာပေ
၅၁	ပညာပွင့်ဝေဝေ စံပြစာစီစာကုံးများ	ကလောင်စုံ	၂၅၀၀	အောင်သပြေစာပေ
၅၂	ရေကြည်တစ်ပေါက်	ကျော်ဦး	၄၀၀၀	ပါရမီ
၅၃	အဖမြေသို့အပြန်နှင့်အခြားဝတ္ထုတိုများ	ကြည်ပြာမောင်(သဇင်မြေ)	၂၀၀၀	ဘဝပင်လယ်
၅၄	နှမ်းခိုးစားသော မင်းသားငယ်	ကိုလင်း	၁၅၀၀	ဆုပြည့်စုံထွန်းစာပေ
၅၅	ခြင်္သေ့ကြီးနှင့်ကြွက်ကလေး	ကိုလင်း	၁၅၀၀	ဆုပြည့်စုံထွန်းစာပေ
၅၆	အမြော်အမြင်ရှိမှ အသက်ရှည်သည်	ကိုလင်း	၁၅၀၀	ဆုပြည့်စုံထွန်းစာပေ
၅၇	ဆရာအာခံ အာခေါင်လှံစူး	ကိုလင်း	၁၅၀၀	ဆုပြည့်စုံထွန်းစာပေ
၅၈	မပုကြွယ်နှင့် ခရုငယ်	ကိုလင်း	၁၅၀၀	ဆုပြည့်စုံထွန်းစာပေ
၅၉	လိမ္မာသော ကျီးကန်းကြီး	ကိုလင်း	၁၅၀၀	ဆုပြည့်စုံထွန်းစာပေ
၆၀	မျှတစွာ ခွဲဝေခြင်း	ကိုလင်း	၁၅၀၀	ဆုပြည့်စုံထွန်းစာပေ
၆၁	လာဘ်လာဘကြောင့် အပြစ်ရ	ကိုလင်း	၁၅၀၀	ဆုပြည့်စုံထွန်းစာပေ
၆၂	သစ်ခုတ်သမားနှစ်ဦး	ကိုလင်း	၁၅၀၀	ဆုပြည့်စုံထွန်းစာပေ

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကယားပြည်နယ်ဦးစီးဌာနရုံး ဆောက်လုပ်နိုင်ရေး စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၆

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ရုံးများကို စတင်ဖွင့်လှစ်နေပြီဖြစ်သည်။

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တွေ့ဆုံပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ကယားပြည်နယ်ရုံး အဆောက်အအုံအသစ် ဆောက်လုပ်မည့်မြေနေရာ သတ်မှတ်ပေးနိုင်ရေး၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ ဆောင်ရွက်သည့် အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပနိုင်ရေး၊ တိုင်းရင်းသားစာပေစကားများကို ထိန်းသိမ်းစောင့်ရှောက်ရေး စသည့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှမျိုးဆွေတို့နှင့်အတူ ဦးစီးဌာနရုံးအဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာသို့ သွားရောက်ကြည့်ရှုရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ကယားပြည်နယ်အစိုးရအဖွဲ့ရုံး မြေညီထပ်တွင် ဖွင့်လှစ်ထားသည့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဦးစီးဌာနများ၏ ကယားပြည်နယ်ရုံးသို့ ရောက်ရှိကြပြီး ရုံးဖွင့်လှစ်ထားရှိမှုနှင့် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ မှာကြားသည်။

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဆောက်လုပ်မည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်နယ်ဦးစီးဌာနရုံး အဆောက်အအုံသည် ပေ ၈၀ × ပေ ၆၀ အကျယ် သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတွင် ပထမဆုံးရွှေဗဟိုဈေးကွက်ကြီးထူထောင်မည်

ရန်ကုန် စက်တင်ဘာ ၂၆

ကမ္ဘာ့ရွှေဈေးကွက်သို့ မြန်မာအမှတ်တံဆိပ်နှင့် ရွှေချောင်းများထုတ်လုပ်တင်ပို့နိုင်သည်အထိ ကြိုးပမ်းမည့် မြန်မာနိုင်ငံ၌ ပထမဆုံးသော နိုင်ငံတကာ အဆင့်မီရွှေဗဟိုဈေးကွက်ကြီး စတင်ထူထောင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆန်းမစ်ပတ်(ခ်)ဗျူးဟိုတယ်၌ ပြုလုပ်သော မြန်မာနိုင်ငံ၌ ဆောင်ရွက်မည့် နိုင်ငံတကာအဆင့်မီ ရွှေ၊ ရွှေဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာနှင့် ပစ္စည်းများ၊ ကျောက်မျက်ရတနာ အချောထည်များနှင့် မြန်မာ့တွင်းထွက် သတ္တုသယံဇာတများ ရောင်းဝယ်ဖောက်ကားရေး ဗဟိုဈေးကွက် ဖော်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရွှေဈေးကွက်ကြီးဖွံ့ဖြိုးဖို့လိုလားပါတယ်။ ဒီအတွက် ဒီကနေ့အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ရွှေဈေးကွက်က မဖွံ့ဖြိုးဘူးလားဆိုတော့ ဖွံ့ဖြိုးပါတယ်။ ဒါပေမယ့် စနစ်တကျဖွံ့ဖြိုးဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရွှေဈေးကွက်ဟာ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းတွေလည်း ရှိလာမှာဖြစ်ပါတယ်။ ရွှေဈေးကွက်နဲ့အတူ ကျောက်စိမ်းဈေးကွက်၊ ကျောက်မျက်နဲ့ ရွှေစပ်ထားတဲ့ ရွှေသတ္တုဈေးကွက်တွေကို စနစ်တကျဖွံ့ဖြိုးလာအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ်က ဆိုသည်။

အဆိုပါ ရွှေဗဟိုဈေးကွက်ကြီးကို ရန်ကုန်မြို့မှ စတင်ထူထောင်သွားမည်ဖြစ်ကြောင်း၊ ဒုတိယဈေးကွက်သည် မန္တလေးမြို့ဖြစ်လာမည်ဖြစ်ကြောင်း၊ ရွှေဈေးကွက်ကြီးပေါ်ပေါက်လာရေးအတွက် အစိုးရဌာနဆိုင်ရာများက ပါဝင်ဆောင်ရွက်ရမည့်အပိုင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများက ပါဝင်ရမည့်အပိုင်းတို့ကို နိုင်ငံတကာအဆင့်စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ Shanghai Gold Exchange မှ ဥက္ကဋ္ဌ Mr.Jiao Jinpu နှင့် တာဝန်ရှိသူများ၊ Hong Kong Myanmar Chamber of Commerce မှ တာဝန်ရှိသူများ၊ မြန်မာရွှေလုပ်ငန်းရှင်အသင်းမှတာဝန်ရှိသူများ၊ မြန်မာရွှေ ကျောက်မျက်၊ သတ္တုဗဟိုဈေးကွက်ဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

"ဒီရွှေဗဟိုဈေးကွက်ကြီး အောင်မြင်လာပြီဆိုရင် မြန်မာအမှတ်တံဆိပ်နဲ့ ရွှေချောင်းတွေ ပြည်ပကိုတင်ပို့တာပဲဖြစ်ဖြစ်၊ ပြည်ပကနေ မြန်မာနိုင်ငံထဲကို ရွှေတင်သွင်းတာဖြစ်ဖြစ် ဗဟိုဘဏ်ရဲ့ ဥပဒေမှာ ပြဋ္ဌာန်းချက်နဲ့အညီ တင်ပို့ခွင့်၊ တင်သွင်းခွင့်တွေက ဗဟိုဘဏ်က ထုတ်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ဗဟိုဘဏ်နိုင်ငံခြားငွေစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်က အဆိုပါအခမ်းအနားတွင် ပြောကြားသည်။

အခမ်းအနားတွင် မြန်မာရွှေ၊ ကျောက်မျက်၊ သတ္တု၊ ဗဟိုဈေးကွက်ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်ဟန်ကလည်း ရွှေဗဟိုဈေးကွက်ဖော်ဆောင်နေမှုနှင့် ထူထောင်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့အပြင် Shanghai Gold Exchange ဥက္ကဋ္ဌ Mr. Jiao Jinpu ကလည်း တရုတ်နိုင်ငံ၏ ရွှေဈေးကွက်အခြေအနေများနှင့် လက်ရှိရွှေဈေးကွက်အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း မြန်မာနိုင်ငံတွင် ရွှေဗဟိုဈေးကွက်ထူထောင်မှုကို ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ကြေးမုံ)**

❒ တူးဖော်ရရှိ ဟိန္ဒူဘာသာဝင် ၄၅ ဦးမှ

ရုပ်အလောင်း ၁၇လောင်းကို ထပ်မံတူးဖော်တွေ့ရှိခဲ့သည်။ ရှာဖွေမှုများ ယနေ့ဆက်လက်ဆောင်ရွက်ခဲ့ရာ ရုပ်အလောင်းများ ထပ်မံမတွေ့ရှိရသေးကြောင်း၊ ရှာဖွေတူးဖော်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟိန္ဒူဘာသာဝင် ကူညီရေးခေါင်းဆောင်နှင့် ရဲဘော်ကျကျေးရွာရှိ ဟိန္ဒူဘာသာဝင်များက တူးဖော်တွေ့ရှိခဲ့သည့် ရုပ်အလောင်း ၄၅ လောင်းအား ကြည့်၍ သေဆုံးသူ၏အမည်များကို အတည်ပြုပေးခဲ့ရာ ရုပ်အလောင်း ၂၅ လောင်း၏အမည်များမှာ ရဲဘော်ကျကျေးရွာမှ ဟိန္ဒူဘာသာဝင်များဖြစ်သည့် မတ်ရာလောင် (၁၈)နှစ် (ဘ) ဦးဇော်တိန်ဒေါင်း၊ အာရှိကူးမား (၂၀)နှစ် (ဘ) ဦးဆောင်းလောင်ဂါ၊ ဒေါ်အောင်ဒူဘာလာ (၅၀) နှစ် (ဘ) ဦးရော်မွန်ထီး၊ ဒေါ်ဘီကျူနီ (၄၅) နှစ် (ဘ) ဇော်မာတူမာ၊ မဂေါ်ရာလီ (၃၅)နှစ် (ဘ)ဦးကိုးဘား၊ မမယ်နော်ဘာလား(၃၂)နှစ် (ဘ) ဦးကျားနောင်နော်၊ မဘီဂျော်ဘန်လာ(၃၀) နှစ် (ဘ) ဦးထူးတော်၊ မဒိုဂယ်နော်ဘာလား(၂၅)နှစ် (ဘ)ဦးကျားနောင်နော်၊ မဘီရိုနာ (၂၅)နှစ် (ဘ) ဦးကျားနောင်နောင်၊ မဆူလာနီ(၂၂)နှစ် (ဘ) ဦးမော်နု၊ အောင်ဇူဘာလာ(၅၀)နှစ် (ဘ)ရော်မွန်နီ၊ မြင့်လှိုင် (၁၉)နှစ်၊ (ဘ)ဦးဇော်တိန်ဖြေ၁်၊ ဘီရော်ဘာလာ(၃၀)နှစ် (ဘ)မော်တူးနော်၊ ဘီဂျူလီ(၄၅)နှစ် (ဘ) အောင်ကွန်မာ၊ ဘူးနာနီး(၂၁) နှစ် (ဘ) ဦးမော်နူး၊ ဂယ်နော်ဘာလား (၃၅) နှစ် (ဘ)ရှားနောင်တောင်၊ ရော်ရာနီ(၃၅)နှစ် (ဘ)ရိုဖာ၊ မယ်တော်ဘာလာ(၃၀)နှစ် (ဘ)ရှားနားတောင်၊ မယ်လောင် (၁၈)နှစ် (ဘ) ဇော်ဒိန်းရောင်း၊ အာခွိုးကူမာ (၂၀) နှစ် (ဘ)ဘောင်လောင်းဒါး၊ ဘီရှုနာ(၂၅)နှစ် (ဘ) ရှားနောင်တော်၊ ဇော်တိန်ဖြေ၁် (၅၅)နှစ် (ဘ) ရှူနာဒေါ်နီ၊ အယ်မောင်တော်(၂၅)နှစ် (ဘ)ဦးဘီမော်နှင့် ဘီရှုနီယာ (၃၅) နှစ် (ဘ) ဦးဘီမော် တို့ဖြစ်ပြီး ရာဂျူး (၂၂) နှစ် (ဘ)ဦးဖြမ်းမော်ရီသည် တမန်းသားအနောက်ရွာမှ ဖြစ်ကြောင်း သိရသည်။

ရှာဖွေတူးဖော်ရရှိခဲ့သော ရုပ်အလောင်း ၄၅ လောင်းကို မောင်တောခရိုင် ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာ ကျော်မောင်မောင်အေး၊ မြို့နယ်တရားသူကြီး ဦးဇော်ဇော်သန်း၊ မှုခင်းတပ်ဖွဲ့မှ ရဲမှူးရဲအောင်တို့က စိစစ်ရာ လက်ပြန်ကြိုးတုပ်လျက်တွေ့ရှိရပြီး လည်ပင်းလှီးဖြတ်ဒဏ်ရာ၊ ချွန်ထက်သောအရာများဖြင့် ထိုးသွင်းထားသော ဒဏ်ရာများကြောင့် လွန်ခဲ့သော တစ်လခန့်က သေဆုံးခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရရှိပြီး ရုပ်အလောင်းများကို ရင်ခွဲစစ်ဆေးမှုများ ပြုလုပ်ကာ ဒဏ်ရာ၊ ဒဏ်ချက်များအား အသေးစိတ်စိစစ်၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မောင်တောဒေသအတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသူနှင့် ပျောက်ဆုံးနေသူ စုစုပေါင်း ၂၅၄ ဦးရှိ

နေပြည်တော် စက်တင်ဘာ ၂၆

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ စီးနင်းတိုက်ခိုက်မှုကြောင့် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်မှ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၄ ရက်ထိ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ စာကြည့်တိုက်မှူး၊ နိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြစ်မဲ့ပြည်သူများ အပါအဝင် ၇၉ ဦး သေဆုံးခဲ့ပြီး အကြမ်းဖက်သမားများ၏ ဖမ်းဆီးခေါ်ဆောင်သွားမှုကြောင့် အပြစ်မဲ့ပြည်သူ ၃၇ ဦး ပျောက်ဆုံးခဲ့သည်။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်က ARSA အစွန်းရောက်အကြမ်းဖက်သမားများက အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ စက်တင်ဘာ ၂၆ ရက် (ယနေ့)အထိ သေဆုံးခဲ့သည့် ဟိန္ဒူဘာသာဝင်များ၊ ရခိုင်တိုင်းရင်းသားများ၊ ဒိုင်းနက်၊ မြို၊ နိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြစ်မဲ့ပြည်သူများ အပါအဝင် ၈၄ ဦး သေဆုံးခဲ့ပြီး အကြမ်းဖက်သမားများ၏ ဖမ်းဆီးခေါ်ဆောင်သွားမှုကြောင့် အပြစ်မဲ့ပြည်သူ ၅၄ ဦး ပျောက်ဆုံးခဲ့သည်။

မောင်တောဒေသအတွင်း အောက်တိုဘာ ၉ ရက်မှ စတင်၍ စက်တင်ဘာ ၂၆ ရက်အထိ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၁၆၃ ဦး၊ ပျောက်ဆုံးနေသူ ၉၁ ဦး စုစုပေါင်း ဆုံးရှုံးမှု (သေဆုံး/ပျောက်ဆုံး) ၂၅၄ ဦး ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွင်း
အပြစ်မဲ့ပြည်သူများ အကြမ်းဖက်သတ်ဖြတ်ခံရမှုနှင့် ပျောက်ဆုံးစာရင်း
(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့အထိ)

	သတ်ဖြတ်ခံရ	ဖမ်းဆီး/ပျောက်ဆုံး	မှတ်ချက်
အုပ်ချုပ်ရေးအဖွဲ့ဝင်	၁၉ ဦး	၃ ဦး	
တိုင်းရင်းသား	၁၀ ဦး	၁၀ ဦး	ရခိုင်၊ မြို
အပြစ်မဲ့ပြည်သူ	၃၃ ဦး	၂၄ ဦး	
လုံခြုံရေးတပ်ဖွဲ့ဝင်	၁၇ ဦး		
စုစုပေါင်း	**၇၉ ဦး**	**၃၇ ဦး**	

ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွင်း
အပြစ်မဲ့ပြည်သူများ အကြမ်းဖက်သတ်ဖြတ်ခံရမှုနှင့် ပျောက်ဆုံးစာရင်း
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှ စက်တင်ဘာလ ၂၆ ရက်နေ့အထိ)

	သတ်ဖြတ်ခံရ	ဖမ်းဆီး/ပျောက်ဆုံး	မှတ်ချက်
နိုင်ငံ့ဝန်ထမ်း	၂ ဦး	-	
တိုင်းရင်းသား	၆၉ ဦး	၅၃ ဦး	ဟိန္ဒူ၊ ရခိုင်၊ မြို၊ ဒိုင်းနက်
လုံခြုံရေးတပ်ဖွဲ့ဝင်	၁၃ ဦး	၁ ဦး	
စုစုပေါင်း	**၈၄ ဦး**	**၅၄ ဦး**	

မှတ်ချက်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှ ယနေ့ စက်တင်ဘာ ၂၆ ရက်နေ့အထိ သေဆုံးသူ (၁၆၃) ဦး ရှိပြီး ပျောက်ဆုံးနေသူ (၉၁) ဦး၊ စုစုပေါင်း ၂၅၄ ဦး ဖြစ်သည်။

အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ ၁၁၈၀ အနက် H1N1 ပိုးတွေ့ရှိသူ ၄၀၀ ရှိခဲ့ပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိ သေဆုံးသူ ၃၈ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၆

စက်တင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီမှ စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီအထိ ၁၁ ရက်အတွင်း ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm09 သံသယလူနာ ၁၁၆ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ H1N1 ပိုးတွေ့ လူနာ ၃၀ တွေ့ရှိခဲ့ရပြီး တစ်ဦးထပ်မံသေဆုံးခဲ့ကြောင်း သိရှိရသည်။

စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီမှ စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီအထိ စစ်ဆေးသူစုစုပေါင်း ၃၅ ဦးတွင် H1N1 positive လူနာတစ်ဦးသာတွေ့ရှိပြီး သေဆုံးသူ ထပ်မံမရှိကြောင်း၊ ဇူလိုင် ၂၀ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၁၁၈၀ အနက် H1N1 ပိုးတွေ့လူနာစုစုပေါင်း ၄၀၀ ရှိခဲ့ပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိ သေဆုံးသူဦးရေမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရှစ်ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ခြောက်ဦးနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် ၁၁ ဦး စုစုပေါင်း ၃၈ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၂၂ ဦးရှိကြောင်း။

ယနေ့ မွန်းလွဲ ၂ နာရီအထိ H1N1 ပိုးတွေ့လူနာအဖြစ် အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူသူ မရှိတော့ကြောင်းနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် အတွင်းလူနာ စုစုပေါင်းသုံးဦး ဆက်လက်ကုသမှုခံယူလျက်ရှိပြီး ရောဂါသက်သာကောင်းမွန်သဖြင့် ဆေးရုံဆင်းသော လူနာ ၃၁၈ ဦးနှင့် ပြင်ပလူနာအဖြစ် ပြသသူ ၁၉ ဦးရှိခဲ့ကြောင်းနှင့် ဆေးရုံတက်ရောက်ကုသသူဦးရေမှာလည်း သိသိသာသာ ကျဆင်းလျက်ရှိကြောင်း။

စာသင်ကျောင်း၊ လုပ်ငန်းခွင်၊ ဟိုတယ်၊ လူမှုရေးရိပ်သာနှင့်ဂေဟာများ၊ အခြား လူစုလူဝေးရှိသော နေရာများတွင် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ ထပ်ဆင့်ဖြစ်ပွားမှု (Cumulative incidence of ILI symptoms) အခြေအနေမှာ လျော့နည်းသွားသဖြင့် ကူးစက်မှုနှုန်းမှာ ကျဆင်းလာကြောင်း။

ပြည်သူလူထုအနေဖြင့် မိမိတွင် ရာသီတုပ်ကွေးရောဂါလက္ခဏာများ ခံစားရသည်ဟု သံသယရှိပါက နီးစပ်ရာပြည်သူ့ဆေးရုံတို့သို့ အချိန်မီသွားရောက်ဆေးကုသမှုခံယူရန်နှင့် မိမိထံမှ အခြားသူများသို့ ရောဂါကူးစက်မှု မရှိစေရန် မိမိကိုယ်တိုင်မှစ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရာသီတုပ်ကွေးရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်သွားရန် တိုက်တွန်းထားသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် လတ်တလောဖြစ်ပွားလျက်ရှိသော ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm09 ဖြစ်ပွားမှုနှင့်ပတ်သက်၍ ပြည်သူလူထုများသိရှိနိုင်ရန် သတင်းထုတ်ပြန်ချက်အား အခါအားလျော်စွာ ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဂက်စ်အိုးများတင်လာသည့် ကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်

သထုံ စက်တင်ဘာ ၂၆

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်တွင် စက်တင်ဘာ ၂၆ ရက် နံနက် ၆ နာရီခွဲခန့်က ဂက်စ်အိုးများ တင်ဆောင်လာသည့် ကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မော်လမြိုင် ကားလမ်းတွင် သထုံမြို့ဘက်မှ ဘီးလင်းမြို့ဘက်သို့ ယာဉ်မောင်းသိန်းမြင့် (၄၁)နှစ် စကားဝါလမ်း မှော်ဘီမြို့ ရန်ကုန်တိုင်းဒေသကြီးနေသူ မောင်းနှင်လာသည့် ဂက်စ်အိုးများ တင်ဆောင်လာသော ကုန်တင်ယာဉ်သည် ယာဉ်၏ခါးလယ်အောက်ပိုင်း ဂျိုင်းဆက်ပြုတ်၍ လမ်းနှင့်ထောက်ကာ လဲကျတိမ်းမှောက်သွားခဲ့ကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကုန်တင်ယာဉ်မောင်းအား ယာဉ်မဆင်မခြင် မောင်းနှင်သဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိမ်ဆိပ်နယ်မြေ ရဲစခန်းမှ သိရသည်။

သက်ဦး(သထုံ)

ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၆

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၃၆ စီး၊ သွင်းကုန် ၃၄၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန်အစီး ၄၀၊ သွင်းကုန် ၁၆၂စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၄၅၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၇၆၇ သန်းခန့်) စုစုပေါင်း တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၂၂၃ သန်းခန့်)ကို သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၂၅ ရက်တွင် သတင်းအရ မူဆယ်သို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ၁၉၆ မိုင် တစ်ဖာလုံ

နားဆော့ကျေးရွာအနီး၌ ရပ်တန့်ထားသော Toyota Wish ယာဉ်တစ်စီးအားတွေ့ရှိ၍ စခန်းသို့ ခေါ်ဆောင်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တမလန်းခားရွေ ၁၈ တုံး (သုည ဒသမ ၃၄၄၈ တန်)၊ တမလန်း သုံးပေအောက် ၁၄ လုံး (သုည ဒသမ ၂၂၀၈ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ០၈၆ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယင်းမာပင်မြို့နယ်တွင် တရားမဝင် ပိတောက်ခွဲသားများ သိမ်းဆည်းရမိ

ယင်းမာပင် စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်တွင် တရားမဝင်ပိတောက်ခွဲသား ၁၄ ချောင်းကို စက်တင်ဘာ ၂၅ ရက် ည ၉ နာရီခွဲက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် သစ်တောဦးစီးမှူး ဦးပြည့်ဟိန်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျောက်မှော်(၁)ဘီနယ် တောအုပ် ဦးသိန်းထွန်းအောင် ဦးစီးသော သစ်တောဝန်ထမ်းများနှင့် တောင်ပုကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ဦးထွေး ပူးပေါင်းပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၂၅ ရက် ည ၉ နာရီခွဲက ယင်းမာပင်မြို့နယ် ကျောက်ပြုတ်ကျေးရွာ၏ အရှေ့ဘက် လေးဖာလုံခန့်အကွာနေရာတွင် တရားမဝင်ပိတောက်ခွဲသား ၁၄ ချောင်း (၁ ဒသမ ၈၆၆၆ တန်)ကို ပိုင်ရှင်မဲ့ ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိသော သစ်များကို ကျောက်မှော်(၁) ဘီနယ် သစ်တောစခန်းတွင် လုံခြုံစွာသယ်ယူထိန်းသိမ်းထားရှိပြီး မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောဥပဒေအရ အမှုဖွင့်ဆောင်ရွက်နိုင်ရေး သစ်ပိုင်ရှင်ကို ဆက်လက်ရှာဖွေစုံစမ်းလျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးပြည့်ဟိန်းထံမှ သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၆

မိုးကောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၄ ရက် ည ၉ နာရီခွဲက မိုးကောင်းမြို့ ရွာသစ်ရပ်ကွက် အုပ်စု (၆)နေ မပြုံးပြုံးခိုင်၏နေအိမ်၌ တည်းခိုနေသည့် စိုင်းဉာဏ်တိုးအောင်(ခ)မောင်တိုး၏ အခန်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၂ ပြားနှင့် ဘိန်းဖြူ သုည ဒသမ ၂ ဂရမ် သိမ်းဆည်းရမိခဲ့သည်။

အလားတူ စက်တင်ဘာ ၂၅ ရက် ညနေ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ပင်လုံ-လဲချားကားလမ်း ၁၀ မိုင်ကုန်းအနီးတွင် စိုင်းဆံငင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း၊ လွိုင်လင်မြို့နယ် ပန်ခေါက်ဝိုးကျေးရွာ ဘုန်းကြီးကျောင်းရှေ့၌ မခမ်းမစ် မောင်းနှင်ပြီး စည်သူကို လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၂၅ ပြား၊ ဘိန်းဖြူ ၂၆ ဒသမ ၃ ဂရမ်နှင့် ဘိန်းစိမ်း ၁၃၀ ဂရမ်တို့ကို လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက် ည ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် တိုးဂိတ်အနီး၌ ခရီးသည်တင်ယာဉ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၉၅ ပြားကို လည်းကောင်း၊ ထို့အတူ စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲက တပ်မတော်သားများ၊ မူးယစ်တပ်ဖွဲ့စု(၂၁) ကွမ်းလုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချင်းရွှေဟော်မြို့ ပါကဲ့ဟော်ကျေးရွာအနီး၌ ရဲလင်းထွေး(ခ) ပိစိကွေး မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်အားရှာဖွေရာ ဘိန်းဖြူ ဂရမ် ၅၅၀ အားလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ လောက်ကိုင်မြို့ ခရီးသည်တင်ယာဉ်လိုင်းဂိတ်တွင် ဂိတ်စာရေး သက်ဆွေက ပေးလိုက်သည့် ပစ္စည်းများဖြစ်ကြောင်း သိရှိရ၍ သက်ဆွေအား ခရီးသည်တင်ယာဉ်လိုင်းဂိတ်တွင် ရှာဖွေဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖျာပုံ-ဒလ(ရန်ကုန်)ကားလမ်းမပေါ် ယာဉ်တိုက်မှုဖြစ်ပွား ရဲတပ်ကြပ်တစ်ဦး သေဆုံး

ဒေးဒရဲ စက်တင်ဘာ ၂၆

ဖျာပုံ-ဒလ(ရန်ကုန်)ကားလမ်းမပေါ် ဒေးဒရဲမြို့နယ်အနီးတွင် ယနေ့နံနက် ၇ နာရီက ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်ရာ ရဲတပ်ကြပ်တစ်ဦး နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၆ ရက် နံနက် ၇ နာရီက ဖျာပုံမှ ဒေးဒရဲသို့ ဘိုကလေးမြို့နေ ဟန်ဌေး မောင်းနှင်သည့် ယာဉ်သည် ဒေးဒရဲမြို့မရဲစခန်းမှ ရဲတပ်ကြပ်ဇော်မင်းလှိုင် မောင်းနှင်သည့် မော်တော်ဆိုင်ကယ်နှင့် မှော်အိုင်ကျေးရွာအနီးတွင် မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့သည်။

မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မှုကြောင့် ရဲတပ်ကြပ်ဇော်မင်းလှိုင်မှာ နေရာတွင် သေဆုံးသွား၍ ယာဉ်မောင်း ဟန်ဌေးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

အမှုမှန်ပေါ်ပေါက်ရေးနှင့် ထွက်ပြေးလွတ်မြောက်နေသူ ယာဉ်မောင်းဟန်ဌေး ဖမ်းဆီးရမိရေးအတွက် ဒေးဒရဲမြို့နယ် နောက်ပြန်ဒိုးရဲစခန်းမှ စခန်းမှူး ရဲအုပ်လှမိုးက စုံစမ်းအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ဝင်း(ဖျာပုံ)

■

ခံစစ်အသားပေးဗျူဟာဖြင့် ကစားရခြင်းကို မနှစ်သက်ကြောင်း ဟာဇက် ဖွင့်ဟ

ဘယ်လ်ဂျီယံ ကွင်းလယ်ဖန်တီးရှင် ဟာဇက်က သူသည် ခံစစ်ဦးစားပေးပုံစံဖြင့် ကစားရသည်ကို ကြိုက်နှစ်သက်ခြင်းမရှိသော်လည်း ကွန်တီ ကိုင်တွယ်နေသည့် အသင်းတွင် ကစားနေရခြင်းကြောင့် ခံစစ်ဗျူဟာဖြင့် အံဝင်အောင်ကစားနေရသည်ဟု ဖွင့်ဟလိုက်ပြီဖြစ်သည်။ သို့သော် ဟာဇက်က သူဖြေကြားသည့်အကြောင်းကို ချယ်လ်ဆီးနည်းပြ ကွန်တီကို ပြန်မပြောပါနှင့်ဟု ဟာသလုပ်ခဲ့သေးသည်။

ဟာဇက်က "ခံစစ်ချည်းကစားနေရရင် ခင်ဗျားကိုယ်ခင်ဗျား ငြီးငွေ့လာမှာပါ။ ကျွန်တော့်ကို တစ်ပွဲလုံး ခံစစ်နဲ့ကစားခိုင်းတဲ့အခါ မိနစ် ၆၀ နောက်ပိုင်းလည်း ဒီပွဲမှာ အသုံးဝင်ဖို့အတွက် ဒီအကြောင်းကို မေ့ထားရမယ်။ ခင်ဗျားအနေနဲ့ ခံစစ်ဦးစားပေးချင်ပေး၊ တိုက်စစ်ဦးစားပေးချင်ပေး ဘာပဲဖြစ်ဖြစ် ကစားရလိမ့်မယ်။ ဒါက မန်နေဂျာအပေါ် မူတည်တာကိုးဗျ" ဟု အင်တာဗျူးတစ်ခုတွင် ထည့်သွင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဟာဇက်က မန်နေဂျာများချမှတ်သည့် နည်းဗျူဟာအတိုင်း လိုက်ပါမကစားနိုင်ပါက အရန်ခုံတွင်သာ အချိန်ကုန်နေရမည်ကို သိထားပြီးဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ၎င်းကပင် သူသာ ဘာစီလိုနာ တိုက်စစ်မှူး ဆွာရက်ဇ်လို အဆုံးသတ်ပိုင်းကောင်းမွန်သူဖြစ်ပါက ဘာလွန်းဒီအောဆု ဆွတ်ခူးနိုင်လောက်ပြီဖြစ်သည်ဟု ဆွာရက်ဇ်၏ စွမ်းဆောင်ရည်အပေါ် ချီးကျူးမှုပြုခဲ့သည်။ ဟာဇက်က ရီးယဲလ် တိုက်စစ်မှူး စီရိုနယ်လ်ဒို၊ ဘင်ဇီမာ၊ အင်နီယေစတာတို့၏ စွမ်းဆောင်ရည်ပိုင်းအပေါ် ချီးကျူးမှုပြုခဲ့သလို အသင်းဖော် ဖာဘရီဂတ်စ်နှင့် ချယ်လ်ဆီးအသင်းခေါင်းဆောင်ဟောင်း ဂျွန်တယ်ရီ၏ ခေါင်းဆောင်မှု စွမ်းရည်ပိုင်းအပေါ် အမွှမ်းတင်ပြောကြားခဲ့သည်။ ထို့ပြင် ဟာဇက်ကို သူ၏စိတ်ကြိုက် ထာဝရအကောင်းဆုံး တစ်ဦးကိုသာ ရွေးချယ်ပေးပါဟု မေးမြန်းခံရချိန်တွင် ရီးယဲလ်ကွင်းလယ်လူဟောင်း ဇီဒန်းကို ရွေးချယ်ပေးခဲ့ပြီး "ဂန္ထဝင်အမြောက်ဆုံး" ဆိုသည့် စကားလုံးကို သုံးနှုန်းခဲ့သည်။

မေလှဲ့သင်း
စုစည်းသည်

ရှိုင်ယန်ဂစ်၏ ပရီမီယာလိဂ် ပွဲထွက်စံချိန်ကို ချိုးဖျက်လိုက်ပြီ ဖြစ်သည့် ဂါရတ်ဘယ်ရီ

ဝက်စ်ဘရွန်းကွင်းလယ်လူ ဂါရတ်ဘယ်ရီမှာ အာဆင်နယ်နှင့် ဝက်စ်ဘရွန်းတို့ ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် ဝင်ရောက်ကစားခွင့်ရပြီးနောက် မန်ယူဝါရင့်ကွင်းလယ်လူဟောင်း ရှိုင်ယန်ဂစ် တင်ထားသည့် ပွဲထွက်စံချိန်ကို ချိုးဖျက်ကာ သမိုင်းသစ်ရေးထိုးလိုက်ပြီဖြစ်သည်။ ယင်းပွဲစဉ်တွင် ဘယ်ရီ၏ ဝက်စ်ဘရွန်းအသင်းက အာဆင်နယ်ကို အရေးနိမ့်ခဲ့သော်လည်း ဘယ်ရီမှာ စံချိန်သစ်တစ်ခု စိုက်ထူလိုက်နိုင်ခြင်းဖြစ်သည်။

အသက်(၃၆)နှစ်အရွယ် ဘယ်ရီမှာ ၁၉၉၈ ခုနှစ် မေ ၂ ရက်တွင် အက်စ်တွန်ဗီလာအသင်းအတွက် စတင်ဝင်ရောက်ကစားခွင့်ရရှိခဲ့သည်။ ယင်းအချိန်တွင် အသက်(၁၇)နှစ်သာရှိသေးသည့် ဘယ်ရီက ဒုတိယပိုင်းတွင် တေလာအစား ဝင်ရောက်ကစားခွင့် ရရှိခဲ့သည်။ ဘယ်ရီမှာ မန်စီးတီး၊ အဲဗာတန်အသင်းတို့တွင် ကစားခဲ့ဖူးပြီး ယခုလို စံချိန်တင်တစ်ရပ် ရယူနိုင်ခြင်းအပေါ် ဝမ်းမြောက်မိကြောင်း ဆိုခဲ့သည်။

ဆန်းချက်ဇ်ကို လူလိမ်ဟု တိုနီပူးလစ် စွပ်စွဲ

အာဆင်နယ်တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်မှာ ပြစ်ဒဏ်ဘောရရန် ဒိုင်ဗင်ပစ်ပြီး လိမ်လည်ရယူခဲ့ခြင်းဖြစ်သဖြင့် ပွဲအဖြေမှာ မျှတမှုမရှိကြောင်း ဝက်စ်ဘရွန်းနည်းပြ တိုနီပူးလစ်က စွပ်စွဲခဲ့သည်။ သို့သော် ဒိုင်ဖြစ်သူ ဘောဘီမက်ဒလေက ဝက်စ်ဘရွန်းကစားသမားဂျေးရိုဒရီဂွက်ဇ်ကြောင့် ရရှိသင့်တဲ့ ပင်နယ်တီကိုမူ လျစ်လျူရှုခဲ့သည်ဟုလည်း ပြစ်တင်ခဲ့သည်။

ပူးလစ်က "ပထမပေးရတဲ့ အလွတ်တည်ကန်ဘောဟာ ဆန်းချက်ဇ် ဒိုင်ဗင်ပြစ်ပြီး ရယူခဲ့တာကြောင့် အဝါကတ်ပြသခံသင့်ပါတယ်။ ဒါက လိမ်လည်မှုပါ။ ဂျေးရိုဒရီဂွက်ဇ်ကိုတော့ ပင်နယ်တီစည်းထဲမှာ တားဆီးခဲ့တာကြောင့် ဒါကရှင်းရှင်းလင်းလင်း ပင်နယ်တီပါ" ဟု ဆိုခဲ့သည်။ ဝက်စ်ဘရွန်းနောက်ခံလူ ခရိတ်ခ်ဒေါ်ဆင်က ဆန်းချက်ဇ်ကို ဖျက်ထုတ်ရာတွင် ဆန်းချက်ဇ်က လှဲချခဲ့သဖြင့် အလွတ်တည်ကန်ဘောပေးခဲ့ရသည့်အတွက် ပူးလစ်က ဒေါသထွက်နေခြင်းဖြစ်သည်။ ယင်းသို့ဖြစ်ပွားပြီး ခုနစ်မိနစ်အကြာ အာဆင်နယ်နောက်ခံလူ မူစတာဖီက ဂျေးရိုဒရီဂွက်ဇ်ကို ပင်နယ်တီဧရိယာအတွင်း ဖျက်ထုတ်ခဲ့သော်လည်း ဒိုင်ဖြစ်သူက ပင်နယ်တီပေးခဲ့ခြင်းမရှိပေ။

လက်ရှိဂိုးသွင်းနှုန်း အကောင်းဆုံး တိုက်စစ်မှူးနေရာကို ဒိုင်ဘာလာ ရယူ

ယခုနှစ်ဘောလုံးရာသီအတွင်း ဂိုးသွင်းနှုန်း အကောင်းဆုံး တိုက်စစ်မှူးမှာ ဂျူဗင်တပ်စူပါစတား ဒိုင်ဘာလာဖြစ်နေပြီး သူ၏သွင်းဂိုးနှုန်းမှာ တစ်ပွဲပျမ်းမျှ နှစ်ဂိုးနီးပါးအထိ မြင့်မားနေသည်ကို တွေ့ရသည်။ မှတ်တမ်းများအရ ဒိုင်ဘာလာမှာ ယခုနှစ်ဘောလုံးရာသီ ပွဲစဉ် ခြောက်ပွဲ ဝင်ရောက်ကစားပြီး ၁၀ ဂိုးအထိ သွင်းယူထားနိုင်သည့်အတွက် ၄၇ မိနစ် ဝင်ရောက်ကစားပြီးတိုင်း သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခြင်းပင်ဖြစ်သည်။

တစ်ကျော့ပြန်ခြေစွမ်းပြနေသည့် တိုက်စစ်မှူး ဖယ်လ်ကာအိုက ၁၁ ပွဲ သွင်းဂိုးခုနစ်ဂိုးဖြင့် ၅၇ မိနစ်လျှင် တစ်ဂိုးနှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။ တတိယနေရာကို ထိပ်တန်းတိုက်စစ်မှူး မက်ဆီက ခြောက်ပွဲကစား ကိုးဂိုးသွင်း(မိနစ် ၆၀ လျှင် တစ်ဂိုး)ဖြင့် ရယူထားပြီး စတုတ္ထနေရာတွင် ဒေါ့မွန်တိုက်စစ်မှူး အူဘာမီယန်၊ ပဉ္စမနေရာတွင် လာဇီယို တိုက်စစ်မှူး အင်မိုဘိုတို့က အသီးသီးရပ်တည်နေကြသည်။ ထူးခြားချက်တစ်ခုမှာ မိနစ်အလိုက် သွင်းဂိုးအမြင့်ဆုံး ထိပ်တန်းငါးနေရာကို စီးရီးအေ၊ လာလီဂါ၊ ပြင်သစ်ပထမတန်းနှင့် ဘွန်ဒက်စ်လီဂါတို့မှ တိုက်စစ်မှူးများကသာ ရယူထားပြီး ပရီမီယာလိဂ်မှ ကစားသမားများ ပါဝင်ခြင်းမရှိသည်ကိုတွေ့ရသည်။

နေမာနဲ့ ကာဗာနီပြဿနာကို အစပြုခဲ့သူ ဘယ်သူလဲ

နေမာနဲ့ ကာဗာနီတို့ကြား ပင်နယ်တီ သူကန်မယ်၊ ကိုယ်ကန်မယ် ဖြစ်ကြရင်း ဒီပြဿနာဟာ မီဒီယာများရဲ့ တောက်လျှောက်အာရုံစိုက်ခံခဲ့ရတဲ့ သတင်းဖြစ်ခဲ့ခြင်းနဲ့ အတူ နောက်ဆက်တွဲသတင်းတွေဟာ အခုထိ အတောမသတ်သေးပါဘူး။ အစောပိုင်းကတော့ မီဒီယာတွေက ဒီပြဿနာဟာ နေမာရဲ့မောက်မာမှုကြောင့်လို့ အမည်တပ်ခဲ့ကြပေမယ့် ခုတော့ဒီပြဿနာကို အစပြုခဲ့သူက ကာဗာနီရယ်လို့ စပိန်သတင်းဌာနတစ်ခုက အတိအကျဖော်ပြခဲ့ပါတယ်။ ကာဗာနီက နေမာကို စတင်တွေ့တွေ့ချင်းပြောတဲ့စကားက ပြဿနာကို စတင်ဖန်တီးခဲ့တာဖြစ်ပြီး ဘာစီလိုနာအသင်းဖော်ဟောင်း မက်ဆီနဲ့ပါ သွားရောက်နှိုင်းယှဉ်နေတာကို တွေ့ရပါတယ်။

နေမာဟာ ပြီးခဲ့တဲ့ ဩဂုတ်လဆန်းပိုင်းက ဘာစီလိုနာကနေ ပီအက်စ်ဂျီအသင်းဆီ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀ နဲ့ ပြောင်းရွှေ့လာခဲ့သူပါ။ နေမာရဲ့ဆုံးဖြတ်ချက်က သူဟာ ဘယ်နေရာမှာပဲဖြစ်ဖြစ် နံပါတ်(၁) ဖြစ်လိုတာကြောင့် မက်ဆီရဲ့အရိပ်အောက်က လွတ်မြောက်ဖို့ ကြိုးစားခဲ့တာဖြစ်တယ်လို့ ယူဆမှုတွေရှိနေပါတယ်။ ဘာစီလိုနာမှာ နေမာခြေစွမ်းပြနိုင်ခဲ့ပေမယ့် သူဟာ မက်ဆီရဲ့ အရှိန်အဝါ အောက်မှာသာရှိနေတယ်ဆိုတာ ပြီးခဲ့တဲ့ဘောလုံးရာသီ ပီအက်စ်ဂျီကို ဒုတိယအကျော့ ပြန်လည်အနိုင်ယူနိုင်ခဲ့တဲ့ ပွဲအတွင်းမှာ ထင်ထင်ရှားရှားဖြစ်ခဲ့တာပါ။ ဒါကြောင့် အဲဒီနောက်ပိုင်းကာလကတည်းက နေမာ အသင်းပြောင်းမယ်ဆိုတဲ့သတင်းတွေ သဲ့သဲ့ထွက်နေခဲ့တာဖြစ်ပါတယ်။

ဥရုဂွေးတိုက်စစ်မှူး ကာဗာနီက နေမာ ပီအက်စ်ဂျီအသင်း အဝတ်လဲခန်းရောက်လာတဲ့ ပထမနေ့မှာပဲ "ဒါက ဘယ်သူပါလိမ့်။ ခင်ဗျားကိုယ်ခင်ဗျား လီယွန်နယ်(မက်ဆီ)လို့များ ထင်နေလား"လို့ နှုတ်ဆက်ခဲ့တာလို့ သိရပါတယ်။

ကာဗာနီအနေနဲ့ နေမာအပေါ် တမင်သက်သက် ဟာသလုပ်ခဲ့တာလား (ဒါမှမဟုတ်) နေမာရဲ့ အရင်းခံစိတ်ကို ဆွပေးခဲ့သလားဆိုတာကတော့ ကာယကံရှင်သာ အသိဆုံးဖြစ်မှာပါ။ ဒါပေမယ့် သူတို့နှစ်ဦးဟာ ပင်နယ်တီအငြင်းပွားမှု နောက်ပိုင်း မဖြစ်မနေအခြေအနေကျမှသာ တစ်ဦးနဲ့တစ်ဦး မျက်နှာချင်းဆိုင်လေ့ရှိပြီး ပြီးခဲ့တဲ့ရက်ပိုင်းက ကျင်းပခဲ့တဲ့ သီယာဂိုဆေးလ်ဗားရဲ့မွေးနေ့ပွဲကိုလည်း ကာဗာနီ မလာခဲ့တာကြောင့် ဒါဟာ နေမာကိုရှောင်ဖို့ကြိုးစားခဲ့တာလို့ ယူဆမှုတွေလည်း ရှိနေပါတယ်။

စက်တင်ဘာ ၂၇/၂၈ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၂)

ကာရာဘတ် - ရိုးမား	ည	၁၀း၃၀	အက်သလက်တီကို - ချယ်လ်ဆီး	နံနက်	၁း၁၅
ဘေဆယ်လ် - ဘင်ဖီကာ	နံနက်	၁း၁၅	ဂျူဗင် - အိုလံပီယာကို့စ်	နံနက်	၁း၁၅
စီအက်စ်ကေအေ - မန်ယူ	နံနက်	၁း၁၅	စပို့တင်းလစ္စဘွန်း - ဘာစီလိုနာ	နံနက်	၁း၁၅
ပီအက်စ်ဂျီ - ဘိုင်ယန်မြူးနစ်	နံနက်	၁း၁၅	အန်ဒါလက်ချ် - ဆဲလ်တစ်	နံနက်	၁း၁၅

(ခိုင်ဝင်း)

ရှိုင်ရယ်ယတြာမြား

မန္တလေး-ပြင်ဦးလွင်-ကျောက်စိမ်း
ဘုရား ၂၃-၃ရက် (၄-၁၀-၂၀၁၇) 45000
ပုဂံ-ပုပ္ပါး-ပခုက္ကူ 45000
43054879, 444462599

မင်္ဂလာဒါ Sep 29, Oct 4, 13, 20, 27, Nov 2

✣ကျိုက်ထီးရိုး ✣ချောင်းသာ ✣ငွေဆောင် (နေ့စဉ်)

✣တောင်ကြီး၊ အင်းလေး၊ ထမ်စမ်း၊ ကက္ကူ	55000/ 75000
✣ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ	40000/ 75000
✣မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်း၊ ဒီးဒုတ်၊ ဂုမိုင်အပန်းဖြေ	40000/ 75000
✣မြဝတီ၊ မဲဆောက်၊ ဘားအံ၊ ချစ်သူမြိုင်ဥယျာဉ်	65000/ 100000
✣ငပလီကမ်းခြေ၊ ကမ်းသာယာ၊ သံတွဲ ဘုရားစုံဖူး	90000/ 130000
✣ထားဝယ်ရှင်ကိုးရှင်၊ မျောက်ရစ်ဘုရား၊ မောင်းမကန်ကမ်းခြေ	65000/ 130000

ကျွမ်းကျင်သော ခရီးသွားလမ်းညွှန်များ၊ ၁၀၂ ကျောက်မြောင်းဈေးအနီး ကျိုက္ကစံလမ်း 09426669001, 09426669002, 09426669003

ခရီးသွားချိမ်းချော ... သွား၊ ချော်တော့ ...

TOP -09 787200619
-09 448087644
-09 770073850

ကို ၂၄ နာရီဖုန်းဆက်လိုက်ပါလား! ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ထား!

ဒဂုံမြို့သစ်

အရှေ့ပိုင်း
အိမ်ကပ်မြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ မြို့လှရွာ အထက(၆) ဒသမတန်း(A)မှ မပန်းအိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးရန်အောင် [၉/ရမသ(နိုင်)၀၂၅၃၉၁]ဖြစ်ပါသည်။

ဦးရန်အောင်

ပျောက်ဆုံးကြောင်း

ကိုမင်းသော်ဇင် [၈/ဆပဝ(နိုင်)၀၇၅၈၄၀]၏ သင်္ဘောသားစာအုပ် (ရန်-၄၂၅၄/၁၁) မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၄၂၅၀၁၁၁၄၅

ရောင်းမည်

လက်ရှိ YGN License နှင့် ယာဉ်လိုင်းပြေးဆွဲလျက်ရှိသော Hyundai County Mini Bus များ ရောင်းမည်။ (ဈေးနှုန်းနှင့်ဝယ်ယူမည့်ပုံစံ) ညှိနှိုင်းနိုင်ပါသည်။ ဖုန်း-၀၉ ၉၅၃၁၃၉၆၃၃၊ ၀၉ ၉၆၃၀၀၀၁၃၊ ၀၉ ၂၆၀၉၉၄၆၄၃။

uenGEljonf

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်း၀အိမ်ရာ၊ တိုက်အမှတ်(၄၆)၊ အခန်း(၄၀၁)၏ တိုက်ခန်းအမည်ပေါက် ဒေါ်အေးအေးခိုင်[၁၂/မဘန(နိုင်)၀၈၃၁၆၃]မှ စုပေါင်းပိုင် အဆောက်အအုံပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်(မူရင်း)ပျောက်ဆုံးသွားပါသဖြင့် အခန်းပိုင်ဆိုင်မှုအတွက် (Owner Book)မိတ္တူမှန်ပြန်လည်ထုတ်ပေးနိုင်ရေး လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ(၂)၊ နေပြည်တော်သို့ ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းပိုင်ဆိုင်မှုမိတ္တူမှန်(Owner Book)ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အိမ်ရာ(၂)
မြေနှင့်အိမ်ရာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈ဃ၊ မြေကွက်အမှတ်-၃၂၉၊ အကျယ်အဝန်းပေ(၆၀×၈၀)၊ ဧရိယာ(၀. ၁၁၀)ဧက၊ (၄၈၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက် ဒေါ်မြသီတာ(ခ)ဒေါ်ရီရီဦး[၁၂/ပဘတ(နိုင်)၀၀၆၈၀၀]ကိုင်ဆောင်သူမှ မိမိပိုင်ဆိုင်ကြောင်း ဝန်ခံပြောဆိုသည့်အတွက်ကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေပြည့်စုံ(ခ)ဒေါ်ပွင့် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၉၃)
အမှတ်(၅၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၂၅၇၉၅၊ ၀၉-၇၆၅၀၅၃၄၂၄

21 AD @ BILLBOARD ADVERTISING

ရန်ကုန် (ကမ္ဘာအေးဘုရားလမ်း+ပန်းဆိုးတန်းဂုံးကျော်တံတား+လှည်းတန်းဈေး+ဗိုလ်ချုပ်အောင်ဆန်းလမ်း SAKURA ရှေ့)
ရန်ကုန်-မန္တလေးအမြန်လမ်း (မိုင်တိုင် ၁/၁ လှည်းကူး TOLL ဂိတ် + မိုင်တိုင် ၁၁၄/၅ OUT BOUND)
ပြင်ဦးလွင် (မန္တလေး-လားရှိုးလမ်းမကြီး ဖွေးဖွေးကြွယ်ကားဂိတ်)
နေပြည်တော်အဝင်လမ်း (အမြန်လမ်းနှင့်နေပြည်တော်ဝင်လမ်းထောင့်စီလမ်းဆုံ)
နေပြည်တော် (ရာဇဌာနီလမ်းနှင့် ပန်းခင်းလမ်းထောင့်မီးပွိုင့်)
လားရှိုး (ဘုတာရုံလမ်းနှင့်ရုံကြီးလမ်းထောင့်)
မုံရွာ (ပြည်တောင်စုလမ်းမကြီးနှင့် အောင်မင်္ဂလာ၂လမ်းထောင့် + ဗိုလ်ချုပ်လမ်းမပေါ်မြသီလာဈေးရှေ့ + ဗိုလ်ချုပ်ကြေးရုပ်အနီး CHURCH ရှေ့)
စစ်ကိုင်း (မန္တလေးမုံရွာလမ်းမကြီးပေါ် စစ်ကိုင်းတံတားအဆင်း + မန္တလေးမုံရွာလမ်းမကြီးပေါ်မြို့ဝင်မုခ်ဦးအနီး)
ပုသိမ် (ရွှေမုဋ္ဌောအဝိုင်းအနီးရန်ကုန်-ပုသိမ်လမ်းမပေါ် + ဗန္ဓုလလမ်းပေါ်ပုသိမ်တက္ကသိုလ်ထောင့်)
HOT SALES 30% DISCOUNT
၂၈၂ (ပထမ)၊ ၃၉လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
☎ 377093 • 09 73043672 • 09 73200189 • 09 73200201
www.21advertising.net

ဖခင်အမည်မှန်

ယင်းမာပင်မြို့နယ်၊ ကနီမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မယမင်းစိုးနိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင်(ခ)ဦးမောင်နိုင်[၅/ကနန(နိုင်)၀၁၄၇၅၂]မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ ယက္ကန်းတိုင်ရွာအုပ်စု၊ ကျွဲသောက်ကန်ကျေးရွာမှ ဦးလှသိန်း(ခ)ဦးပိုက်[၅/ကနန(နိုင်)၀၃၃၃၉၀]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မြောင်မြို့နယ်၊ တွင်းကြီး၊ အထက၊ ဒသမတန်းမှ မငုဝါမြင့်၏ ဖခင်အမည်မှန်မှာ ဦးအုန်းကျော်မြင့်[၅/မမန(နိုင်)၀၅၃၉၁၀]ဖြစ်ပါကြောင်း။

ဦးအုန်းကျော်မြင့်

ဖခင်အမည်မှန်

မြောင်မြို့နယ်၊ တွင်းကြီး၊ အထက၊ ဒသမတန်းမှ မောင်ခန့်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးတူး[၅/မမန(နိုင်)၀၉၃၅၄၄]ဖြစ်ပါကြောင်း။

ဦးတူး

Market Sounding Meeting သို့ တက်ရောက်နိုင်ပါရန် ဖိတ်ကြားခြင်း

ပြည်တွင်းလေဆိပ်(၃)ခုဖြစ်သော ဟဲဟိုးလေဆိပ်၊ ကော့သောင်းလေဆိပ်နှင့် မော်လမြိုင်လေဆိပ်များအား အစိုးရ-ပုဂ္ဂလိက ပူးပေါင်းပါဝင်သည့် Public, Private Partnership(PPP)စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် Market Sounding Meetingကို အောက်ဖော်ပြပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၉ စက်တင်ဘာလ ၂၀၁၇(သောကြာနေ့)
အချိန် - ၁၀း၀၀နာရီ (၉း၃၀နာရီမှ စတင်၍ Registration ပြုလုပ်ပါမည်)
နေရာ - လေကြောင်းပညာသိပ္ပံ၊ စုပေါင်းအစည်းအဝေးခန်းမ လေဆိပ်အဝင်လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့
မှတ်ချက်။ ။ EOI Documentဝယ်ယူထားသော ကုမ္ပဏီများမှ အများဆုံး(၃)ဦးအထိ တက်ရောက်နိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ်(၁၆)ရှိ အခန်းအမှတ်-၃လွှာ(ခေါင်းရင်းခန်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဆက်စပ်စာချုပ်များအရ ဦးသိန်းထိုက် [၇/တငန(နိုင်)၀၂၇၃၈၅]၏ကိုယ်စား ဦးသန်းဝင်း[၇/ဖမန(နိုင်)၀၄၃၇၈၉]မှ အရှုပ်အရှင်းမရှိလက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းခဲ့ရာ အဆိုပါတိုက်ခန်းအား ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးမောင်စောဖြူ[၁၁/ကတန(နိုင်)၀၀၀၉၉၄]နှင့် ဒေါ်ယဉ်စိန်[၁၁/ကတန(နိုင်)၀၀၀၉၉၅]တို့မှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးတိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းမော် (စဉ်-၈၈၂၆)(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/ဒီ)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၀၀၃၁၂၉၂၊ ၀၉-၇၇၇၇၃၁၂၉၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမွန်အိမ်ရာစီမံကိန်း၊ သီရိမွန်(၄)လမ်း၊ တိုက်အမှတ်(၁၆)၊ ပထမထပ်၊ အကျယ်အဝန်း (၂၅'×၄၀') အကျယ်ရှိ ဦးခွန်မိုးသန့် (၁၄/ဟသတ(နိုင်)၀၀၄၉၈၃) အမည်ပေါက်သည့် ရေမီးစုံလင်စွာပါရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူ၍လက် ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးခွန်မိုးလတ် (၁၄/ဟသတ(နိုင်)၀၀၄၉၈၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်ခိုင်စန်း
(LL.B, D.B.L, D.I.L)
အထက်တန်းရှေ့နေ (စဉ် - ၃၇၉၄၇)
အမှတ်(၄၆/၄၈)၊ ပထမထပ်(B)၊ ၁၆-ရပ်ကွက်၊ ဦးအေး(၁)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၀၀၀၊ ၀၉-၇၉၅၈၀၅၄၂၅၄

အများသိရှိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပြည်မြို့၊ နဝင်းရပ်ကွက်၊ အကွက်အမှတ်-၄၊ နဝင်းတိုးချဲ့၊ ဦးပိုင်အမှတ်(၁၅)၊ မြေဧရိယာ-၀. ၁၁၀ဧကရှိ ဒေါ်စန်းစန်းရီ[၁၂/မဂတ(နိုင်)၀၇၆၇၁၁] အမည်ပေါက် နှစ်(၃၀)ဂရန်မြေအား ပြည်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ် မှတ်ပုံတင်အမှတ်-၂၇/၂၀၁၇ကို တင်ပြ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်နိုင်သူဇစ်တာ[၁၂/ဗတထ(နိုင်)၀၃၀၄၀၇] အမည်သို့ သက်ဆိုင်ရာဌာနတွင် ပြောင်းလဲလျှောက်ထားမည်ဖြစ်၍ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်သန္တာ
LL.B,D.B.L,D.M.L,D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၀၅၈)
တိုက်(၁)၊ အခန်း(၁၆)၊ ဦးဝိစာရအိမ်ရာ၊
မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၉၅၃၁၂၊ ၀၉-၅၁၁၇၈၇၅၊ ၀၉-၂၅၀၀၂၆၄၇၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ Max Highway Co.,Ltd.မှ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော ရန်ကုန်-ပြည်လမ်း တိုးချဲ့ခြင်းစီမံကိန်းများအတွက် လိုအပ်သော အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ခွဲကျောက်ရွယ်စုံ
(ခ) ကျောက်စရစ် (မြစ်ကျောက်)
(ဂ) သဲ
(ဃ) တောင်မြေ

၂။ တင်ဒါတင်သွင်းရာ၌ ခွဲကျောက်ရွယ်စုံ၊ ကျောက်စရစ်၊ မြစ်ကျောက်၊ သဲတို့အား တင်ဒါ(၁)စောင် တောင်မြေအတွက် တင်ဒါ(၁)စောင်စီ သီးခြားခွဲတင်ရမည်။

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၉၆၇၀၈၉၁၊ ၀၁-၉၆၇၀၈၉၂၊ ၀၁-၉၆၇၀၈၉၃ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက်/အချိန်	- ၂-၁၀-၂၀၁၇ရက် (တနင်္လာနေ့)
	- ညနေ ၄း၀၀နာရီ
၅။ တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်	- ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့)
	- မွန်းလွဲ ၂း၀၀နာရီ
၆။ တင်ဒါစိစစ်ရွေးချယ်မည့်နေရာ	- A-2- No (6,7,8,9,10)၊ သီရိရတနာ လက်လီ/လက်ကား ဈေးဝင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

ဘုရားစေတီ၊ ပုထိုးများ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ညောင်ဦး စက်တင်ဘာ ၂၆

ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင် တန်ခိုးကြီးဘုရားများနှင့် စေတီ၊ ပုထိုးများသို့ ပြည်တွင်း၊ ပြည်ပဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်ရာတွင် သန့်ရှင်းသာယာလှပစွာရှိနေစေရေးအတွက် ရည်ရွယ်၍ ဆရာတော် ဉူးသုမင်္ဂလ (ဒယ်အိုးဆရာတော်)၊ ပုဂံမြို့ရတနာဘုံစံတောရကျောင်းတိုက်ဆရာတော် ဦးသာဂရနှင့် ဆရာတော်ဦးဝိစာရတို့ ဦးဆောင်သော (ရှင်း၊ သန့်၊ မြင့်၊ စေ ပုဂံမြေ) ပုဂံညောင်ဦး ပရဟိတအဖွဲ့မှ အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ သစ္စာမဏ္ဍိုင် ပရဟိတ အဖွဲ့မှ အဖွဲ့ဝင်များ၊ မိုးကုတ် သုမင်္ဂလာပရဟိတအဖွဲ့မှ အဖွဲ့ဝင်များနှင့် ပခုက္ကူမြို့နယ် ကမ္မ ပရဟိတအဖွဲ့မှ အဖွဲ့ဝင်များ စုပေါင်း၍ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီ၊ ပုထိုးများ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး ကွင်းဆင်းဆောင်ရွက်ရာသို့ ဆရာတော် ဉူးသုမင်္ဂလ (ဒယ်အိုးဆရာတော်)၊ ပုဂံမြို့ ရတနာဘုံစံတောရကျောင်းတိုက်ဆရာတော် ဦးသာဂရနှင့် ဆရာတော်ဦးဝိစာရ ဆရာတော်ကြီးများ ဦးဆောင်ကာ ပရဟိတစုပေါင်းအဖွဲ့က ပုဂံမြို့ဟောင်း မနူဟာဘုရားမှ စတင်ကာ ပုဂံမြို့သစ်အထိ ဘုရားစေတီ၊ ပုထိုးများ ဝန်းကျင်ရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ၊ ပလတ်စတစ် အမှိုက်များကို အမှိုက်သယ်ယာဉ်များဖြင့် အဖွဲ့များခွဲကာ ပုဂံ ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး ဝိုင်းဝန်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးခြင်း စက်တင်ဘာ ၂၂ ရက်မှ စတင်ကာ ပရဟိတအဖွဲ့ဝင် လူအင်အား ၁၅၀ ဖြင့် ငါးရက်ကြာ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပုဂံမြို့ ဖြူစင်မေတ္တာ(ရေ/သွေး) အလှူတော် ပရဟိတအသင်းမှအဖွဲ့ဝင် ဦးဇော်ပွေးထံမှ သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

နိုင်ငံကူးလက်မှတ်ထုတ်ပေးရေး အဖွဲ့ရုံးခွဲ တာချီလိတ်၌ဖွင့်

တာချီလိတ် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံးခွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက် ရှမ်းရိုးမကွင်းရှေ့ရှိ အောင်ချမ်းသာတိုက်တန်းတွင် ဖွင့်လှစ်၍ နိုင်ငံကူး လက်မှတ်များ စတင်ဆောင်ရွက်ပေးကြောင်း သိရသည်။

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေး အဖွဲ့ရုံးခွဲတွင် နိုင်ငံကူးလက်မှတ် လျှောက်ထားရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဝန်ထမ်းများဖြစ်ပါက ပြည်ပခွင့်စာရွက်၊ နိုင်ငံရေးပါတီ၊ NGO အဖွဲ့အစည်းများ၊ တပ်မတော်သားများ၏ မိသားစုများ၊ အငြိမ်းစားဝန်ထမ်းများ၊ ထုတ်ပယ်ခံရသောဝန်ထမ်းများ၊ ပြစ်ဒဏ်ကျခံဖူးသူများနှင့် ရဟန်းသံဃာများဖြစ်ပါက သက်ဆိုင်ရာထောက်ခံချက်များဖြင့် လျှောက်ထားရမည်ဖြစ်သည်။

အဆိုပါ ဖွင့်ပွဲသို့ တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအေးမင်းဦး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်း၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး အဖွဲ့ရုံးခွဲမှ တာဝန်ခံအရာရှိ ဒုတိယရဲမှူးကြီး အေးနိုင်နှင့် ဌာနဆိုင်ရာများ တက်ရောက်သည်။

အလားတူ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးခွဲများကို မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်မြို့များဖြစ်သည့် မြဝတီမြို့နှင့် ကော့သောင်းမြို့တို့၌ ယင်းနေ့ဖွင့်လှစ်၍ နိုင်ငံကူးလက်မှတ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

မီးရှူးမီးပန်းနှင့် ပြောက်အိုးများ ရောင်းချခြင်းမပြုလုပ်ရန် စစ်ဆေး

ခင်ဦး စက်တင်ဘာ ၂၆

မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်ကာလ ရောက်ရှိတော့မည်ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့မဈေး၌ စက်တင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီက ပြည်သူအများ အထိတ်တလန့်ဖြစ်စေသော မီးရှူးမီးပန်းနှင့်ပြောက်အိုးများ ရောင်းချခြင်းမပြုလုပ်ရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးပိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ထွန်းနှင့် ဝန်ထမ်းများ ပူးပေါင်း၍ စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စစ်ဆေးဆောင်ရွက်ရခြင်းမှာ ပြည်သူများ အထိတ်တလန့် မဖြစ်စေရန်၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်နှင့် မသမာသူအကြမ်းဖက်သမားများ၏ ပြောက်အိုးသံများနှင့် ရောယှက်၍ ထင်ယောင်ထင်မှား ဖောက်ခွဲမှုများ မဖြစ်ပွားစေရန် ပြောက်အိုး၊ မီးရှူးမီးပန်းများနှင့် မီးပုံးပျံများ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ရန် ဈေးသူ၊ ဈေးသားများအား ဟောပြောစည်းရုံး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချစ်စံ(ခင်ဦး)

မိတ္ထီလာတွင် (၃၂) ကြိမ်မြောက် တန်ဆောင်တိုင်ဝက်ပါပွဲတော် စည်ကားစွာကျင်းပမည်

မိတ္ထီလာ စက်တင်ဘာ ၂၆

မိတ္ထီလာတွင် ထီးသုံးဆင့်၊ ရွှေမြင်မိ၊ လေးမျက်နှာဘုရားဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၃၂) ကြိမ်မြောက် မြန်မာ့ရိုးရာ တန်ဆောင်တိုင်ဝက်ပါပွဲတော်ကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက် (တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၃ ရက်) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ယင်းဂေါပကအဖွဲ့ထံမှ သိရသည်။

မိတ္ထီလာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝက်ပါပွဲတော်ကို လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကျော်ကာလက စတင်ကျင်းပပြီး နှစ်စဉ် တန်ဆောင်မုန်းလရောက်တိုင်း ကျင်းပခဲ့ကာ အကြောင်းအမျိုးမျိုးကြောင့် နှစ်စဉ်ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၀၇ ခုနှစ်အထိ အကြိမ် (၃၀) မြောက်ကျင်းပခဲ့သည်။

၂၀၁၆ ခုနှစ်က (၃၁) ကြိမ်မြောက် တန်ဆောင်တိုင်ဝက်ပါပွဲတော်ကို မိတ္ထီလာတွင် ပြန်လည်ကျင်းပခဲ့ပြီး ၎င်းဝက်ပါပွဲတော်တွင် ယနေ့ခေတ်လူငယ်များ အတုယူမှတ်သားဖွယ် ဇွဲလုံ့လနှင့် သီလတရားတို့ကြောင့် အောင်မြင်မှုများ ရယူပိုင်ဆိုင်နိုင်ခဲ့သည့် ဘုရားအလောင်းတော် မဟာဇနက ဇာတ်တော်ကြီးနှင့် ပညာအရာဖြင့် အောင်မြင်မှုရရှိပုံကို သိရှိမှတ်သားဖွယ်များပါဝင်သည့် မင်းကုသဇာတ်တော်ကြီးတို့ကို ရုပ်သေပြကွက်များဖြင့် ဒေသခံ သရုပ်ဆောင်ဝါသနာရှင် လူငယ်များက ပါဝင်သရုပ်ဆောင်ခဲ့ကြသည်။

ယခုနှစ်တွင် အိမ်ထောင်ပြုဖွယ်ရာကိစ္စရပ်တွင် မြန်မာအမျိုးသမီးသတိပြုဆင်ခြင်ဖွယ်ရာ အသိပညာပေးသည့် ကုဏ္ဍလကေသာထေရီ ရဟန္တာမ၏ ဇာတ်တော်ကြီးနှင့် ဇွဲသတ္တိနှင့် သီလတရားတို့ကြောင့် အောင်မြင်မှုများပိုင်ဆိုင်နိုင်ကြောင်း အသိပညာဗဟုသုတပေးနိုင်သည့် ဘုရားအလောင်းတော် မဟာဇနက ဇာတ်တော်ကြီးတို့ကို ကျောင်းသား ကျောင်းသူငယ်များက ရုပ်သေပြခန်းပြကွက်များဖြင့် ပါဝင်သရုပ်ဆောင်ပြသသွားမည်ဖြစ်သည်။

တန်ဆောင်တိုင် ဝက်ပါပွဲတော်ကျင်းပသည့် သီရိမင်္ဂလာရပ်ကွက်ထီးသုံးဆင့်၊ ရွှေမြင်မိ၊ လေးမျက်နှာဘုရား ပရိဝုဏ်ကွင်းပြင်တွင် အကွေ့အကောက် ၉၉၉ ခုပါဝင်သည့် ဝက်ပါလမ်းများ၊ ဗုဒ္ဓရုပ်ပွားတော်များနှင့် ယာယီစံကျောင်းတော်များနှင့် ဝက်ပါတောင်တော်မုခ်ဦးကြီး တည်ဆောက်ခြင်း၊ ရုပ်သေပြခန်းပြကွက်စင်များ၊ နောက်ခံပန်းချီကားများ ပြုလုပ်ခြင်း၊ လျှပ်စစ်မီးများ သွယ်တန်းခြင်းတို့ဆောင်ရွက်ရန် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် အဆိုပါဂေါပကအဖွဲ့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု ဝက်ပါပွဲတော်မှာ ဘုရားအလောင်း ဝေဿန္တရာမင်းကြီးဇာတ်တော်တွင်ပါဝင်သည့် အကောက်တစ်ထောင်ဝက်ပါတောင်အား အခြေခံကာ ရှေးအစဉ်အဆက်ကျင်းပသည့် ပွဲတော်တစ်ခုဖြစ်ပြီး ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ စသည့် ပါရမီဆယ်ပါးကို သိရှိနားလည်ကာ ကုသိုလ်ကောင်းမှု ပြုနိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

တီထွင်မှုစိတ်ကူးစိတ်သန်းကောင်းရန် တီထွင်ဖန်တီးဉာဏ်ပြိုင်ပွဲ ကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၂၆

မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ တီထွင်မှုစိတ်ကူးစိတ်သန်းကောင်းစေရန် တီထွင်ဖန်တီးဉာဏ်ပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၉နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ငုချိုချိုကျော်က ကျောင်းသား ကျောင်းသူများ စိတ်ကူးစိတ်သန်းကောင်းစေပြီး ဆန်းသစ်တီထွင်မှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်၍ အရုပ်ခေါက်ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး အမှတ် (၂)အခြေခံပညာအလယ်တန်းကျောင်းနှင့် FAME ကိုယ်ပိုင်မူလတန်းကျောင်းများရှိ KGတန်းမှ ကျောင်းသား၊ ကျောင်းသူ ၃၀ တို့က အရုပ်ခေါက်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အဆိုပါပြိုင်ပွဲမှ ဆုရရှိသည့် ကျောင်းသားကျောင်းသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်ငုချိုချိုကျော်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းရီတို့က ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ပုဗ္ဗသီရိမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

နေပြည်တော် စက်တင်ဘာ ၂၆

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ကြံဖို့စု အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူလေးများနှင့် ကျေးလက်နေပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်နိုင်က စားသုံးသူများအား ကာကွယ်ပေးနိုင်ရေးအတွက် စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၄ တွင် ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များသည် ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များတွင် ဖော်ပြထားသော အခြေအနေ၊ အာမခံချက်၊ ကာလသတ်မှတ်ချက်၊ အကျိုးသက်ရောက်မှုတို့နှင့် ကိုက်ညီမှုမရှိသော ဝန်ဆောင်မှု ကြော်ငြာနှင့် အရောင်းမြှင့်တင်ရေးတို့တွင် ပါဝင်သော ဖော်ပြချက်တို့နှင့် ကိုက်ညီမှုမရှိသော ဝန်ဆောင်မှုများအား မပြုလုပ်ရကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်သည် စားသုံးသူများအား ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်၍ အသုံးမပြုနိုင်သောဝန်ဆောင်မှု (သို့မဟုတ်) မရနိုင်သောဝန်ဆောင်မှု၊ အပြစ်အနာဆာများအား ဖုံးကွယ်ထားသောဝန်ဆောင်မှုများ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ဒုတိယဦးစီးမှူး ဦးစိုးထင်လင်းက ကျောင်းသား ကျောင်းသူများအား ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းမပြုမီ သတိပြုရမည့်အချက်များအား အသေးစိတ်ရှင်းလင်းပြောကြားပြီး စားသုံးရန်နှင့် သုံးစွဲရန်မသင့်သည့် တားမြစ်ထားသော စားသောက်ကုန်များအကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များကို ရွေးချယ်ဝယ်ယူကြရန်နှင့် ဝယ်ယူစားသုံးပါက မည်သည့်အချက်များကို ကြည့်၍ ဝယ်ယူစားသုံးရမည်ဆိုသည့် အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စောမာလာနွယ်နှင့်ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆွေနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁ နာရီကလည်း ချောင်းစောက် အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ရွှေရဲရင့်

လမ်းခင်းခြင်းနှင့်အဆောက်အအုံများဆောက်လုပ်မှုများကြောင့် ကျောက်၊ သဲ အရောင်းအဝယ်လုပ်ငန်းများကောင်းမွန်

ဖျာပုံ စက်တင်ဘာ ၂၆
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင်မြို့တွင်းလမ်းများကောင်းမွန်ရေးအတွက် ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်ရာတွင်စည်ပင်ဘဏ္ဍာငွေဖြင့်လည်းကောင်း၊ စည်ပင်နှင့်ပြည်သူပူးပေါင်းမှုဖြင့်လည်းကောင်း၊ ပြည်သူတစ်ဦးချင်းနှင့် ပြည်သူများစုပေါင်းလှူဒါန်းမှုတို့ဖြင့် လမ်းကြီးများအပြင် လမ်းသွယ်များပါမကျန် ကွန်ကရစ်လမ်းများအဖြစ်ဆောင်ရွက်လျက်ရှိကြသည်။ထို့အပြင် စီးပွားရေးလုပ်ငန်းများအဆင်ပြေမှုတို့ကြောင့် မြို့ပြအဆောက်အအုံများတိုးချဲ့ပြုပြင်ဆောက်လုပ်မှုတို့ကြောင့် ကျောက်၊ သဲပစ္စည်းများဝယ်လိုအားကောင်းနေသဖြင့် ကြိုတင်မှာယူစောင့်ဆိုင်းဝယ်ယူနေရကြောင်းသိရသည်။

ဖျာပုံမြို့နယ်တွင် ကျောက်၊ သဲလုပ်ငန်းရှင် ၂၀ ခန့်ရှိပြီး ဒေသအခြေအနေအရ မော်တော်ကား၊ ထော်လာဂျီများ၊ စက်တပ်ရေယာဉ်များဖြင့် ဝယ်ယူသူ၏ လုပ်ငန်းခွင်အရောက်ပို့ဆောင်ရောင်းချပေးရသဖြင့် ကျောက်၊ သဲရောင်းဝယ်လုပ်ငန်းများတွင် ထမ်းပိုးသူ၊ ကားမောင်းသူနှင့် စက်တပ်ရေယာဉ်မောင်းသူတို့၏တစ်နေ့ဝင်ငွေမှာ လုပ်ငန်းကျွမ်းကျင်မှုအလိုက် ခြောက်ထောင်ကျပ်မှတစ်သောင်းကျပ်အထိရရှိနေကြပြီး ကျောက်၊ သဲရောင်းဝယ်မှုလုပ်ငန်းများတွင် လုပ်သားဦးရေငါးရာခန့်လုပ်ကိုင်နေကြကြောင်းသိရသည်။

အောင်ဝင်း(ဖျာပုံ)

(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒေါပုံမြို့နယ် ရဲတပ်ဖွဲ့မှူးစိုးမြင့်အောင်ဦးဆောင်၍ တပ်ဖွဲ့ဝင် ၄၀၊ မိသားစုဝင် ၃၂ ဦး၊ အရန်မီးသတ် ၁၀ ဦး၊ ယမုံနာ (၂) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဘုန်းနိုင်ပါ ငါးဦးတို့သည် ဒေါပုံမြို့ ယမုံနာ (၂) ရပ်ကွက်ရှိ မဟာဗောဓိဆုတောင်းပြည့်စေတီဝင်းနှင့် မင်္ဂလာရာမဘုန်းကြီးကျောင်းဝင်းအတွင်း၌ စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဒေါ်ပုံထင်ကျော်

ရွှေတောင်မြို့မှ ပြုလုပ်သော ရောင်စုံမီးပုံးနှင့် ကစားစရာအရုပ်မီးပုံးများ ရောင်းအားကောင်း

ပြည် စက်တင်ဘာ ၂၆
ဝါလကင်းလွတ် သီတင်းကျွတ်အချိန်အခါသမယတွင် မြန်မာနိုင်ငံအတွင်း နေရာဒေသအသီးသီး၌ ရောင်စုံမီးပုံးများ၊ မီးတွဲ၊ မီးဆိုင်းများ ထွန်းညှိကာ မြတ်စွာဘုရားအား မီးပူဇော်ခြင်း၊ နေအိမ်အလှ မီးပုံးရောင်စုံများ ထွန်းညှိအလှဆင်သည့် ရောင်စုံမီးပုံးများနှင့် ကလေးငယ်များ ဆော့ကစားစရာအဖြစ် ယုန်ရုပ်၊ ဒေါင်းရုပ်၊ လေယာဉ်ပျံစသည့် ရောင်စုံမီးပုံးလက်တွန်းလှည်းများကိုလည်း ပြုလုပ်ရောင်းချလျက်ရှိကြသည်။

ကလေးကစားစရာ မီးပုံးများနှင့် ရောင်စုံမီးပုံးလက်တွန်းလှည်းများကို ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်း၌ မိသားစုတစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် ပြုလုပ်ရောင်းချလျက်ရှိကြသည်။ ရောင်စုံမီးပုံးနှင့် ကလေးကစားစရာရောင်စုံ အရုပ်မီးပုံး လက်တွန်းလှည်းပြုလုပ်ရာတွင် အဓိကပါဝင်သည့် ပစ္စည်းများမှာ တင်းဝါး၊ မျှဉ်ဝါးနှင့် ရောင်စုံစက္ကူတို့ ပါဝင်ကြသည်။ ပြုလုပ်ရောင်းချပြီး ရောင်စုံမီးပုံးနှင့် ကလေးကစားစရာမီးပုံးများကို ပြည်မြို့သို့ အများဆုံးတင်ပို့ရောင်းချရပြီး အခြားမြို့နယ်များသို့လည်း တင်ပို့ရောင်းချရသည်။ တင်ပို့ရောင်းချရာတွင် လက်ကားဈေးအဖြစ် ရောင်စုံမီးပုံးအသေးတစ်လုံးကို ငွေကျပ် ၃၅၊ ၄၀ ခန့် ရောင်းချရပြီး ကလေးကစားစရာ အရုပ်မီးပုံးတွန်းလှည်း တစ်ခုကို လက်ကားဈေး ကျပ် ၆၀၀ မှ ကျပ် ၉၀၀ ထိ ရောင်းချရသည်။

မီးပုံးများနှင့် အရုပ်မီးပုံးတွန်းလှည်းများကို ဝါခေါင်လပြည့်ကျော်ကတည်းက စတင်ပြုလုပ်နေကြပြီး တော်သလင်းလဆန်းပိုင်းတွင် စတင်ရောင်းချနေရပြီဖြစ်ကြောင်း၊ ယခင်နှစ်ကထက် ပိုရောင်းချရကြောင်း ပုံးပြုလုပ်ရောင်းချသူတစ်ဦးက ပြောသည်။

သူရအောင်(ပြည်)

စစ်တွေမြို့အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

စစ်တွေ စက်တင်ဘာ ၂၆
(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့အောက်ရှိတပ်ဖွဲ့ဝင်များနှင့် အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက် အမှတ်(၁၂၊ ၃၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ စုပေါင်း၍ စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီက စစ်တွေမြို့အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ သွေးလှူဒါန်းကြသည်။

အဆိုပါသွေးလှူဒါန်းမှုသို့ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုး၊ အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲရေးမှူး ရဲမှူးကြီး ညဏ်မြင့်ကျော်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာကြည်လွင်၊ ပြည်နယ်ကုသရေးဦးစီးမှူး ဒေါက်တာ ဦးရွှေသိန်းနှင့် စစ်တွေခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနောင်တို့ လာရောက်ကြည့်ရှုအားပေးစကားပြောကြပြီး အာဟာရဖြည့်စွက်စာများ ပေးအပ်ကြသည်။

ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ စစ်တွေခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ ရဲစခန်း၊ ရဲကင်းများနှင့် အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်မှ တပ်ဖွဲ့ဝင်များစုပေါင်း၍ သွေးအမျိုးအစား ၆၀ ကျော်ကိုလှူဒါန်းခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အခါအခွင့်သင့်လျှင်သင့်သလို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါများတွင် သာသနိက အဆောက်အအုံများ၊ ပြည်သူ့ဆေးရုံများနှင့် စာသင်ကျောင်းများ၌ သန့်ရှင်းဆောင်ရွက်ခြင်းများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းနေ့ သွေးလှူဒါန်းခြင်းသည်လည်း ကျန်းမာရေးအရသွေးလိုအပ်သူတစ်ဦးကို မိမိသွေးဖြင့် အသက်ဆက်နိုင်အောင် ကူညီပေးသည့်အတွက် အလွန်မွန်မြတ်သည့် အလှူဖြစ်သောကြောင့် တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ရဲမှူးကြီးအောင်မြတ်မိုးကပြောကြားသည်။

ယနေ့သွေးလှူဒါန်းကြသောရဲတပ်ဖွဲ့ဝင်များအား စစ်တွေသွေးလှူဘဏ်မှ ဝန်ထမ်းများကအားဆေးနှင့် အာဟာရဖြည့်စွက်စာများပေးအပ်ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

သန်လျင်မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်

သန်လျင် စက်တင်ဘာ ၂၆
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သန့်ရှင်းသာယာလှပရေးအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုး၊ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်တို့ ဦးဆောင်မှုဖြင့် သန်လျင်မြို့ မြို့ဟောင်း အနောက်ရပ်ကွက် ရန်ကုန် - သန်လျင်တံတားပတ်ဝန်းကျင်သန့်ရှင်းသာယာရေး စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့စုပေါင်းဆောင်ရွက်ရာတွင် သန်လျင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၅၀ တို့က သန်လျင်မြို့သန့်ရှင်းသာယာလှပရေးအတွက် သန်လျင်မြို့ မြို့ဟောင်းအနောက်ရပ်ကွက် ရန်ကုန် - သန်လျင် တံတားပတ်ဝန်းကျင်ရှိ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း အမှိုက်များကောက်၍မီးရှို့ခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သက်ခိုင်(သန်လျင်)

အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ကော့မှူး စက်တင်ဘာ ၂၆
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်ထိ ကျေးရွာပေါင်း ၂၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၌ တိုးချဲ့မြစိမ်းရောင်ကျေးရွာဖြစ်သော ဖျံရွာ၊ ချောင်ကျေးရွာတွင် ကျေးရွာသူ ကျေးရွာသားများမြစိမ်းရောင်ချေးငွေရယူ၍တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ ကုန်ထုတ်လုပ်ငန်းနှင့်အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်၍ အောင်မြင်တိုးတက်နေမှုများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒု-ဦးစီးမှူးဦးထွန်းထွန်းဦးနှင့် ဝန်ထမ်းအဖွဲ့ စက်တင်ဘာ ၂၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံကာ စာရင်းဇယားများ စနစ်တကျထိန်းသိမ်းထားခြင်းရှိ၊ မရှိနှင့် မှန်ကန်စွာဖြည့်စွက်ထားခြင်းရှိ၊ မရှိစစ်ဆေးကာ စာရင်းဇယားများမှန်ကန်အောင် တည့်မတ်ပေးခဲ့ကြောင်းသိရသည်။

ကိုကျော်(သုံးခွ)

ယနေ့တိုင်မမေ့နိုင်သော ဆရာကြပ်ကလေး

တက္ကသိုလ်တင်ခ (အမျိုးသားစာပေတစ်သက်တာဆုရှင်)

၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့ ရောက်လာလျှင် ဆရာကြပ်ကလေး ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၉၀ ပင် ပြည့်မြောက်ခဲ့ပြီ။ ဆရာသည် စာပေဟောပြောပွဲတွင် မိတ်ဆက်သည့် စကားတစ်ခွန်းမှာ -

"ကျွန်တော့်ကလောင်အမည်က ကြပ်ကလေး၊

ကြပ်တယ်ဆိုတာ မချောင်လို့ပါ" ဟူသော စကားသည် သဘာဝကျလွန်းပါသေးသည်။ ဆရာ'ကြပ်ကလေး'ကို ၁၉၂၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် အင်းစိန်မြို့နယ်၌ အဘ ဦးအုန်းမောင် အမိ ဒေါ်အေးတင့်တို့က မွေးဖွားသည်။ သားသုံးဦးအနက် အငယ်ဆုံးဖြစ်သည်။ အမည်ရင်းမှာ ဦးသောင်းတင် ဖြစ်သည်။

စာပေနယ်ထဲသို့ဝင်ရောက်

အင်းစိန်မြို့နယ် အစိုးရအထက်တန်းကျောင်းတွင် ဒုတိယကမ္ဘာစစ်အပြီး (၈)တန်း၌ ပညာသင်ကြားနေစဉ် ဇဝန ဂျာနယ်၌ 'ကြပ်ကလေး'ဟူသော စာမူကိုရေးသားပြီး စာပေနယ်ထဲသို့ ဝင်ရောက်ခဲ့သည်။

စစ်ပြီးခေတ် ပထမဆုံးတက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ဘီအေစာမေးပွဲကို အောင်မြင်သည်။ ပါဠိဘာသာတွင် ပထမရခဲ့သဖြင့် ရန်ကုန်တက္ကသိုလ်ပါဠိအသင်းမှ ဆုချီးမြှင့်ခြင်းခံရသည်။ ဒေါ်တင်တင်နှင့် အိမ်ထောင်ကျသည်။ ဆရာသည် ၁၉၅၁ ခုနှစ်တွင် ငွေစာရင်းမင်းကြီးရုံး၌ အလုပ်သင်ရုံးအုပ်၊ ၁၉၆၀ ပြည့်နှစ် လက်ဆောင်ငွေစာရင်းမင်းကြီး၊ ၁၉၇၃ ခုနှစ်တွင် တော်လှန်ရေးကောင်စီ၏ အတိုင်ပင်ခံခုံရုံးအဖွဲ့နှင့် နိုင်ငံတော် ကောင်စီရုံးတွင် အမှုထမ်းခဲ့သည်။

၁၉၈၁ ခုနှစ်တွင် နိုင်ငံတော်ကောင်စီရုံး၌ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် အသက် (၆၀)ပြည့်သဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ဆရာသည် အငြိမ်းစားယူပြီးနောက် ဂျာနယ်၊ မဂ္ဂဇင်းမျိုးစုံတွင် ကြပ်ကလေး၊ တက္ကသိုလ်သူဇာမောင်၊ နန္ဒသူ၊ ဖြိုးဝေ၊ သရ၊ ဖိုးထောင်၊ သက်လုံ၊ ခင်မရအေး၊ သောင်းဝင်း၊ ကျော်ထွန်းပေါ်၊ ရဲသူရဇော်၊ ခင်မိမိသက်၊ နွေးနွေး၊ ဘိုးဘိုးကြပ်၊ လုံးဂျမ်း၊ ဖြူရဒုတ်၊ ကိုမွေလီ၊ မရှုပ်အေးစသည့် ကလောင်အမည်ခွဲများစွာဖြင့် ဝတ္ထု၊ ဆောင်းပါးများစွာ ရေးသားခဲ့သည်။

ဆရာသည် ဟာသဝတ္ထု၊ ဘာသာပြန်ဝတ္ထုများကို ရေးသားခဲ့ရာ "ပဲခူးဆားမှ နိုးလတ်သော်နှင့် နှင်းပွင့်တိုင်းပြည်"တို့မှာ ဆရာ၏ ထင်ရှားသောလက်ရာများဖြစ်သည်။

ဆွဲဆောင်မှုအပြည့်အဝ

ဆရာကြပ်ကလေးသည် ၂၀၀၃ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ပုဇွန်တောင်မြို့နယ်ရှိ နေအိမ်၌ ကွယ်လွန်ခဲ့သည်။ ဆရာသည် စာရေးကောင်းသလို အဟောအပြောကောင်းသူလည်းဖြစ်သည်။ ဟာသကိုအခြေခံ၍ ဟောပြောသော်လည်း မှတ်သားစရာများကို သူ့နေရာနှင့်သူ အံဝင်အောင် ဆွဲဆောင်ဟောပြောနိုင်စွမ်းရှိသည်။ ပရိသတ်အထူးနှစ်ခြိုက်သဖြင့် ဆရာ့ဟောပြောချက်သည် ပရိသတ်အတွက် စုံမင်ဖွယ်ရာဖြစ်ပါပေသည်။

ကိုယ်ဟန်သွယ်သွယ်အရပ်ပုပုနှင့် ဆရာကြပ်ကလေးသည် စာပေဟောပြောသည့်အခါ တက်တက်ကြွကြွရှိသည်။ လှုပ်လှုပ်ရှားရှားရှိသည်။ ဟန်ပန်အမူအရာသွက်လက်သည်။ ပရိသတ်ကို ဆွဲဆောင်မှုအပြည့်အဝရှိသည်။ ပျော်ဘွယ်မြို့ စာပေဟောပြောပွဲသည် ဆရာကြပ်ကလေးကြောင့် အောင်မြင်ခဲ့ကြောင်း ကြားသိရသည်။

သတင်းကောင်း

စာရေးဆရာတိုင်း ယမကာမှီဝဲတတ်သော်လည်း ဆရာသည် ဘီယာကိုပင် မထိတတ်ကြောင်း သိရှိရပါသည်။ ကွမ်းမစား၊ ဆေးလိပ်မသောက်သဖြင့် ဆရာ့ကျန်းမာရေးကောင်းခဲ့ပါသည်။

ထူးခြားသည်မှာ ဆရာဟောပြောခါနီးတွင် ဆရာ့တိုက်ပုံအင်္ကျီအတွင်းမှ ကော်ဘူးလေးတစ်ဘူးကို နှိုက်ယူပြီး လက်ဝါးပေါ်သို့ ဆေးမှုန့်အနည်းငယ် လောင်းချလိုက်သည်။ မေးမြန်းကြည့်သောအခါ လျက်ဆားဖြစ်ကြောင်း သိရသည်။ လျက်ဆားသည် ဆရာ့အတွက် ဆေးတစ်လက်ပင်ဖြစ်သည်။ ညဘက်တွင် ဆရာသည် တော်ရုံနှင့် မအိပ်ဘဲ ခြင်ထောင်ထဲဝင်ကာ တရားထိုင်သည်။ အခြားစာရေးဆရာများ ခရီးပန်းလာသဖြင့် စောစောအိပ်ရာဝင်ကြသော်လည်း ဆရာက မရဝတ္တရားမပျက် တရားထိုင်သည့်အလုပ်ကို ဇွဲကောင်းကောင်းနှင့် လုပ်ကိုင်နိုင်ကြောင်း သတင်းကောင်းကြားသိရသည်။

မော်ကွန်းတင်

နှစ်ဆယ်ရာစု မြန်မာစာရေးဆရာများနှင့် စာစုစာရင်း စာအုပ်ထုတ်ဝေရန် တက္ကသိုလ်သခ်ိက ဆရာထံအကူအညီတောင်းခဲ့ရာမှ အထူးကူညီပေးခဲ့ကြောင်း သိရပါသည်။

နှစ်ဆယ်ရာစု မြန်မာစာရေးဆရာများနှင့် စာစုစာရင်းထုတ်ဝေသောအခါတွင် မရဆရာကြပ်ကလေးမရှိရှာတော့ပါ။

"ကျွန်တော့ကလောင်နာမည်က ကြပ်ကလေး

ကြပ်တယ်ဆိုတာ မချောင်လို့ပေါ့"

ဟူသော ဆရာစကားနှင့်အညီ ကွယ်လွန်သွားရှာပြီဖြစ်သော ဆရာကြပ်ကလေးကို အမှတ်ထင်ထင်မော်ကွန်းတင်လိုက်ရပေသည်။

ဆရာ 'ကြပ်ကလေး' ကို ဂုဏ်ပြုမော်ကွန်းတင် တွေးရှုအလေးပြုအပ်ပါသည်။ ။

ဖျာပုံမြို့တြိဂံချွန်းထိပ်နှင့် အဝေးပြေးဝင်းအဝင်လမ်းထိပ် ဂိတ်ထိုးပြေးဆွဲနေသောခရီးသည်တင်ယာဉ်များ ရှင်းလင်းဖယ်ရှားပေးစေချင်

ဖျာပုံ စက်တင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံတံတားကြီး ခြေဆင်းနှင့် အဝေးပြေးဝင်း အဝင်လမ်းထိပ်အနီးရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ်တု ထားရှိရာ တြိဂံချွန်းထိပ် ပတ်ပတ်လည် ယာဉ်မရပ်ရနေရာများတွင် ခရီးသည်တင်ယာဉ်များ ဂိတ်ထိုး၍ ပြေးဆွဲနေသည်မှာ အချိန်အတန်ကြာနေပြီး တာဝန်ရှိသူများ လာရောက်စစ်ဆေးအရေးယူသည့်အချိန်မှလွဲ၍ ကျန်အချိန်များတွင် နေ့နေ့၊ ညည ဂိတ်ထိုးပြေးဆွဲနေသည်ကို ပကတိမျက်မြင်တွေ့မြင်နေရသည်မှာ အမှန်ပင်ဖြစ်သည်။

"ကျွန်တော်တို့ ဖျာပုံမြို့ရဲ့ တြိဂံချွန်းထိပ် ဒီနေရာလေးက မြို့ကျက်သရေဂုဏ်ဆောင် ဗိုလ်ချုပ်ကြေးသွန်းရုပ်တုကို မကြာသေးခင်ကာလက ထားရှိခဲ့ပြီး နိုင်ငံတော်အခမ်းအနားတွေ ကျင်းပတဲ့ နေရာလေးဖြစ်တဲ့အပြင် အနယ်နယ်အရပ်ရပ်က ခရီးသွားပြည်သူတွေ၊ နိုင်ငံခြားက ကမ္ဘာလှည့်ခရီးသည်တွေ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေတဲ့နေရာကို စည်းကမ်းမဲ့ လမ်းပိတ် ဂိတ်ထိုးပြီး ခရီးသည်ခေါ်ယူပြေးဆွဲနေတဲ့ ခရီးသည်တင်ကားတွေကို သက်ဆိုင်ရာက ထိထိရောက်ရောက်၊ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သင့်ပါပြီ" ဟု ဖျာပုံမြို့အမှတ်(၃) ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

ထို့အပြင် နံနက်စောစောအချိန်များတွင် တြိဂံချွန်းထိပ်ရှိ အဝေးပြေးဝင်း အဝင်လမ်းထိပ်အတွင်းပိတ်၍ ခရီးသည်တင်ယာဉ်များ ဂိတ်ထိုးပြီး ခရီးသည်အပြိုင်အဆိုင် ခေါ်ယူပြေးဆွဲနေသဖြင့် ခရီးသွားပြည်သူများ၏ ကားများ၊ ဆိုင်ကယ်များ၊ ကျောင်းသား ကျောင်းသူများ၏ စက်ဘီး၊ ဆိုင်ကယ်များ သွားမရလောက်အောင် လမ်းပိတ်ဆို့နေ၍ မတော်တဆယာဉ်တိုက်မှုအန္တရာယ်များ မကြာခဏ ကြုံတွေ့နေရသဖြင့် တာဝန်ရှိဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးရန် ပြည်သူများက လိုလားနေကြောင်း သိရသည်။

(၅၄၀)

ဟင်္သာတ သတင်းရဲတပ်ဖွဲ့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ဟင်္သာတ စက်တင်ဘာ ၂၆

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟင်္သာတမြို့နယ် သတင်းရဲတပ်ဖွဲ့ ဟင်္သာတတပ်ဖွဲ့မှူးရုံးမှ ဒု-ရဲမှူးမျိုးဝင်း ဦးဆောင်သော သတင်းရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာကလေးရပ်ကွက် အမှတ်(၂)အလကခွဲ၌ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများအား အာဟာရဒါနပြုခဲ့ကြောင်း သိရသည်။

(၇၀၀)

အောက်တိုဘာ ၁ ရက်တွင် Vivo ၏ စမတ်ဖုန်းသစ် V7+ ကိုမြန်မာနိုင်ငံတွင်စတင်ရောင်းချမည်

ရန်ကုန် စက်တင်ဘာ ၂၆

ကြီးမားကျယ်ပြန့်သောမျက်နှာပြင်နှင့် နည်းပညာများအဆင့်မြှင့်ထားသော Vivo ၏ စမတ်ဖုန်းသစ် V7+ အမျိုးအစားကို ရန်ကုန်၊ မန္တလေး အပါအဝင် မြန်မာနိုင်ငံရှိ Vivo အရောင်းစင်တာများနှင့် အခြားမိုလ်ဘိုင်း ဖုန်းဆိုင်ကြီးများတွင် စတင်ရောင်းချတော့မည့်အကြောင်းနှင့် ယခုအသစ်ထွက်ရှိလာသော V7 + စမတ်ဖုန်းအမျိုးအစားတွင်ပါဝင်သော နည်းပညာနှင့် လုပ်ဆောင်မှုသစ်များအကြောင်း မိတ်ဆက်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel ဟိုတယ်၌ စက်တင်ဘာ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါပွဲတွင် Vivo မှ သူ၏ ကမ္ဘာ့ပထမဆုံး Fullview မျက်နှာပြင်နှင့် စမတ်ဖုန်းလောကတွင် Megapixel အများဆုံး Selfies ကင်မရာပါဝင်သော စမတ်ဖုန်းသစ် Flagship V7+ ကို ထူးခြားစွာမိတ်ဆက်ပြသပေးခဲ့သည်။ "ကျွန်တော်တို့ရဲ့ Selfie အသားပေး V7+ စမတ်ဖုန်းကို မြန်မာပြည်က စမတ်ဖုန်းသုံးစွဲသူတွေအတွက် တရားဝင်မိတ်ဆက်ပေးနိုင်လို့ အရမ်းဝမ်းသာမိပါတယ်။ ယခုအသစ်မိတ်ဆက်ပေးလိုက်တဲ့ Vivo V7+ စမတ်ဖုန်းဟာ လူငယ်တွေအကြိုက်တွေ့စေမယ့် ဆန်းသစ်တဲ့ ကင်မရာပိုင်းနဲ့ နည်းပညာမြင့် အသံစနစ်တွေ၊ သပ်ရပ်လှပတဲ့ကိုယ်ထည်နဲ့ ထုတ်လုပ်ထားတဲ့ စမတ်ဖုန်းဖြစ်ပါတယ်။ ယခုမိတ်ဆက်ပေးလိုက်တဲ့ စမတ်ဖုန်းနဲ့တကွ Vivo အမှတ်တံဆိပ်စမတ်ဖုန်းတွေကို မြန်မာနိုင်ငံရဲ့မိုလ်ဘိုင်းဈေးကွက်မှာ ခိုင်မာတဲ့နေရာတစ်ခုရနိုင်မယ်လို့ မျှော်လင့်မိပါတယ်" ဟု Vivo Myanmar မှ Digital PR မန်နေဂျာ ကိုထွန်းထွန်းဝင်းက ပြောကြားခဲ့သည်။

24 MP ပမာဏပါဝင်သော အရှေ့ဘက် Selfie ကင်မရာနှင့် ကြည်လင်ပြတ်သားသော ဓာတ်ပုံနှင့်ရုပ်သံများရိုက်ကူးနိုင်ပြီး ရိုက်ကူးပြီး ဓာတ်ပုံများကို လှပချောမွေ့စေရန်ပြုပြင်ပေးမှုများကို အလိုအလျောက်လုပ်ဆောင်ပေးသွားနိုင်ရန် နည်းပညာများထည့်သွင်းပေးထားပြီး အသုံးပြုသူကိုယ်တိုင်လည်း စိတ်ကြိုက်ပြုပြင်နိုင်မည်ဖြစ်သည်ဟု သိရသည်။ ထို့အပြင် ၅ဒသမ ၅ လက်မမျက်နှာပြင်အကျယ်တွင် ပုံမှန်စမတ်ဖုန်းများတွင် ပါဝင်နေကျမျက်နှာပြင်နေရာပေးထားမှုမျိုးမဟုတ်ဘဲ ၂၅ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုပြတ်သားသည့် ၁၈း ၉ ပုံစံကို အသုံးပြုတည်ဆောက်ထားပြီး ဂိမ်းကစားသူများအတွက် ၈၄ ဒသမ ၄ ရာခိုင်နှုန်း ပိုမိုအတွေ့အကြုံရရှိစေမည့် မျက်နှာပြင်မျိုး ထည့်သွင်းပေးထားသည်ဟု သိရသည်။

ဖုန်း၏အထူမှာ ၂ ဒသမ ၁၅ မီလီမီတာသာ ရှိသောကြောင့် ကိုင်ဆောင်အသုံးပြုသူများအတွက် ပိုမိုနှစ်သက်စေမည်ဖြစ်ကာ ဂိမ်းကစားခြင်း၊ ရုပ်ရှင်ကြည့်ရှုခြင်းတို့အတွက် အဆင့်မြှင့်ထားသည့် AK4376A Hi-Fi အသံစနစ်ပါဝင်သော နည်းပညာနှင့် စပီကာများကို အသုံးပြုတည်ဆောက်ထားသည်ဟု သိရသည်။

Qualcomm Octa - Core ပရိုဆက်ဆာနှင့် RAM ပါဝင်မှု 4GB အထိရှိပြီး Vivo ၏ ကိုယ်ပိုင်လည်ပတ်မှုစနစ်ဖြစ်သော Funtouch 3.2 OS လည်းပါဝင်ကာ Android 7.1 စနစ်လည်း ပါဝင်သည်ဟု သိရသည်။

၎င်းစမတ်ဖုန်းသစ် V7+ အနက်ရောင်ကို မြန်မာကျပ်ငွေ ၄၂၉၀၀၀ ဖြင့် စက်တင်ဘာ ၂၆ ရက်မှ ၃၀ ရက်အတွင်း ကြိုတင်မှာယူမှုများပြုလုပ်နိုင်ပြီး အောက်တိုဘာ ၁ ရက်မှ စတင်ကာ မြန်မာတစ်နိုင်ငံလုံးရှိ မိုလ်ဘိုင်းဖုန်းဆိုင်ကြီးများတွင် စတင်ဝယ်ယူနိုင်မည်ဖြစ်သည်။

(သတင်း-ဓာဏီ၊ ဓာတ်ပုံ-ဒီဒီ)

ကာဗာနီကို အသာလေး အလဲထိုးမယ့် နေမာ

ဂျာမနီမီဒီယာတစ်ခုက နေမာရဲ့ ပီအက်စ်ဂျီအသင်းဆီ ပြောင်းရွှေ့တဲ့ စာချုပ်စာတမ်းတွေကို ထုတ်ဖော်ပြသလိုက်ရာ ခန့်မှန်းဖော်ပြနေကျလစာထက်ပေါင် ၁၀၀၀၀၀ လောက် ပိုများနေခဲ့လို့ အားလုံးပါးစပ်အဟောင်းသား ဖြစ်ခဲ့ရပါတယ်။ နေမာဟာ ပီအက်စ်ဂျီမှာ တစ်နှစ်လုပ်ခလစာ ပေါင် ၃၂ ဒသမ ၇ သန်း တိတိကျကျဆိုရရင် တစ်ပတ်လုပ်ခပေါင် ၆၀၀၀၀၀၊ နောက်ထပ်အသေးစိတ်ရရင် တစ်နေ့လုပ်ခပေါင် ၈၈၀၀၀၀ရနေတာပါ။ ဒီပမာဏဟာ မက်ဆီ၊ စီရိုနယ်လ်ဒိုတို့ရရှိတဲ့လစာထက်များစွာမြင့်မားနေတာဖြစ်ပြီး နေမာဟာ ပီအက်စ်ဂျီကို ငွေကြေးကြောင့် ပြောင်းရွှေ့သွားတယ်ဆိုတဲ့အချက်ကို ပိုမိုခိုင်မာအား ကောင်းလာစေပါတယ်။

နေမာဟာ ပြီးခဲ့တဲ့ ဩဂုတ်လဆန်းပိုင်း ပီအက်စ်ဂျီကို ရောက်ရှိလာပြီးကတည်းက အများရဲ့အာရုံစူးစိုက်မှု ပိုမိုရရှိလာခဲ့တာဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာ့စံချိန်တင်ကြေးဆိုတာထက် ဘာစီလိုနာနဲ့ နေမာကြား အပြန်အလှန်စွပ်စွဲကြတဲ့ ဆုကြေးငွေကိစ္စ၊ နေမာ ပီအက်စ်ဂျီမှာ ဘယ်လိုရပ်တည်နေသလဲဆိုတဲ့ နောက်ဆက်တွဲ အခြေအနေကို သိချင်နေကြလို့ပါ။ အရင်က လာလီဂါမှာ မက်ဆီ၊ စီရိုနယ်လ်ဒိုတို့လို ကစားသမားတွေ ရှိနေနှင့်ပြီးဖြစ်တာကြောင့် ဂလက်စီကို ပွဲဆိုရင်တောင် မက်ဆီ-စီရိုနယ်လ်ဒိုတို့ အားပြိုင်တဲ့ပွဲလို့ မှတ်ယူနေကြတာပါ။ ပြင်သစ်လိဂ်မှာတော့ နေမာဟာ လက်ရှိ ပုံရိပ်အမြင့်မားဆုံး ကစားသမားဖြစ်နေသလို အားလုံးရဲ့ နှုတ်ဖျားမှာလည်း နေမာသာဖြစ်နေတာ ဖြစ်ပါတယ်။

ဒါပေမယ့် လိုင်ယွန်နဲ့ ပွဲမှာ ပီအက်စ်ဂျီအသင်းရရှိတဲ့ ပင်နယ်တီကို နေမာနဲ့ ကာဗာနီတို့နှစ်ဦးစလုံးက ကန်ချင်ခဲ့ကြတာကြောင့် အသေးစားပဋိပက္ခ ဆန်ဆန် ဖြစ်ခဲ့တာပါ။ နေမာက အလွတ်တည်ကန်ဘော၊ ထောင့်ကန်ဘော၊ ပင်နယ်တီတို့ကို သူသာ တာဝန်ယူကန်ခွင့်ရချင်သလို အရင်ကတည်းက ပီအက်စ်ဂျီအသင်းအတွက် ဒီတာဝန်တွေကို ယူခဲ့တဲ့ ကာဗာနီကလည်း သူ့နေရာကို ဖယ်မပေးချင်တဲ့လက္ခဏာမျိုးတွေ မြင်တွေ့ခဲ့ရပါတယ်။ ဒါပေမယ့် အဲဒီနေ့မှာ ကာဗာနီပဲ ကံဆိုးခဲ့သလားထင်ရအောင် ကာဗာနီက ပင်နယ်တီလွဲခဲ့ပါတယ်။

အဲဒီနောက် ပီအက်စ်ဂျီအသင်း အလွတ်တည်ကန်ဘော ရရှိချိန်မှာတော့ ပြဿနာက ပိုမိုရှုပ်လုံးကြွလာပါတယ်။ သူတို့နှစ်ဦးကြား ဖြစ်နေတဲ့ ပါဝါလွန်ဆွဲပွဲကြား ဝင်ခဲ့သူကတော့ ဒန်နီအဲလ်ဗက်စ်ဖြစ်ပြီး ပီအက်စ်ဂျီအသင်း အလွတ်တည်ကန်ဘောကန်ခွင့်ရရှိချိန်မှာ ကန်ဖို့ပြင်နေတဲ့ ကာဗာနီဆီက ဘောလုံးကိုလုယူကာ နေမာလက်ထဲကို ထည့်ပေးလိုက်တဲ့ ပုံစံက ကာဗာနီအပေါ် လုံးဝလေးစားမှုမရှိရာကျပါတယ်။ ဒီပွဲအပြီးမှာ ဒေါသထွက်နေတဲ့ ကာဗာနီက ကလပ်အသင်းကနေ အိတ်တွေယူပြီးအပြင်ကို ထွက်သွားခဲ့သလို နေမာကလည်း ကာဗာနီရဲ့ အင်စတာဂရမ်ကို Unfollow ချက်ချင်းလုပ်ခဲ့ပါတယ်။

နေမာက ဒီအခြေအနေနဲ့တင် မကျေနပ်သေးဘဲ အသင်းပိုင်ရှင် အယ်လ်ခီလိုင်ဖီဆီသွားပြီး သူ့အနေနဲ့ ကာဗာနီရှိနေတာက အတားအဆီး ဖြစ်နေတာကြောင့် လာမယ့်ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်မှာ ကာဗာနီကို ထုတ်ရောင်းပစ်ဖို့ တောင်းဆိုခဲ့တယ်လို့ သတင်းတွေထွက်လာခဲ့ပါတယ်။ ဒီလိုနေမာနဲ့ အဆင်မပြေလို့ နန်းကျဘုရင်လို ဖြစ်သွားတဲ့ ကာဗာနီကို ခေါ်ယူဖို့ ပရီမီယာလိဂ်အသင်းတွေဖြစ်တဲ့ လီဗာပူး၊ စပါးအပြင် အသင်းဟောင်းနာပိုလီတို့က ပြင်နေပြီလို့ နောက်ဆက်တွဲ သတင်းတွေတောင် ဆက်ထွက်လာပါတယ်။

မောင့်ပယ်လီယာနဲ့ပွဲမတိုင်မီ အသင်းလေ့ကျင့်ရေးကွင်းမှာလည်း သူတို့နှစ်ဦးကြား အေးစက်တဲ့ ဆက်ဆံရေးကို ထင်ထင်ရှားရှားမြင်တွေ့ခဲ့ရပါတယ်။ နေမာနဲ့ ကာဗာနီတို့ကြားက တင်းမာနေမှုကို နည်းပြအမ်မရီကလည်း ရပ်ကြည့်နေရတဲ့ ပုံစံဖြစ်နေပါတယ်။ နေမာကို မီဒီယာတွေက မောက်မာလွန်းတဲ့သူလို့ အမည်တပ်ခဲ့ကြသလို နေမာရဲ့ ဘာစီလိုနာကို ကျောခိုင်းခဲ့တဲ့ အကြောင်းကို အစပြန်ကောက် ဖော်ပြနေကြပါတယ်။

နေမာဟာ ဘာစီလိုနာလို ထိပ်တန်းအသင်းကြီးက ထွက်ခွာလာတာက ငွေကြေးအပြင် မက်ဆီရဲ့ အရိပ်အောက်ကျရောက်နေတဲ့ အခြေအနေကို ဖယ်ရှားပစ်ချင်တာကြောင့်ဆိုပြီး နောက်ကြောင်းပြန်ကောက် အသားပေးဖော်ပြခဲ့ကြတာပါ။

ဒီတော့ ပြဿနာကြားထဲ အသင်းဥက္ကဋ္ဌ အယ်လ်ခီလိုင်ဖီကိုယ်တိုင်ဝင်လာပါတယ်။ အယ်လ်ခီလိုင်ဖီက ကာဗာနီအနေနဲ့ ပီအက်စ်ဂျီအသင်းရသမျှ ပင်နယ်တီတွေ ကန်သွင်းယူမှုကို နေမာဆီ လက်လွှဲပေးရင် ဆုကြေးငွေအဖြစ် ယူရိုတစ်သန်းပေးမယ်လို့ ကမ်းလှမ်းလိုက်ပါတယ်။ ဒါပေမယ့် ကာဗာနီကလည်း ငွေထက် သွင်းဂိုးတွေကိုသာ ပိုလိုချင်တယ်ဆိုပြီး အယ်လ်ခီလိုင်ဖီရဲ့ ငွေကြေးနဲ့ မျှားခေါ်မှုကို ငြင်းပယ်လိုက်တာကြောင့် ဘာတွေဖြစ်လာမလဲဆိုတာ ပိုပြီးစိတ်ဝင်စားစရာ ကောင်းလာပါတယ်။

နေမာဟာ ကာဗာနီနဲ့သာ အဆင်မပြေပေမယ့် လူငယ်တိုက်စစ်မှူးလေး မက်ပီနဲ့တော့ အတော်လေး အပေးအယူမျှတာကြောင့် သူတို့နှစ်ဦးကြား ကွင်းတွင်းချိတ်ဆက်မှုတွေကို စိတ်ချင်းဆက်နွယ်မှုတွေရှိနေတယ်လို့ ရေးသားမှုတွေလည်း မြင်တွေ့နေရပါတယ်။ ပီအက်စ်ဂျီကို နေမာနဲ့ မက်ပီတို့ တိုက်စစ်အတွဲရောက်လာပြီးနောက် ဒီမာရီယာ၊ ဒရက်ဇ်လာတို့လည်း အသင်းပြောင်းရဖို့ကိန်းဆိုက်ရောက်လာတာဖြစ်ပါတယ်။

အယ်လ်ခီလိုင်ဖီအနေနဲ့ ဒီလို နေမာဘက်ကို သိသိသာသာပါခဲ့တာကလည်း နေမာဟာ ခြေစွမ်းအရလည်း လက်ရှိ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးဖြစ်နေတာ ဈေးကွက်အရလည်း ပုံရိပ်မြင့်မားလွန်းတာစတဲ့ အခြေအနေတွေကြောင့်ပါ။ အယ်လ်ခီလိုင်ဖီအနေနဲ့ နေမာအတွက် ဘာစီလိုနာကို ကမ္ဘာ့စံချိန်တင်ကြေးအပြင် ငါးနှစ်စာချုပ်ချုပ်ဆိုနိုင်ဖို့ နောက်ထပ် ပေါင် ၃၁၇ သန်းအထိ ပေးချေဖို့ဆိုတဲ့ သဘောတူညီချက်တောင်ပေးထားသူပါ။ ဒါကြောင့် နေမာနဲ့ ကာဗာနီတို့ရဲ့ ပါဝါလွန်ဆွဲပွဲဟာ နေမာဘက်မှာ သိသိသာသာ အလေးသာနေတယ်ဆိုတာ ထင်ရှားပါတယ်။

မေလှဲ့သင်း-ရေးသားသည်။

မော်ရင်ဟိုနဲ့ ဂွါဒီယိုလာတို့ ဝင်းဂါးကို ဝိုင်းဝန်း ထိုးနှက်နေကြသလား

အာဆင်နယ်အသင်းက လာမယ့်နွေဈေးကွက်ရောက်ရင် ဆန်းချက်ဇ်၊ ဝီရှိုင်းယားတို့ကို ဆုံးရှုံးရဖို့ သေချာသလောက်ရှိနေချိန်မှာ အသင်းနဲ့ သက်တမ်းတိုးစာချုပ် လက်မှတ်ရေးထိုးခြင်းမရှိသေးတဲ့ အိုဇေးလ်ကိုလည်း လက်လွှတ်ခံရဖွယ်ရှိနေပြန်ပါတယ်။ မန်စီးတီးနည်းပြ ဂွါဒီယိုလာက မန်စီးတီးအသင်းကို ရောက်လာပြီး မရှေးမနှောင်းမှာပဲ ဘာစီလိုနာမှာ လက်တွဲခဲ့ဖူးတဲ့ ဆန်းချက်ဇ်ကို မျက်စိကျလာတာဖြစ်ပါတယ်။ အစပိုင်းတုန်းကတော့ သိုသိုဝှက်ဝှက်လုပ်ခဲ့ပေမယ့် နောက်ပိုင်းကျတော့ ပေါ်ပေါ်ထင်ထင်ကြီးကို ထုတ်ဖော်ပြောကြားခဲ့တာပါ။ ဂွါဒီယိုလာက သူ့အနေနဲ့ ဆန်းချက်ဇ်ကို ခေါ်ယူဖို့ ကြိုးပမ်းခဲ့တာကို ဝန်ခံခဲ့သလို အာဆင်နယ်က လီမာကို မရလို့ ဆန်းချက်ဇ်ကို ဆက်ထိန်းခဲ့တယ်ဆိုတာကို ဖွင့်ချခဲ့တယ်။ မန်စီးတီးဟာ ဆန်းချက်ဇ်ကို လာမယ့် ဇန်နဝါရီဈေးကွက်အတွင်း ပေါင်သန်း ၂၀ဆိုလောက်နဲ့ ရမယ်လို့ ယုံကြည်မှုအပြည့်ရှိနေတာဖြစ်ပါတယ်။

အာဆင်နယ်က တစ်နွေလုံးထွက်ခွာဖို့ ကြိုးပမ်းနေတဲ့ ဆန်းချက်ဇ်ကို စာချုပ်သစ်ချုပ်ဆိုဖို့ အမျိုးမျိုးနားချပေမယ့် ဘယ်လိုမှ မအောင်မြင်တဲ့အဆုံး လီမာကို ပေါင်သန်း ၉၀ ကျော်အထိ ဈေးပေးကမ်းလှမ်းခဲ့ပါတယ်။ ဒါပေမယ့် လီမာကလည်း ယူရိုပါလိဂ်သာ ကစားခွင့်ရမယ့် အာဆင်နယ်အသင်းဆီလာဖို့ စိတ်မဝင်စားတာကြောင့် ဆန်းချက်ဇ်ကိုဖြစ်တဲ့နည်းနဲ့ ထိန်းခဲ့တာဖြစ်ပါတယ်။ ဝင်းဂါးက ဆန်းချက်ဇ်ကိုလည်း နေရာသိပ်မပေးတော့ဘဲ ယူရိုပါလိဂ်နဲ့ လိဂ်ဖလားပွဲတွေလောက်သာ ထည့်သွင်းခဲ့ပြီး ဆန်းချက်ဇ်မပါတဲ့ အနာဂတ်ကို ကြိုတင်ပြင်ဆင်နေပါတယ်။

ဒီကာလအတွင်း စာချုပ်သစ် လက်မှတ်မရေးထိုးပေမယ့် အပြောင်းအရွှေ့သတင်းငြိမ်သက်နေတဲ့ အိုဇေးလ်ကလည်း မန်ယူနဲ့ တစ်ကျော့ပြန် သတင်းထွက်လာပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်ကာလတုန်းက မန်ယူနည်းပြ မော်ရင်ဟိုက အိုဇေးလ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်ဆိုတဲ့ သတင်းတွေကြောင့် အိုဇေးလ်ကို ဗန်ပါစီလက်သစ် ဖြစ်လာမလားလို့ အာဆင်နယ်ပရိသတ်တွေ စိုးရိမ်ခဲ့ကြပါသေးတယ်။ ဒါပေမယ့် အိုဇေးလ်က အာဆင်နယ်နဲ့ စာချုပ်သစ်လက်မှတ်မရေးထိုးရသေးတာက ဝင်းဂါးရဲ့ အနာဂတ်ကို ကွဲကွဲပြားပြား မသိသေးလို့သာဖြစ်ပြီး ဒီအကြောင်းကို ဝင်းဂါးလည်းပဲ သိပြီးသားဖြစ်တယ်လို့ အကြောင်းပြခဲ့ပါတယ်။ အက်ဖ်အေဖလားကို အာဆင်နယ် ဆွတ်ခူးအပြီးမှာတော့ နည်းပြ ဝင်းဂါးလည်း နှစ်နှစ်သက်တမ်းတိုးစာချုပ် လက်မှတ်ရေးထိုးလိုက်တာကြောင့် နည်းပြအပြောင်းအလဲ မဖြစ်တော့ဘူးဆိုတာ သေချာသွားခဲ့ပါတယ်။

နွေဈေးကွက်အတွင်း အိုဇေးလ်နဲ့အာဆင်နယ်တို့ စာချုပ်သစ်ကိစ္စ ညှိနှိုင်းလို့ရသွားပြီးဖြစ်ကာ အိုဇေးလ် လန်ဒန်ကို ပြန်ရောက်လာတာနဲ့ လက်မှတ်ရေးထိုးတော့မယ်လို့ သတင်းထွက်လာတာကြောင့် အာဆင်နယ်အနေနဲ့ လက်ရှိအင်အားထဲက ဆန်းချက်ဇ်တစ်ဦးသာ ဆုံးရှုံးဖွယ်ရှိတယ်လို့ယူဆခဲ့ကြပါတယ်။

ဒါပေမယ့် အာဆင်နယ်ကွင်းလယ်လူ ချိန်ဘာလိန်ဆိုင်းမဆင့် ဗုံမဆင့်လီဗာပူးကို ရောက်သွားပြီးနောက်မှာတော့ အာဆင်နယ်က ဘယ်ကစားသမားတွေ ပရီမီယာလိဂ်ပြိုင်ဘက်အသင်း တွေဆီရောက်လေဦးမလဲဆိုပြီး အာဆင်နယ်ပရိသတ်တွေ သောကဝေခဲ့ရပြန်ပါတယ်။ တကယ်တမ်းတွေးကြည့်ရင် မန်ယူ၊ မန်စီးတီးအသင်းတွေရဲ့ ကစားသမားစာရင်းက အာဆင်နယ်ထက်များစွာ တောင့်တင်းသလို ဆန်းချက်ဇ်၊ အိုဇေးလ်တို့လည်း အာဆင်နယ်မှာလို မရှိမဖြစ်အနေအထားမျိုးရဖို့ မလွယ်ပါဘူး။

ဒါပေမယ့် ပရီမီယာလိဂ်ထိပ်တန်းအသင်းကြီးတွေကလည်း လီဗာပူး၊ အဲဗာတန်၊ အာဆင်နယ်၊ စပါးတို့လို အသင်းတွေဆီက အဓိကကစားသမားတွေကို သူတို့အသင်းဆီ ခေါ်ယူတတ်တဲ့ အစဉ်အလာတွေလည်း မကြာခဏ မြင်တွေ့ခဲ့ရပြီးဖြစ်ပါတယ်။ တစ်ဖက်မှာလည်း အာဆင်နယ်ရဲ့ အပြောင်းအရွှေ့မူဝါဒ၊ ဝေးကွာလာတဲ့အောင်မြင်မှုတွေကြောင့် အသင်းရဲ့အဓိက ကစားသမားတွေကို ဆက်ထိန်းဖို့ ခက်လာချိန်မှာ ငွေကြေးအင်အားတောင့်တင်းလာတဲ့ မန်ယူ၊ မန်စီးတီးတို့လို အသင်းတွေက အာဆင်နယ်ရဲ့ အဓိက ကစားသမား နှစ်ဦးကို ခေါ်ယူဖို့ ကြိုးပမ်းလာတာကတော့ ဝင်းဂါးရဲ့ နှစ်နှစ်သက်တမ်းကို မအောင်မြင်နဲ့ ထွက်ခွာသွားအောင် လုပ်ဆောင်နေကြသလားဆိုတာ . . .

ဒုတိယတစ်ကိုယ်တော်ခွေကို ပြင်ဆင်နေတဲ့ ဝိုင်းလေး

အိပ်မက်ဆုံရာ အဆိုပြိုင်ပွဲမှတစ်ဆင့် ဂီတလောကထဲဝင်ရောက်ခဲ့သလို နိုင်ငံ့ဂုဏ်ဆောင် အလှမယ်တစ်ဦးဖြစ်တဲ့ ဝိုင်းလေးက ဒုတိယတစ်ကိုယ်တော်အယ်လ်ဘမ်ကို ယခုနှစ်ကုန်ပိုင်းလောက်မှာ ထွက်ရှိမယ်လို့ ပြောပါတယ်။

"ဝိုင်းလေးရဲ့ ဒုတိယတစ်ကိုယ်တော်ခွေကတော့ ဒီနှစ်ကုန်ပိုင်းလောက်မှာ ထွက်နိုင်ဖို့ မှန်းထားပါတယ်။ ဒီအခွေထဲမှာ ပါတဲ့သီချင်းတွေကတော့ ပထမအခွေနဲ့ တော်တော်လေးကွာခြားမှာပါ။ သီချင်းပုံစံလေးတွေကလည်း ဆန်းတယ်။ ညီမရဲ့ဆိုနေကျပုံစံလေးတွေ မဟုတ်တော့ဘူး။ အားလုံးကို ပြောင်းထားပါတယ်။ ပထမအခွေတုန်းက အဆွေးသီချင်းတွေ ပိုများပါတယ်။ ဒီအခွေမှာတော့ အဲလိုပုံစံတွေ မပါတော့ပါဘူး။ ညီမကိုယ်တိုင်ရေးထားတဲ့သီချင်းက ငါးပုဒ်လောက်ပါမယ်။ ပြီးတော့ အင်္ဂလိပ်သီချင်းလေးတစ်ပုဒ်လည်း ထည့်ဖို့ရှိပါတယ်။ ဒီအခွေလေးက ညီမ အချိန်သေချာယူပြီးတော့ လုပ်ထားတဲ့အခွေလေးပါ။ သီချင်းတစ်ပုဒ်ချင်းစီကို ဝိုင်းလေးစိတ်တိုင်းကျ ပြင်ဆင်ပြီးမှ ဒီအခွေထဲမှာထည့်သွားမှာပါ"လို့ ဝိုင်းလေးက ပြောပါတယ်။

ဝိုင်းလေးရဲ့ဒုတိယတစ်ကိုယ်တော်အခွေကို FOREVER GROUP မှ ထုတ်လုပ်ပေးသွားမှာဖြစ်ပြီး တေးဂီတထုတ်လုပ်သူအနေနဲ့လည်း တေးသံရှင် ကျားပေါက်က တာဝန်ယူဆောင်ရွက်ပေးသွားမယ်လို့ သိရပါတယ်။

ဂျပန်နိုင်ငံမှ အတုယူစရာတွေ ရခဲ့တယ်ဆိုတဲ့ ရန်အောင်

မြန်မာ-ဂျပန် ချစ်ကြည်ရေးအတွက် ဂျပန်နိုင်ငံတွင် "ဇာတိမြေ" ရုပ်ရှင်ဇာတ်ကားသွားရောက်ရိုက်ကူးခဲ့တဲ့ သရုပ်ဆောင် ရန်အောင်က ဂျပန်နိုင်ငံမှ အတုယူစရာတွေ အများကြီးရရှိခဲ့တယ်လို့ ပြောပါတယ်။

"ဂျပန်မှာ ရိုက်ကူးခဲ့ရတဲ့အတွက် အစ်ကိုတို့လည်း အတွေ့အကြုံသစ်တွေ အများကြီး ရရှိခဲ့ပါတယ်။ သူတို့က ဘာလုပ်လုပ် တိတိကျကျလုပ်တတ်ပြီး စည်းကမ်းလည်းရှိတယ်။ အလုပ်တစ်ခုလုပ်ရင်လည်း မပြီးမချင်း ဇွဲနဲ့လုပ်တတ်ကြတယ်။ လူလူချင်းလည်း လေးစားတတ်ကြတယ်။ ရိုက်ကွင်းကို သရုပ်ဆောင်အသစ် လာရိုက်ရင်လည်း ဇာတ်ကားမှာပါဝင်တဲ့ လူတွေအကုန်လုံးနဲ့ တာဝန်ရှိတဲ့လူက မိတ်ဆက်ပေးတယ်။ ဒီဇာတ်ကားမှာ ပါဝင်ရမယ့် ဇာတ်ရုပ်နေရာနဲ့နာမည်ကို မိတ်ဆက်ပေးတယ်။ အားလုံးကလည်း အဲဒီသရုပ်ဆောင်အသစ်ကို လက်ခုပ်တီးပြီး ကြိုဆိုကြတယ်။

"သရုပ်ဆောင်အသစ်က ဇာတ်ဝင်ခန်းတွေရိုက်ပြီးလို့ ပြန်မယ်ဆိုရင်လည်း ရိုက်ကွင်းမှာရှိနေတဲ့လူအားလုံးကို နှုတ်ဆက်ပြီးမှ ပြန်တယ်။ အစ်ကိုက အဲလိုအပြုအမူလေးတွေကို အစ်ကိုတို့နိုင်ငံမှာလည်း ရှိစေချင်တယ်။ အစ်ကိုတို့ဆီမှာဆိုရင် လာရိုက်တဲ့ သရုပ်ဆောင်အသစ်လေးတွေဆိုရင် ဘယ်သူနဲ့မှလည်း သိခွင့်မရလိုက်ရဘူး။ အသိအမှတ်ပြုခြင်းလည်း မခံရဘူး။ အသိအမှတ်ပြုခြင်းဆိုတာ အသိအမှတ်ပြုခံရတဲ့ လူအတွက်လည်း ခွန်အားဖြစ်စေသလို တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးမှုလည်း ပိုပြီးရရှိစေပါတယ်။ အမှန်အတိုင်းပြောရရင် အစ်ကို့အနေနဲ့ကတော့ ဂျပန်နိုင်ငံကနေ အတုယူစရာတွေ အများကြီးရရှိခဲ့ပါတယ်"လို့ ရန်အောင်က ပြောပါတယ်။

ဂျပန်ပြန်ကြားရေးဌာန NHK နဲ့ မြန်မာနိုင်ငံတို့ ဖက်စပ်ရိုက်ကူးထားတဲ့ ဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားကြတဲ့ အနုပညာရှင်များကတော့ ရန်အောင်၊ အောင်ရဲလင်း၊ ဂျပန်အဆိုတော် မိုရီဆာကီဝင်း၊ ဝတ်မှုန်ရွှေရည်နဲ့ အခြားအနုပညာရှင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားကြပြီး ဒါရိုက်တာအနေနဲ့ ကြည်ဖြူသျှင်က တာဝန်ယူရိုက်ကူးထားတယ်လို့ သိရပါတယ်။

မေနန်းဆီ
စုစည်းသည်

သားစိုး ၏ ရသရှုး စီးရီးကို ဇန်နဝါရီလအတွင်း ဖြန့်ချိသွားမည်

တေးသံရှင် သားစိုးရဲ့ တေးစီးရီးအသစ်ဖြစ်တဲ့ "ရသရှုး"တေးစီးရီးကို လာမယ့်နှစ် နှစ်ဆန်းပိုင်းမှာ ဖြန့်ချိသွားမယ်လို့ သားစိုးက ပြောပါတယ်။

"ကျွန်တော် ဒီအယ်လ်ဘမ်ကို လုပ်နေတာတော့ တော်တော်ကြာနေပါပြီ။ စိတ်တိုင်းမကျမချင်း ပြန်ပြင်နေရတဲ့အတွက် အချိန်တွေကြာသွားတာပါ။ ဒီခွေထဲမှာတော့ ရောသမမွှေအခွေတုန်းက နာမည်ကြီးခဲ့တဲ့ သီချင်းငါးပုဒ်ပါမယ်။ ပြီးတော့ ကျွန်တော့်ရဲ့ အင်္ဂလိပ်သီချင်းအသစ် လေးပုဒ်ပါမယ်။ ဂီတပုံစံကတော့ ဂျပန်တီးလုံးနဲ့ မြန်မာသံတီးလုံးနှစ်ခုကို ရောသမမွှေထားတာပါ။ ဂျပန်လိုဆိုထားတာမဟုတ်ပေမယ့် ဂျပန်တေးဂီတနဲ့အတူ ကျွန်တော်က အင်္ဂလိပ်လိုဆိုထားတာပါ။ ရသရှုး (Rattharu)ဆိုတဲ့အဓိပ္ပာယ်က ဂျပန် ဘန်းစကားပါ။ မြန်မာလိုတော့ "အဆင်ပြေလား၊ ဘယ်လိုနေလဲ" လို့ အဓိပ္ပာယ်ရပါတယ်။ ဒီစီးရီးကိုတော့ ဇန်နဝါရီလဆန်းမှာ ဖြန့်ချိဖို့မှန်းထားပါတယ်"လို့ သားစိုးက ပြောပါတယ်။

ရသရှုးစီးရီးကို ဂျပန်နိုင်ငံတွင် စတင်ဖြန့်ချိသွားမည်ဖြစ်ပြီး ယင်းမှတစ်ဆင့် နိုင်ငံတကာအထိပါ ဖြန့်ချိသွားမည်ဖြစ်ကာ တေးသံရှင် မိုးမိုးနဲ့တွဲဖက်၍လည်း "ချစ်စရာလေး"အမည်ရှိ တေးစီးရီးကို ထွက်ရှိနိုင်ရန် ပြင်ဆင်နေကြောင်း သားစိုးက ပြောပါတယ်။



လက်ထပ်တော့မယ်လို့ သတင်းတွေထွက်နေတဲ့ Game of Thrones သရုပ်ဆောင်များ

ဟောလိဝုဒ်ရဲ့ နာမည်ကျော်ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "Game of Thrones"ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ကြတဲ့ မင်းသား ကစ်ထ်ဟာရင်တန်နဲ့ မင်းသမီး ရို့စ်လက်စ်လီတို့ဟာ လတ်တလောမှာတော့ လက်ထပ်ဖို့အတွက် စဉ်းစားနေပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာတယ်လို့ မစ်ရာဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယင်းဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ဂျွန်စနိုးအဖြစ် ပင်တိုင်ပါဝင်ထားတဲ့ ကစ်ထ်ဟာရင်တန်နဲ့ ယင်းရုပ်ရှင်မှာပဲ ဂျွန်စနိုးရဲ့ချစ်သူ ဝိုင်းဒင်းဂရစ်တီအဖြစ်ပါဝင်ထားတဲ့ ရို့စ်လက်စ်လီတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း ချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့ကြတာဖြစ်ပြီး ဒီလို ချစ်သူသက်တမ်း လေးနှစ်ကျော်ကြာခဲ့ပြီးနောက်မှာတော့ နှစ်ဦးသားလက်ထပ်ဖို့အတွက် စဉ်းစားလာတာဖြစ်ကြောင်းလည်း သိရပါတယ်။

လတ်တလောမှာတော့ အသက်(၃၀)အရွယ်ရှိကြပြီဖြစ်တဲ့ သူတို့နှစ်ဦးစလုံးဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း စတင်လက်တွဲခဲ့ကြပေမယ့် နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး အတော်လေးလျှို့ဝှက်တာကိုလည်း တွေ့ရပါတယ်။ ချစ်သူတွေဖြစ်ပြီးနောက် အတူတွဲမတွေ့ရဘဲ ပြီးခဲ့တဲ့နှစ်အတွင်းကမှ နှစ်ဦးသားလက်တွဲကာ အများရှေ့မှောက် ပထမဆုံးအကြိမ်အဖြစ် တရားဝင်ပေါ်ထွက်လာခဲ့တာလည်း ဖြစ်ပါတယ်။ ယခုနှစ် ဇန်နဝါရီအတွင်းမှာတော့ ပေါင် ၁ ဒသမ ၇၅ သန်းတန်တဲ့ နေအိမ်မှာ အတူပြောင်းရွှေ့နေထိုင်ခဲ့ကြတာဖြစ်ပြီး စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေလည်း စတင်ပေါ်ထွက်လာခဲ့ပါတယ်။

ကစ်ထ်ဟာရင်တန်အနေနဲ့ ရို့စ်ကို လက်ထပ်ဖို့ဆုံးဖြတ်ထားခဲ့ပြီးဖြစ်ကာ သူတို့အတွက် နေအိမ်နဲ့ အခြေတကျဖြစ်ဖို့ကို ဦးစွာကြိုးစားတည်ဆောက်သွားလိုတာဖြစ်တယ်လို့ အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။

ဥရောပပရိသတ်တွေအတွက် ပြောင်းလဲခဲ့တဲ့ G-Dragon

တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG"မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ G-Dragon ဟာ လတ်တလောမှာတော့ နယ်လှည့်ဖျော်ဖြေပွဲတွေပြုလုပ်နေတာဖြစ်ပြီး နောက်ဆုံးဖျော်ဖြေခဲ့တဲ့ပွဲကတော့ ဥရောပပွဲစဉ်တွေအနက် တစ်ပွဲအဖြစ် လန်ဒန်မှာ ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲဖြစ်ပါတယ်။ ယင်းဖျော်ဖြေပွဲမှာတော့ ပေါ့ပ်ကြယ်ပွင့်ဟာ ဥရောပမှာရှိတဲ့ သူ့ရဲ့ပရိသတ်တွေအတွက် ထူးခြားမှုတွေပေးလိုတာကြောင့် သူ့ရဲ့ဆံပင်ပုံစံကို လုံးဝပြောင်းလဲခဲ့တာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အစောပိုင်းမှာတော့ G-Dragon ဟာ သူ့ရဲ့ဆံပင်တွေကို လုံအောင်ဖုံးကွယ်ထားကာ သွားလာခဲ့တာကိုတွေ့ရပါတယ်။ ဒါပေမယ့် သူ့ရဲ့မျက်ခုံးအရောင်ကတော့ အနီရောင်သန်းနေတာကိုလည်း တွေ့ခဲ့ရပါတယ်။ ဒါကြောင့် သူ့ရဲ့ပရိသတ်တွေက G-Dragon ရဲ့ ဆံပင်ပုံစံသစ်ကို အထူးစိတ်ဝင်စားနေကြတာဖြစ်ပြီး အဲဒီအချိန်မှာပဲ ပေါ့ပ်ကြယ်ပွင့်က သူ့ရဲ့ဆံပင်ပုံစံသစ်နဲ့ရိုက်ထားတဲ့ဓာတ်ပုံတွေကို လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် အဆိုပါဓာတ်ပုံတွေမှာ အထူးပြုလုပ်ချက်တွေကြောင့် ဆံပင်အရောင်ဟာ အနီရောင်လား၊ နီညိုရောင်လား မကွဲပြားတာကိုလည်း တွေ့ရပါတယ်။

အဲဒီနောက်မှာတော့ G-Dragon ကို ဥရောပနယ်လှည့်ဖျော်ဖြေပွဲတွေကို ပြုလုပ်ရာမှာ ဆံပင်ပုံစံသစ်နဲ့တွေ့လိုက်ရတာပဲ ဖြစ်ပါတယ်။ ပေါ့ပ်ကြယ်ပွင့်ဟာ "M. O. T. T. E"လို့အမည်ပေးထားတဲ့ သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲခရီးစဉ်တွေအနက် လန်ဒန်မှာစတင်ခဲ့တဲ့ ဥရောပခရီးစဉ်မှာတော့ ဆံပင်ကို အနီရောင်ရဲရဲဆိုးထားတာကို တွေ့လိုက်ရပါတယ်။ သူ့ရဲ့ဆံပင်အရောင်ဟာ ယင်းနယ်လှည့်ဖျော်ဖြေပွဲတွေအတွက် ရည်ရွယ်အထူးပြုထားတဲ့ အရောင်နဲ့လည်း ကိုက်ညီမှုရှိပြီး ဒီလိုဆံပင်အနီရောင်ကိုဆိုးခဲ့တာ ပေါ့ပ်ကြယ်ပွင့်အတွက်တော့ နှစ်ပေါင်းများစွာကြာခဲ့ပြီးမှ ယခုလိုပြန်လည်ဆိုးခဲ့တာလည်း ဖြစ်ပါတယ်။ ဒီလိုထူးခြားတဲ့ ဆံပင်အရောင်ကိုဆိုးခဲ့ကာ သူ့ရဲ့ပုံစံကို လုံးဝပြောင်းလဲလိုက်ခြင်းဖြင့် ဥရောပပရိသတ်တွေအတွက် သူ့ရဲ့သီးခြားပုံစံကို ထုတ်ဖော်ပြသဖျော်ဖြေပေးခဲ့တာဖြစ်ပါတယ်။ ဒီလိုဥရောပပရိသတ်တွေအတွက် ထူးခြားမှုတွေ ပေးခဲ့ရတဲ့အပေါ်မှာလည်း သူ့အနေနဲ့ အတော်လေးကို ကျေနပ်ပျော်ရွှင်နေပုံလည်းရပါတယ်။

အေးပြည့် - စုစည်းသည်

ဂျိုအင်ဆောင်ရဲ့ ရုပ်ရှင်သစ်ကို ဘူဆန်ရုပ်ရှင်ပွဲတော်တွင် ပြသသွားမည်

